ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၄ ရက် စနေနေ့။ Saturday, 29 April 2017 (၈၉၀၉)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာလင်မြို့အတွင်းရှိ အထင်ကရနေရာများကို လေ့လာကြည့်ရှု

စာမျက်နှာ - ၅

ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

စာမျက်နှာ - ၇

နိုင်ငံတော်အစိုးရ၏ ပထမ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာ ရှင်းလင်းပွဲ ကျင်းပ

စာမျက်နှာ - ၈

ငွေကျပ် ၅၀၀ တန်ထီ မေ ၁ ရက် ဖွင့်မည်

စာမျက်နှာ - ၁၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်များရက်လုပ်သည့် ရက်ကန်းသရုပ်ပြပွဲကို လေ့လာကြည့်ရှုစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိ

**မနီလာ ဧပြီ ၂၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဧပြီ ၂၉ ရက်တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မနီလာမြို့သို့ရောက်ရှိကြရာ ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီး Ms.Paulyn Jean B.Russel Ubial၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ကြိုတင်ရောက်ရှိနေသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမြတ်နှင့် တာဝန်ရှိသူများက Nino Aquino အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Manila Diamond Hotel သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻

# မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှ ချေးငွေထုတ်ပေးမည်

**ဝါရှင်တန် ဧပြီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ စီမံခန့်ခွဲရာတွင် အဆင်ပြေမှုများရှိစေရန်နှင့် ကဏ္ဍစုံအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအစိုးရအား အမေရိကန်ဒေါ်လာ သန်း၂၀၀ ချေးယူရန် ဧပြီ ၂၇ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။

ယခုချေးငွေသည် ဝင်ငွေနည်းပါးသည့်တိုင်းပြည်များအတွက် ရည်ရွယ်သည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့ (International Development Association) ကပေးအပ်သည့်ချေးငွေဖြစ်ပြီး ချေးငွေသက်တမ်းမှာ ၃၈ နှစ်ဖြစ်ကာ၊ ခြောက်နှစ်ဆိုင်းငံ့ကာလ ရရှိမည်ဖြစ်ပြီး အတိုးမဲ့ချေးငွေအမျိုးအစားဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒလုပ်ငန်းစဉ်ချေးငွေသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။

ယခုချေးငွေသည် မြန်မာနိုင်ငံလက်ရှိရင်ဆိုင်နေရသည့် ငွေကြေးဖောင်းပွမှုများ၊ ပြည်သူ့ကြွေးမြီခံနိုင်ရည်ရှိမှုနှင့် အစိုးရ၏အသုံးစရိတ်အပါအဝင် အခွန်ကောက်ခံမှုလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါချေးငွေနှင့်ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို

စာမျက်နှာ ၁၁ ကော်လံ ၂ သို့ ✻



ကြေးမုံ

# သားကောင်းရတနာများပေါ်ထွန်းလာရေး

ပြည်သူ့နီတိဆိုသည်မှာ ပြည်သူများ လိုက်နာကျင့်ကြံအားထုတ်အပ်သည့် အမူအကျင့်များဖြစ်သည်။ ပြည်သူ့နီတိကို သင်ကြားဖြန့်ဝေပေးမှ လိုက်နာကျင့်သုံးတတ်သဖြင့် ပြည်သူ့နီတိသင်ကြားရေးကို ရှေးဦးကာလက ဘုန်းတော်ကြီးသင်ကျောင်းများ၊ အခြေခံပညာကျောင်းများတွင် အလေးထားသင်ကြားပေးခဲ့သည်။ ပြည်သူ့နီတိကို သင်ကြားပေးသည်ဆိုရာ၌ အရွယ်ရောက်ပြီးသူများအတွက် အလုပ်မဖြစ်နိုင်ဘဲ အသိအမြင်နုနယ်သေးသော ကလေးသူငယ်အရွယ်များကို သင်ကြားပေးခြင်းသည်သာ ထိရောက်အောင်မြင်မှုရှိနိုင်ပေသည်။

လွန်ခဲ့သည့် နှစ်(၃၀)မတိုင်မီက အခြေခံပညာမူလတန်းကျောင်းများတွင် ကလေးသူငယ်များအား ပြည်သူ့နီတိကို သင်ကြားပေးခဲ့ရာ ကလေးသူငယ်များ၏ အတွေးအမြင်များတွင် စွဲထင်စေပြီး ထိုကလေးသူငယ်များ အရွယ်ရောက်သောအခါ ယဉ်ကျေးသော၊ လူမှုကျင့်ဝတ်ကို နားလည်သော ပြည်သူများဖြစ်လာခဲ့သည်။ ထိုကာလနောက်ပိုင်းတွင်မူ ပြည်သူ့နီတိကို သင်ကြားပေးခြင်းမရှိတော့ရာ ယခုကာလလူငယ်လူရွယ်အများစုတွင် ယဉ်ကျေးသောအပြုအမူ၊ လူမှုကျင့်ဝတ်ကို နားလည်သောအသိ နည်းပါးသွားသည်ကို တွေ့ရသည်။

ပြည်သူ့နီတိဆိုသည်မှာ လူမှုပတ်ဝန်းကျင်တွင် လူအများလိုက်နာကျင့်သုံးအပ်သည့် လူအချင်းချင်း ဆက်ဆံမှုကျင့်ဝတ်၊ လူနှင့်ပတ်ဝန်းကျင်ပြုမူနေထိုင်မှု အလေ့အထ စသည်တို့ဖြစ်သည်။ ဆိုလိုရင်းမှာ လူတို့လိုက်နာကျင့်သုံးအပ်သည့် ကောင်းမွန်သော အသိစိတ်ဓာတ်ဖြစ်သည်။ အမြင်မတော်လျှင် ဆောင်ရွက်လိုစိတ်၊ သက်ကြီးရွယ်အိုများနှင့်လေးစားရိုသေထိုက်သူများ၊ အားနည်းချို့တဲ့သူများအပေါ်တွင် ပြုမူကျင့်ကြံရမည့် အပြုအမူနှင့် စိတ်ဓာတ်တို့ဖြစ်သည်။

နိုင်ငံကို ပြုပြင်ပြောင်းလဲရာတွင် စိတ်ဓာတ်ပြောင်းလဲရေးသည် အရေးကြီးသဖြင့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များအတွက် စိတ်ဓာတ်ပြောင်းလဲရေးတွင် အရေးကြီးသည့် လူမှုဘဝလိုက်နာကျင့်ကြံရေးကို အရေးကြီးသောကိစ္စရပ်အဖြစ် သတ်မှတ်ပြီး ကလေးသူငယ်များအရွယ်အားလုံး သိရှိအကျွမ်းဝင်ရေးအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တစ်ချိန်သောကာလက ဆရာဦးအုန်းမောင်ရေးသားသော ပြည်သူ့နီတိဘာသာရပ်မှ အခန်းတစ်ခန်းချင်းကို ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ နားလည်သဘောပေါက်အောင် ဥပမာ၊ ဥပမေယျများဖြင့် နားလည်သဘောပေါက်အောင် သင်ကြားပြသပေးနိုင်ပေသည်။ လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်နိုင်အောင် သင်ကြားပြသပေးမှုများကြောင့် အရွယ်ရောက်လာသော လူအများအဖို့ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေနိုင်သော အပြုအမူများရရှိသည့် အကျိုးကျေးဇူးမှာ အနာဂတ်လူ့ဘောင်လောကအတွက် အကျိုးများလှပေသည်။

နိုင်ငံတကာ ဘာသာရပ်များတွင်လည်း ပြည်သူ့နီတိဘာသာရပ်များကို တိုင်းပြည်နှင့်လူမျိုးအတွက် အပိုဘာသာရပ်များဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကာလများအထိ ပြည်သူ့နီတိဘာသာရပ်များကို သင်ကြားပို့ချပေးနိုင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ် ကာလများအထိ အရွယ်ရောက်သူများတွင် လူမှုကျင့်ဝတ်နှုန်းစံများကို နားလည်သဘောပေါက်ခဲ့သည်ကို တွေ့ရပေသည်။

သို့သော် ပြည်သူ့နီတိဘာသာရပ်များနှင့် တစ်စတစ်စ ကင်းကွာလာသောကြောင့် အမုန်းတရားများ၊ ယဉ်ကျေးသိမ်မွေ့မှုများ ကင်းကွာလာသည်ကို လက်တွေ့မြင်တွေ့လာကြရသည်။ စည်းကမ်းကလနားများနှင့် လူမှုကျင့်ဝတ်နှုန်းစံများ လျော့ပါးလာမှုများကြောင့် ယနေ့မျက်မှောက်ကာလများတွင် လူမှုဘဝပတ်ဝန်းကျင်တွင် စိတ်မချမ်းမြေ့ဖွယ် အပြုအမူများ တိုးပွားလာသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ့သားကောင်းရတနာများ ထွန်းပေါက်လာရေးအတွက် ပြည်သူ့နီတိစာမေးပွဲများ၊ ပြည်သူ့နီတိဆိုင်ရာ အလေ့အထကောင်းများကို ပြန်လည်အသက်သွင်း လေ့ကျင့်ပျိုးထောင်ပေးမှုများအား ကြိုဆိုကြရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ရန်ကုန်မြို့တော်ဝန်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်သူ့နီတိစာမေးပွဲများ ကျင်းပပေးတော့မည်ဟု သိရှိရပေရာ နိုင်ငံအတွင်း တိမ်ကောပျောက်ကွယ်လုဖြစ်နေသော လူမှုဘဝယဉ်ကျေးမှုနှုန်းစံများ ပြန်လည်ထွန်းကားလာရေး ကောင်းမွန်သောလုပ်ငန်းစဉ်များအတွက် ဝိုင်းဝန်းပါဝင်ကြိုဆိုထောက်ခံအားပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ ယဉ်ကျေးမှုအစဉ်အလာမြင့်မားသော နိုင်ငံတွင် တိမ်ကောပျောက်ကွယ်လာပြီဖြစ်သော ပြည်သူ့နီတိနှုန်းစံများ ပြန်လည်မြင့်မားလာရေး သင်ကြားပြသ မျှဝေပေးနိုင်ရေးကို မိဘအုပ်ထိန်းသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆရာ ဆရာမများအားလုံးက မြှင့်တင်ဆောင်ရွက်ပေးသွားကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ ॥

# တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်း

**နေပြည်တော် မေ ၂၈**



ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိပြီး ယုံကြည်စိတ်ချရသည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ပါဝင်တက်ရောက်သူအားလုံးအနေဖြင့် ရှုထောင့်ပေါင်းစုံမှ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖြစ်ကြောင်း မေ ၂၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသော တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများသည် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေကြောင်း၊ လက်တွေ့ကျသည့် တိုင်းရင်းဆေးသုတေသနများကို ယခုထက်ပိုမိုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သုတေသနမရှိဘဲ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်လာမည်မဟုတ်ကြောင်း၊ တိုင်းရင်းဆေးပညာအတွက် လိုအပ်သော တိုင်းရင်းဆေးသမားကောင်းများပေါ်ထွက်လာစေရန် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေး တက္ကသိုလ်၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်များကလည်း ပံ့ပိုးပေးရန် လိုအပ်ကြောင်း။

တိုင်းရင်းဆေးဥပဒေကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာတွင် ပြည်တွင်းသုံးစွဲမှုကို အဓိကထား၍ စစ်မှန်သောဆေးဝါးများရရှိရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးများထုတ်လုပ်သည့်အခါ တိုင်းရင်းဆေးဝါးဆိုင်ရာ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များ၊ မှတ်ပုံတင်ရရှိသူများ လိုက်နာရမည့်အချက်များ၊ အမှတ်တံဆိပ်ပြုလုပ်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ၊ တိုင်းရင်းဆေးဝါးများ ကြော်ငြာခြင်းများ၊ ဆေးအမည်ခေါ်ဝေါ်သုံးစွဲမှုများ၊ ဆေးတစ်ဖုံတွင်ပါဝင်သော ဆေးပစ္စည်းများတွင် ပါဝင်သောအလေးချိန်၊ အခြင်အတွယ်ဆိုင်ရာများ၊ ပါဝင်မှုရာခိုင်နှုန်းအရ သတ်မှတ်ကန့်သတ်ထားသောဆေးပစ္စည်းများ၊ Heavy Metal ပစ္စည်းများ၊ သုဒ္ဓိပြုရန်လိုအပ်သောဆေးပစ္စည်းများ၊ သုံးစွဲနိုင်သောရောဂါများ စသည်တို့ကို သတ်မှတ်ထားသည့် စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ဆေးဝါး၊ ဥယျာဉ်)နှင့် တာဝန်ရှိသူများက တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း၊ တိုင်းရင်းဆေးဝါး ကြီးကြပ်သူခန့်ထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း၊ တိုင်းရင်းဆေးဝါးများဆိုင်ရာ အစဉ်အလာသတ်မှတ်ချက်များ၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းနှင့် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရာတွင် တွေ့ရှိရသည့်လိုအပ်သော အချက်များ၊ တိုင်းရင်းဆေးဝါး ဓာတ်ခွဲစစ်ဆေးခြင်း၊ တိုင်းရင်းဆေးဝါး ကြော်ငြာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များက သိရှိလိုသော အချက်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် မေ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာ့လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်ကြက်ခြေနီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏကျော်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်အေးက မြန်မာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ (အလုပ်ရုံ) ဒေါ်ယမင်းကို၊ မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝေ၊ မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ကို၊ Myanmar Lighting (IPP) Co.,Ltd. အလုပ်သမား ကိုယ်စားလှယ် ဦးရာဇာအောင်မျိုး (Electrical Engineer)၊ သံလွင်အေး ငါးအအေးခန်းလုပ်ငန်း မန်နေဂျာ ဦးဝင်းထွန်းတို့က လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများကို အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး မွန်ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မင်းထက်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၈**

ရန်ကုန်(ရွှေဈေး) ၉၀၇၀၀၀ - ၉၀၇၀၀၀ မန္တလေး(ရွှေဈေး) ၉၀၇၀၀၀ - ၉၀၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၆၈ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၆. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၈၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၂၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၁. ၉၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၈၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၂၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၃. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂. ၅၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုမေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် မေ ၂၈**
ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၂၉ ရက်တွင်ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မေ ၂၉ ရက်တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနား၊ အကြိမ်(၃၀) မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီနှင့် သီးသန့်အစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်မည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အကြိမ်(၃၀) မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပမည့် အာဆီယံနိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များညီလာခံ၏ ကိုယ်စားလှယ်များတွေ့ဆုံပွဲ၊ အာဆီယံနိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံလူငယ်များကိုယ်စားလှယ်များ တွေ့ဆုံပွဲများသို့ တက်ရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**



**အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာမည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Nguyen Xuan Phuc တို့ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**✱ ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိကြပြီး နာနတ်နှင့် ငှက်ပျောမျှင်တို့ဖြင့် ဖိလစ်ပိုင်ရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်များ ရက်လုပ်သည့် ရက်ကန်းသရုပ်ပြပွဲသို့ လေ့လာကြည့်ရှုသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Nguyen Xuan Phuc တို့သည် ခေတ္တတည်းခိုမည့် Manila Diamond Hotel ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ နှစ်နိုင်ငံဆက်ဆံရေးအဆင့်မြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးချဲ့သွားရေး၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ္တတည်းခိုမည့် Manila Diamond Hotel ၌ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံသည်။

**(သတင်းစဉ်)**

### မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

### ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မေ ၂၈**
ဧရာဝတီမြစ်ရေသည် မေ ၂၅ ရက်မှ ၂၇ ရက်အတွင်း မြစ်ကြီးနားမြို့၌ ၁၀ ပေခန့် မြင့်တက်ခဲ့ပြီး မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ လေးပေခန့် ပြန်လည်ကျဆင်းခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် မေ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်အတွင်း ခုနစ်ပေခွဲမှ ကိုးပေခန့်၊ တစ်ရက်အတွင်း သပိတ်ကျင်းမြို့တွင် သုံးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်ခန့်စီ အသီးသီး မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း ရွှေကူမြို့တွင် နှစ်ပေခန့်၊ နောက်တစ်ရက်မှ ငါးရက်အတွင်း ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ခြောက်ပေခန့် နောက် နှစ်ရက်မှ ၁၀ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သဖြင့် မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများ မြစ်ရေမြင့်တက်လာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**



# ဒုံးခွင်းဒုံးများဖြန့်ကြက်ထားရှိမှုအပေါ် ငွေကြေးတောင်းခံသည့်အတွက် သမ္မတထရန့်နှင့် တောင်ကိုရီးယားပြည်သူများအကြား အနည်းငယ်တင်းမာမှုရှိ

**ဆိုးလ် မေ ၂၈**

မကြာသေးမီက တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်၏ ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ရပ်ဖြန့်ကြက်ခဲ့မှုနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က တောင်ကိုရီးယားနိုင်ငံအား ငွေကြေးတောင်းခံမှုများပြုလုပ်ခဲ့သည့်အတွက် တောင်ကိုရီးယားပြည်သူများနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်တို့အကြား တင်းမာမှုအနည်းငယ်ရှိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်ပြီး တင်းမာမှုများရှိနေချိန်တွင် အမေရိကန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံအတွင်း THAAD ဒုံးလက်နက် ကာကွယ်ရေးစနစ်တစ်ရပ်ကို မကြာသေးမီက ဖြန့်ကြက်ခဲ့သည်။

မေ ၂၇ ရက်တွင် သမ္မတ ဒေါ်နယ်လ်ထရန့်က ရိုက်တာသတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ၎င်းအနေဖြင့် တောင်ကိုရီးယားနိုင်ငံအား ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ခန့်မှန်းခြေဒေါ်လာ တစ်ဘီလီယံခန့် ပေးချေစေလိုကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက သမ္မတထရန့်၏ ပြောကြားချက်နှင့် ပတ်သက်ပြီး ပြန်လည်ချေပပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် THAAD ဒုံးလက်နက် ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုအတွက် မြေနေရာပေးထားပြီးဖြစ်ကြောင်းနှင့် ယင်းစနစ်ထားရှိခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အတွက် အမေရိကန်နိုင်ငံတွင် တာဝန်ရှိကြောင်းကို နှစ်နိုင်ငံသဘောတူညီမှုလက်မှတ်ရေးထိုးထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

ဒုံးခွင်းဒုံးများ ဖြန့်ကြက်ထားရှိမှုအတွက် ငွေပေးချေခြင်းနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကျင်းပပြီးသည့်အချိန်မှသာ ဆက်လက်ဆွေးနွေးစေလိုကြောင်း၊ ယခုအချိန်တွင် ယာယီဆိုင်းငံ့ထားစေချင်ကြောင်း တောင်ကိုရီးယားရွေးကောက်ပွဲတွင် ရေပန်းစားလျက်ရှိသည့် မွန်းဂျေအင်၏ ရုံးအဖွဲ့က မှတ်ချက်ပြုပြောကြားခဲ့သည်။ ယင်းကိစ္စရပ်နှင့် ပတ်သက်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရမည့် အစိုးရအဖွဲ့က ဆုံးဖြတ်ပေးသင့်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

နှစ်နိုင်ငံသဘောတူညီခဲ့သည့်အတိုင်း အမေရိကန်နိုင်ငံကသာ ဒုံးခွင်းဒုံးများဖြန့်ကြက်မှုနှင့်ပတ်သက်ပြီး ငွေကြေးကျခံရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း အန်ချယ်ရီယိုဆိုး၏ပါတီက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# အမေရိကန်၏ကာကွယ်ရေးထီးရိပ်အောက်၌ ခိုလှုံသော်လည်း ဆော်ဒီက ကုန်ကျစရိတ်မျှဝေကျခံခြင်းမရှိဟု ထရန့်ဝေဖန်

**ဝါရှင်တန် မေ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံအား ကာကွယ်ရေးအတွက် အမေရိကန်က ငွေကြေးအမြောက်အမြားကို ပုံအောသုံးစွဲခဲ့ရသော်လည်း ယင်းနိုင်ငံက မိမိ၏နိုင်ငံအပေါ် သင့်တင့်လျောက်ပတ်စွာ ပြုမူတုံ့ပြန်ခြင်းမရှိကြောင်း၊ ကာကွယ်ရေးကုန်ကျစရိတ်အတွက် မျှဝေကျခံခြင်းမရှိကြောင်း သမ္မတ ဒေါ်နယ်လ်ထရန့်က ဝေဖန်ပြောကြားလိုက်သည်။

ထိုစဉ်အတွင်း သမ္မတထရန့်က ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့သို့ မေလဒုတိယလဝက်ကာလအတွင်း သွားရောက်ဖွယ်ရှိသည်ဟု ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။ ထရန့်သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်၌ မေ ၂၅ ရက်တွင် ပြုလုပ်မည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်ရှိပြီး ယင်းခရီးစဉ်နှင့်အတူ အခြားနိုင်ငံများသို့ ဆက်လက်သွားရောက်ဖွယ်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံအား ကာကွယ်ပေးနိုင်ရန် ငွေကြေးအမြောက်အမြားသုံးစွဲနေသော်လည်း ယင်းနိုင်ငံက သင့်တင့်လျောက်ပတ်စွာ ပြုမူဆက်ဆံခြင်းမရှိကြောင်း ထရန့်က လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ထရန့်သည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလကလည်း အလားတူ ဝေဖန်ပြောကြားမှုပြုလုပ်ခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်၏ လုံခြုံရေးထီးရိပ်အောက်တွင် ခိုလှုံနေသော်လည်း ကာကွယ်ရေး အသုံးစရိတ်အတွက် မျှဝေကျခံခြင်းမရှိဟု ထရန့်က မဲဆွယ်စည်းရုံးရေးကာလက ပြောကြားခဲ့သည်။

**ရိုက်တာ။**





# အာကာသအတွင်း လောင်စာဆီ ပြန်လည်ဖြည့်တင်းမှု တရုတ်နိုင်ငံ စမ်းသပ်ချက်အောင်မြင်

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ထျင်ကျိူး-၁ ကုန်တင်အာကာသယာဉ်နှင့် တိန်ကောင်-၂ အာကာသ သုတေသနစခန်းယာဉ်တို့သည် ပထမဆုံးအကြိမ် ကမ္ဘာပတ်လမ်းကြောင်းအတွင်း လောင်စာဆီ ပြန်လည်ဖြည့်တင်းပေးခြင်း စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထျင်ကျိူး-၁ အာကာသခရီးစဉ်၏ အောင်မြင်မှုပြယုဂ်တစ်ခုအဖြစ် ကမ္ဘာပတ်လမ်းကြောင်းအတွင်း လောင်စာဆီ ပြန်လည်ဖြည့်တင်းမှုဆိုင်ရာ စမ်းသပ်ချက်ကို မေ ၂၇ ရက် ည ၇ နာရီ ၀၇ မိနစ်တွင် ပြုလုပ်ခဲ့သည်။

အာကာသအတွင်း လောင်စာဆီ ပြန်လည်ဖြည့်တင်းမှုနည်းစနစ်ကို အသုံးပြုနိုင်ခြင်းဖြင့် အာကာသအတွင်း အာကာသစခန်းတစ်ခုကို အမြဲတမ်းဖွင့်လှစ်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ပြီးလျှင် အာကာသအတွင်း လောင်စာဆီပြန်လည်ဖြည့်တင်းမှု နည်းပညာပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်လာသည်။

အာကာသအတွင်း လောင်စာဆီပြန်လည် ဖြည့်တင်းခြင်းဆိုင်ရာ စမ်းသပ်မှုကို ကမ္ဘာမြေပြင်ရှိ နည်းပညာရှင်များ၏ ထိန်းချုပ်မှုဖြင့် ဆောင်ရွက်ခဲ့ပြီး ငါးရက်ကြာမျှ ဆောင်ရွက်ခဲ့ရသည်။ ကုန်တင်အာကာသယာဉ်မှ အာကာသစခန်းယာဉ်သို့ လောင်စာဆီကို တွန်းကန်မှုတ်ထုတ်ပေးခဲ့သည်။

ဒုတိယအကြိမ် လောင်စာဆီ ပြန်လည်ဖြည့်တင်းခြင်းဆိုင်ရာစမ်းသပ်မှုကို လာမည့်ဇွန်လတွင် အာကာသစခန်းယာဉ်နှင့် ကုန်တင်အာကာသယာဉ်တို့ နောက်တစ်ကြိမ် ချိတ်ဆက်ပြီးသည့်အခါ ထပ်မံပြုလုပ်ရန် စီစဉ်ထားသည်။

**ဆင်ဟွာ။**

# လန်ဒန်၌ မသင်္ကာဖွယ်ရာ နေအိမ်တစ်လုံးကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေစဉ် အမျိုးသမီးတစ်ဦးသေနတ်ထိမှန်

**လန်ဒန် မေ ၂၈**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် မြောက်ပိုင်းရှိ လူနေအိမ်တစ်အိမ်အား အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ လက်နက်ကိုင်တပ်ဖွဲ့ဝင်များက စီးနင်းရှာဖွေစဉ် အမျိုးသမီးတစ်ဦးအား ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်ရန်ကြံစည်ထားမှုတစ်ခုကို ဖြိုခွင်းလိုက်နိုင်ကြောင်း ဗြိတိန်အကြမ်းဖက်မှုတိုက်ဖျက်နှိမ်နင်းရေးရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ရပ်မှာ မြို့တော်လန်ဒန် ဧရိယာအတွင်း နာရီအနည်းငယ်ခြားလျက် အကြမ်းဖက်မှုနှိမ်နင်းရေး ဒုတိယမြောက်စစ်ဆင်ရေးလည်းဖြစ်သည်။

ဗြိတိန်အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲအဖွဲ့က လန်ဒန်မြို့ ဝယ်လ်ဒန်ဒေသရှိ မသင်္ကာဖွယ်ရာနေအိမ်အား စောင့်ကြည့်နေခဲ့ပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများသုံး၍ စီးနင်းမှုကို မေ ၂၇ ရက် ညနေပိုင်းတွင် ပြုလုပ်ခဲ့ရာ အသက်(၂၀)ကျော်အမျိုးသမီးတစ်ဦး သေနတ်ထိမှန်ခဲ့ရသည်။

မေ ၂၇ ရက် နံနက်အစောပိုင်းကလည်း ဗြိတိန်ဝန်ကြီးချုပ်ထရီစာမေ၏ ဝက်စ်မင်နစ္စတာရုံးအဆောက်အအုံအနီး ဓားသုံးလက်သယ်ယူလာသော အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိသည့် သီးခြားဖြစ်စဉ်တစ်ခုပေါ် ပေါက်ခဲ့သည်။

**ရိုက်တာ။**



❖ **မြန်မာနိုင်ငံပိုင်မှ**

ဆက်သွယ်ရေးစနစ်တွင် တိုးတက်အသုံးပြုလာသကဲ့သို့ Broadcasting ကဏ္ဍတွင်လည်း တစ်နေ့တခြား တိုးပွားများပြားလာပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများအစရှိသည့် ကဏ္ဍများစွာတွင်လည်း အသုံးပြုမှုများရှိလာပါကြောင်း၊ ယင်းသို့ အသုံးပြုကြရာတွင် တစ်သီးတခြားစီ ဂြိုဟ်တုကို ငှားရမ်းသုံးစွဲနေကြရသည့်အတွက် ကုန်ကျစရိတ်ပိုမိုများပြားနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် ကုန်းတွင်းဒေသ၊ ရေပြင်ဒေသ၊ ကျွန်းစုဒေသများ အပါအဝင် နေရာဒေသမရွေးသို့ အချိန်တိုအတွင်းတွင် ဆက်သွယ်မှုကို ပေးနိုင်သည့်စနစ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝအရ လူမှုစီးပွားရေးတိုးတက်ရန်အတွက် ကျွန်းများ၊ ကျေးလက်ဒေသများပါမကျန် အချိန်တိုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါကလည်း အချိန်တိုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်တွင် Geostationary ပတ်လမ်းအပြင် အခြားပတ်လမ်းအသုံးပြုခြင်းများလည်း ရှိကြပါကြောင်း၊ လိုအပ်ချက်အပေါ် မူတည်ပြီး အသုံးပြုကြပါကြောင်း။

မိမိတို့ဦးဆောင်ကော်မတီအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်အတွက် ဂြိုဟ်တုစနစ်တည်ထောင်ရေးဆိုင်ရာ မူဝါဒများနှင့် နည်းလမ်းများချမှတ်ပေးခြင်း၊ ဂြိုဟ်တုစနစ်တည်ထောင်ရေးဆိုင်ရာ စာချုပ်စာတမ်းများ ချုပ်ဆိုသွားနိုင်ရေး လမ်းညွှန်မှုပေးခြင်း၊ ITU(International Telecommunication Union) အပါအဝင် ပြည်ပအဖွဲ့အစည်းများဖြင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး၊ သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရေးတို့အတွက် လမ်းညွှန်မှုပေးခြင်း၊ ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအား လမ်းညွှန်ဆောက်ရွက်ခြင်း၊ နိုင်ငံတော်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂြိုဟ်တုစနစ်ဖြင့် အသုံးချစနစ်များ ဖော်ဆောင်ရန် လမ်းညွှန်မှုပေးခြင်း၊ ခေတ်မီအာကာသနည်းပညာရပ်များ ရရှိနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် လမ်းညွှန်မှုပေးခြင်း၊ လိုအပ်ပါက မြန်မာနိုင်ငံ Space Agency တစ်ရပ်ဖွဲ့စည်းတည်ထောင်နိုင်ရေး လမ်းညွှန်မှုပေးခြင်းတို့ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် လက်ရှိဂြိုဟ်တုအသုံးပြုနေသည့် အခြေအနေ၊ ဂြိုဟ်တုစနစ်တည်ဆောက်ပါက ကုန်ကျမည့်ငွေကြေးပမာဏ၊ ဂြိုဟ်တုပိုင်ဆိုင်မှုစနစ်များ၊ လက်ရှိငှားရမ်းသုံးစွဲနေသည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်ပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပိုင်ဂြိုဟ်တုစနစ်တည်ထောင်ပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ဝန်ကြီးဌာနအလိုက်သုံးစွဲနေမှုများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားပြီး အကျိုးအမြတ်တွက်ချက်ကာ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် ပူးတွဲလုပ်ဆောင်နေသည့်အချိန်၌ မြန်မာနိုင်ငံပိုင်ဂြိုဟ်တု စနစ်တည်ထောင်နိုင်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နည်းပညာ၊ လုံခြုံရေးကောင်းသည့် ဂြိုဟ်တုနှင့် ချိတ်ဆက်ပြီး လုပ်ဆောင်ပါက အကျိုးများစွာရရှိမည်ဖြစ်ပြီး အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာလင်မြို့အတွင်းရှိ အထင်ကရနေရာများကို လေ့လာကြည့်ရှု

**နေပြည်တော် ဧပြီ ၂၈**

ဂျာမနီနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဧပြီ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ Gatow ဒေသရှိ Military Historical Museum ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။



အဆိုပါ Military Historical Museum တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် စစ်ဘက်လေယာဉ်များနှင့် ဂျာမနီနိုင်ငံ၏ စစ်သမိုင်းဆိုင်ရာအချက်အလက်များကို ပြသထားရှိကြောင်း သိရသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဘာလင်မြို့အတွင်းရှိ ဘာလင်တံတိုင်း၊ Check Point Charlie နှင့် Brandenburger Tor စသည့် ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ရာ အထင်ကရနေရာများကို လေ့လာကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဘာလင်မြို့ Friedrich Ebert Stiftung-FES ရောက်ရှိရာ Executive Director ဖြစ်သူ Dr. Roland Schmidt က FES ဌာနချုပ်တွင် နံနက်စာဖြင့် တည်ခင်းဧည့်ခံကာ FES ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒေသစံတော်ချိန် ည ၇ နာရီတွင် ဂျာမနီတပ်မတော်စစ်ဦးစီးချုပ် General Volker Wieker က MS Arcona ရေယာဉ်ပေါ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်စဉ်အတွင်း ရေယာဉ်ကို ဘာလင်မြို့ Spree မြစ်ကြောင်းတစ်လျှောက် မောင်းနှင်ကာ ဘာလင်မြို့၏ သာယာလှပမှုများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေး၊ မြန်မာ့ဒီမိုကရေစီ ရက်သတ္တပတ်ပွဲတော်နှင့် ငြိမ်းချမ်းရေးဂီတပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ရန်ကုန် ဧပြီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဆုရွေးချယ်ရေးအဖွဲ့အနေဖြင့် ဆုရွေးချယ်ရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာစွာ ဆောင်ရွက်ရေး၊ ဆုရွေးချယ်ရာတွင် ပြည့်စုံသည့် မှတ်ချက်ရှိရေး၊ ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ပါဝင်ဆွေးနွေးကြပြီး အများသဘောတူ ဆုံးဖြတ်ဆောင်ရွက်ရေးနှင့် ဆုရွေးချယ်ရာတွင် လိုအပ်သည့်ကိစ္စအဝဝကို မိမိတို့ဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**



ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ကော်မတီအတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် အတွင်းရေးမှူး ဒေါ်မြမြသန်း(မနှင်းဖွေး) တို့က စာပေဆုရွေးချယ်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်တွင်ပြသမည့် နိုင်ငံအကျိုးပြုဇာတ်ကားနှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးရေးအတွက် သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကို ဒီမိုကရေစီနေ့ဖြစ်သည့် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်သဘင်၊ ဂီတပညာရှင်များ၏ ဂီတဖျော်ဖြေပွဲများ၊ ပြဇာတ်၊ အငြိမ့်နှင့် ပဒေသာကပွဲများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအကျိုးပြု ဇာတ်ကားငါးကားနှင့် ရုပ်သံဇာတ်လမ်းတွဲများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival)၊ ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အနုပညာဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ၏ အသံစစ်ရွေးချယ်မှုများကို လာမည့်မေလ တတိယပတ်မှစတင်၍ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ ကလေး၊ စစ်တွေ၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့တို့တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနှင့် ရုရှားပူးပေါင်း၍ ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ The Embassy of Mastership ဂီတဖျော်ဖြေပွဲကို မေ ၈ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စမစ်သ်၊ ကားလ်မာ့ခ်စ်၊ ကိန်းစ်၊ ဈေးကွက်နှင့်အစိုးရ

စောနိုင်(အသုံးချဘောဂဗေဒ)

အဒမ်စမစ်သ် (Adam Smith)၊ ကားလ်မာ့ခ်စ် (Karl Max)နှင့် ဂျွန်မေနတ်ကိန်းစ် (John Maynard Keynes) တို့သည် ဘောဂဗေဒတွေးခေါ်မြော်မြင်မှုသမိုင်းတွင် ထင်ရှားခဲ့သူများဖြစ်သည်။ ၎င်းတို့၏အတွေးအခေါ်များသည် ဘောဂဗေဒအတွေးအခေါ်များကို များစွာအပြောင်းအလဲဖြစ်စေခဲ့၏။ အက်ဒမ်စမစ်သ်သည် မမြင်ရသော လက်အယူအဆဖြင့် လည်းကောင်း၊ ကားလ်မာ့ခ်စ်သည် အပိုတန်ဖိုးနှင့် အရင်းရှင်ဝါဒကို တိုက်ဖျက်သည့် အယူအဆများဖြင့် လည်းကောင်း၊ ဂျွန်မေနတ်ကိန်းစ်သည် စမစ်သ်နှင့် ကားလ်မာ့ခ်စ်တို့၏ အတွေးအခေါ်များနှင့် ကွဲပြားခြားနားစွာစဉ်းစားခဲ့မှုများဖြင့်လည်းကောင်း ထူးခြားမှုများ ရှိခဲ့သည်။ ကိန်းစ်ဆိုလျှင် အစိုးရ၏အခန်းကဏ္ဍကို အထူးလေ့လာခဲ့ပြီး ကိန်း(စ်)ဘောဂဗေဒဟု အမည်တပ်ရသည်အထိပင် ဘောဂဗေဒအတွေးအခေါ်သမိုင်းတစ်လျှောက်တွင် ဩဇာလွှမ်းမိုးခဲ့သည်။ ထို့ကြောင့် စီးပွားရေးအဆောက်အအုံ၊ ဈေးကွက်နှင့် အစိုးရ၏ အခန်းကဏ္ဍတို့ကို စိတ်ဝင်စားသူတိုင်း ထိုဂုရုကြီး သုံးဦးအကြောင်းကို လေ့လာသင့်သည်။

အဒမ်စမစ်သ် ( ၁၇၂၃- ၁၇၉၀)သည် စကော့လူမျိုး ဒဿနပညာရှင်၊ ကျမ်းရိုးဘောဂဗေဒ ဂုရုကြီးဖြစ်သည်။ သူက လူ့အဖွဲ့အစည်းတစ်ရပ် တိုးတက်မှုသည် လူတစ်ဦးတစ်ယောက်ချင်း၏ အကျိုးစီးပွားအတွက် အားထုတ်မှုအပေါ်တွင် အခြေခံလျက်ရှိသည်ဟု ယုံကြည်သည်။ စီးပွားရေးတွင် အစိုးရဝင်ရောက်စွက်ဖက်ရန်မလို၊ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးထားဖို့လိုသည်။ ဈေးကွက်ထဲရှိ အင်အားစုများကို မည်သူမျှ ဝင်ရောက်စွက်ဖက်ရန်မလို၊ ဈေးကွက်ထဲရှိ အင်အားစုနှစ်ခုဖြစ်သည့် ဝယ်လိုအားနှင့် ရောင်းလိုအားတို့က သူ့သဘောသူဆောင်၍ အားမျှခြေသို့သာ ဦးတည်နေလိမ့်မည်ဟုလည်း ဆိုသည်။ အဒမ်စမစ်သ်ကို ယနေ့ခေတ် ဘောဂဗေဒသမားတိုင်းသိကြ၏။ စီးပွားရေးတက္ကသိုလ် ကျောင်းတော်မှ ဘောဂဗေဒစာသင်သားများသာမက ပြင်ပမှ ဘောဂဗေဒစာပေကိုစိတ်ဝင်စားသည့် စာဖတ်ပရိသတ်များကပါ အဒမ်စမစ်သ်အမည်ကို invisible hand ဝေါဟာရနှင့် တွဲလျက်သိကြလေ့ရှိသည်။ ထို invisible hand ဝေါဟာရကို ပဥ္စလက်၊ ကိုယ်ပျောက်လက်၊ မမြင်ရသောလက်စသဖြင့် မြန်မာဘာသာဖြင့် မည်သို့ပင်အမျိုးမျိုးဘာသာပြန်ဆိုသည်ဖြစ်စေ ဈေးကွက်ကို မည်သူမျှ ပဲ့ပြင်ထိန်းကျောင်းစရာမလိုဘဲ ဈေးကွက်အင်အားစုများက သူ့အလိုလိုပင် ပြုပြင်၍ အားမျှခြေအနေအထားသို့ သေချာပေါက်ရောက်ရှိသည်ဟု ဆိုထားခြင်းဖြစ်သည်။ စမစ်သ်သည် အမေရိကန်နိုင်ငံ လွတ်လပ်ရေးကြေညာသည့်နှစ် (၁၇၇၆ ခုနှစ်)တွင် ၎င်းထုတ်ဝေခဲ့သည့် နိုင်ငံများ၏ဥစ္စာဓန (The Wealth of Nations)ဟု အမည်ပေးထားသော စာအုပ်ထဲ၌ မမြင်ရသောလက်အကြောင်းကို ရှင်းပြထားသည်။

ကားလ်မာ့ခ်စ်(၁၈၁၈-၁၈၈၃)ကို ဂျာမန်လူမျိုး နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဖြစ်လဲ ဘောဂဗေဒအတွေးအခေါ်ပညာရှင်တစ်ဦးအဖြစ်ပါ သတ်မှတ်နိုင်သည်။ သူသည် အရင်းရှင်စနစ်ကို အဆိုးအမြင်ဖြင့်ကြည့်၍ တော်လှန်ခဲ့သူဖြစ်ပြီး ထိုစနစ်၏ ဆိုးကျိုးများကို အရင်းကျမ်းဟု လူသိများသည့် Das Kapital စာအုပ်ဖြင့် ဝေဖန်ခဲ့သူ ဖြစ်သည်။ အရင်းရှင်တို့၏ ခေါင်းပုံဖြတ်မှုကို အပိုတန်ဖိုးသဘောတရားဖြင့် ထောက်ပြသုံးသပ်ခဲ့သည်။ အရင်းရှင်တစ်ယောက်၏ အမြတ်ငွေများကိုလည်း လုပ်သားတို့၏ လုပ်အားမှ ခေါင်းပုံဖြတ်ရယူထားခြင်းဖြစ်သည်ဟု သူကရှုမြင်သည်။ ထိုစနစ်သည် အရင်းရှင်နှင့် အလုပ်သမားလူတန်းစားပဋိပက္ခတို့ကြောင့် ပြိုလဲသွားမည်ဟုလည်း ခန့်မှန်းခဲ့သည်။ ကုန်ထုတ်အရင်းအနှီးများကို အစိုးရကသိမ်းယူပြီး စီမံကိန်းဖြင့် လုပ်ဆောင်သည့် စီးပွားရေးစနစ်ကို အဆိုပြုခဲ့သူဟုလည်း ဆိုရပေမည်။

ဂျွန်မေနတ်ကိန်းစ်(၁၈၈၃-၁၉၄၆)သည် ဗြိတိသျှလူမျိုးဘောဂဗေဒပညာရှင်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပါရမီရှင်လည်းဖြစ်သည်။ သူသည်လည်း ကားလ်မာ့ခ်စ်ကဲ့သို့ပင် အရင်းရှင်ဝါဒကို ဝေဖန်ထောက်ပြမှုများ ရှိခဲ့သည်။ သို့သော် သူ၏အယူအဆများမှာ ကားလ်မာ့ခ်စ်နှင့် ခြားနားသည်။ အဒမ်စမစ်သ်၏ ကိုယ်ပျောက်လက်အယူအဆကိုလည်း ဝေဖန်ခဲ့ပြီး အစိုးရက စီးပွားရေးတွင် ဝင်ရောက်ကူညီသင့်သည်ဟု ယူဆသူလည်းဖြစ်သည်။ စီးပွားရေးအဆောက်အအုံအတွင်း၌ အစိုးရသည် လူထုဝင်ငွေနှင့် ဝယ်လိုအား တိုးစေမည့်ရင်းနှီးမြှုပ်နှံမှုမျိုးကို ကိုယ်တိုင်ဆောင်ရွက်ရမည်ဟု သူကဆိုသည်။ ၁၉၃၀ ခုနှစ်များ၌ ကမ္ဘာ့စီးပွားရေးပျက်ကပ် ဖြစ်ပွားသောအခါ စမစ်သ်၏ မမြင်ရသောလက် အယူအဆကို ယုံကြည်မှုမဲ့သွားခဲ့သည်။ ထိုကာလများအလွန်တွင် "လိုအပ်လာပါက စီးပွားရေးအဆောက်အအုံထဲတွင် အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်သင့်သည်"ဟူသော ကိန်းစ်၏ အယူအဆပေါက်သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ထွန်းကားလာသော စက်မှုနိုင်ငံများသည် ကိန်းစ်၏အိုင်ဒီယာများနှင့် မကင်းပေ။

လိုအပ်ချက်များမည်သို့ပင် ရှိနေစေကာမူ လွန်ခဲ့သော နှစ်ပေါင်း၂၀၀ကျော်အချိန်၊ ရာစုအားဖြင့် ၁၈ ရာစုအချိန်လောက်က ပေါ်ထွန်းခဲ့သည့် ဘောဂဗေဒဂုရု အက်ဒမ်စမစ်သ်တွေးခေါ်ခဲ့သည့် "မမြင်ရသောလက်"ဆိုသည့် အိုင်ဒီယာက ယနေ့တိုင်လွှမ်းမိုးနေဆဲ။ ထို့အတူ ၁၉၃၀ ခုနှစ်များက အမေရိကန်ပြည်ထောင်စုမှစ၍ ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးပျက်ကပ်အတွင်း စီးပွားရေးတွင် ဝင်ရောက်ရန်လိုသည့် အစိုးရ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် ကိန်းစ်၏အယူအဆသည် အများလက်ခံပြီး လူကြိုက်များနေဆဲ။ ကိန်းစ်၏အယူဝါဒများနှင့် ပတ်သက်၍လည်း နှောင်းခေတ် ဘောဂဗေဒပညာရှင်များက လေ့လာဆန်းစစ်မှုများ၊ မတိုက်ဆိုင်မှုများ ပေါ်ထွက်လာနေသည့်တိုင် ဈေးကွက်အတွင်း၌ (လိုအပ်လာသည့်အခါ) အစိုးရ၏ အခန်းကဏ္ဍရှိသည်ဆိုသော အချက်မှာမူ လက်ခံနေကြဆဲ ဖြစ်သည်။

ထိုဂုရုသုံးပါး၏ အိုင်ဒီယာတို့ကို ပြန်လည်လေ့လာကြည့်ပါလျှင် စမစ်သ်၏မည်သည့် လွှမ်းမိုးမှု၊ ထိန်းချုပ်မှုမှ မလိုအပ်ဘဲ ဈေးကွက်သည် လုံးဝလွတ်လပ်စွာလှုပ်ရှားနိုင်သည်ဟူသော အယူအဆ၊ ကားလ်မာ့ခ်စ်၏ ဈေးကွက်သဘောသဘာဝထက် အစိုးရကဦးစီးပြုမှု ဆောင်ရွက်ရမည်ဟူသော အယူအဆနှင့် ကိန်းစ်၏ ဈေးကွက်ကို လက်ခံသော်လည်း အစိုးရ၏ အခန်းကဏ္ဍကိုပါ စဉ်းစားရမည်ဟူသော အယူအဆတို့ ဖြစ်သည်။ တကယ့်လက်တွေ့အခြေအနေတွင် ကိန်းစ်၏ အယူအဆသာ အလုပ်ဖြစ်သည်ကို တွေ့ရ၏။ လွတ်လပ်သော ဈေးကွက်ကို လက်ခံသင့်သော်လည်း ဈေးကွက်ယန္တရား၏ အားနည်းချက်များကို အစိုးရပါဝင်ပတ်သက်ထိန်းကျောင်းမှသာ ဖြစ်ပေမည်။ ကိန်းစ်၏ အစိုးရနှင့်ပတ်သက်သည့် အခန်းကဏ္ဍအယူအဆကို ဝေဖန်ခဲ့သည့် ဘောဂဗေဒပညာရှင် မီလ်တန်ဖရီမန်း (Milton Friedman)ကလည်း အစိုးရအခန်းကဏ္ဍ အရေးကြီးပုံကို ထပ်မံထောက်ပြခဲ့ဖူးသည်။ ဤသို့ဆိုလျှင် ယေဘုယျအားဖြင့် လွတ်လပ်သောဈေးကွက်ကို လက်ခံကျင့်သုံးရန် လိုသကဲ့သို့ လိုအပ်ပါက အစိုးရ၏အခန်းကဏ္ဍရှိရမည်ဆိုသောအယူအဆကို ဘောဂဗေဒပညာရှင်များစွာတို့ လက်ခံသည်ဟု ဆိုနိုင်သည်။ အစိုးရတစ်ရပ်၏ စီမံခန့်ခွဲအုပ်ချုပ်မှုဖြင့် လည်ပတ်လှုပ်ရှားနေသော လူ့အဖွဲ့အစည်းတစ်ရပ်သည် ဈေးကွက်အမျိုးမျိုးအတွင်း နေ့စဉ်ဖလှယ် ရောင်းဝယ်ဖောက်ကားနေကြသည်။ ထိုအမျိုးမျိုးသော ဈေးကွက်များသည် လူသားတို့၏ စိတ်နေစိတ်ထား၊ အပြုအမူများကြောင့်ပင် အမြဲမပြတ်အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိရာ ဈေးကွက် ပုံမှန်လည်ပတ်မှုယိုယွင်းလာပါက တာဝန်ရှိသည့်အစိုးရက ပါဝင်ပတ်သက်ရမည်သာ ဖြစ်သည်။

ပြောင်းလဲလာသောခေတ်စနစ် အခြေအနေများအရ ဘောဂဗေဒ အခြေခံအယူအဆများပေါ်တွင် ဆင့်ပွားတွေးဆ၊ ပြောင်းလဲနေသည့် အိုင်ဒီယာများလည်း ထပ်မံ၍ ပေါ်ထွက်လာကြပေဦးမည်။ ရှေးယခင် ကာလများက ပေါ်ထွက်ခဲ့ပြီးဖြစ်သော ဘောဂဗေဒအတွေးအခေါ်ရှင်များ၏ အိုင်ဒီယာများမှာ လေးအသချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ကျင့်ခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ပိုင်ရှင် ဘုရားရှင်၏ ဟောပြောညွှန်ပြချက်မျိုးကဲ့သို့ မဖောက်မပြန် အမြဲတမ်းမှန်ကန်နိုင်ကြသည် မဟုတ်။ ၎င်းတို့၏ တွေးခေါ် ဖော်ထုတ်ချက်များထဲတွင် မှတ်သား၊ လိုက်နာ၊ ကျင့်သုံးစရာများရှိနိုင်သော်လည်း လှေနံဓားထစ် တရားသေမှတ်၍ ကာလဒေသ မခွဲခြားဘဲ အချိန်တိုင်း၊ နေရာတိုင်း အသုံးချနိုင်ရန်မှာမူ မဖြစ်နိုင်ပေ။ ။

**ရှေးယခင်ကာလများက ပေါ်ထွက်ခဲ့ပြီးဖြစ်သော ဘောဂဗေဒအတွေးအခေါ်ရှင်များ၏ အိုင်ဒီယာများမှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ကျင့်ခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ပိုင်ရှင် ဘုရားရှင်၏ ဟောပြောညွှန်ပြချက်မျိုးကဲ့သို့ မဖောက်မပြန် အမြဲတမ်းမှန်ကန်နိုင်ကြသည် မဟုတ်။ ၎င်းတို့၏ တွေးခေါ်ဖော်ထုတ်ချက်များထဲတွင် မှတ်သား၊ လိုက်နာ၊ ကျင့်သုံးစရာများရှိနိုင်သော်လည်း လှေနံဓားထစ် တရားသေမှတ်၍ ကာလဒေသမခွဲခြားဘဲ အချိန်တိုင်း၊ နေရာတိုင်း အသုံးချနိုင်ရန်မှာမူ မဖြစ်နိုင်ပေ။**

## စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ



မုံရွာ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် မေ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လမ်းညွှန်အမှာစကားပြောကြား၍ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများနှင့် ကဏ္ဍကြီးများအလိုက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များထံသို့ စီမံကိန်းရည်မှန်းချက်များ အသီးသီးတာဝန်ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံကိန်းမှူးများနှင့် အခြားဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

**(ဖိုးချမ်း-မုံရွာ)**



အင်းစိန်မြို့နယ် ပြည်လမ်း စော်ဘွားကြီးကုန်းလမ်းဆုံ စော်ဘွားကြီးကုန်းပွဲရုံ စခန်းရှေ့နှင့် ပြည်လမ်း ဝဲ၊ယာ ရေမြောင်းကြီး၌ မိုးတွင်းကာလ ပြည်လမ်း စော်ဘွားကြီးကုန်းလမ်းဆုံ ရေကြီးရေလျှံမှုကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ မြောင်းအတွင်းရှိ စည်းကမ်းမဲ့စွန့်ပစ်ကြသော အမှိုက်များ၊ အနံ့ဆိုးများကြောင့် ပြည်သူများ ကျန်းမာရေးမထိခိုက်စေရန်လည်းကောင်း၊ လမ်းမကြီး သာယာလှပစေရေး၊ အနံ့အသက်ဆိုးများ ကင်းဝေးစေရေး၊ မိုးတွင်းအခါတွင် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အင်းစိန်မြို့နယ် စည်ပင်ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ရေမြောင်းအတွင်း မြောင်းရှင်းလုပ်သားများ၊ စက်ယန္တရားနှင့် အမှိုက်သယ်ယာဉ်တို့ဖြင့် ပိတ်ဆို့အမှိုက်များ၊ နုန်းမြေများကို မေ ၂၇ ရက် နံနက်ပိုင်းက ဆယ်ယူရှင်းလင်းကြစဉ်။ **(၆၈၄)**

# ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ



**ရန်ကုန် မေ ၂၈**

ကြေးမုံသတင်းစာကို သတင်းစာသမား လူငယ်၊ လူလတ်ပိုင်းများ တက်တက်ကြွကြွဖြင့် စုပေါင်းပြီး ထူထောင်ခဲ့ကြပါကြောင်း၊ မြန်မာ့သတင်းစာလောကတွင် တကယ်ပြောင်းလဲသွားသောသတင်းစာတစ်စောင်အဖြစ် ထူထောင်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ကြေးမုံသတင်းစာ၏ သမိုင်းကြောင်းကို ယနေ့ထုတ် ကြေးမုံသတင်းစာ၌ အချပ်ပိုအနေဖြင့် ဝေဝေဆာဆာဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ထူထောင်စဉ်က အကြောင်းများသည် သတင်းသမားများလောက၌ အင်မတန်ပြောစမှတ်ပြုစရာ သမိုင်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ သမိုင်းကြောင်းကိုပြောရလျှင် သတင်းသမားများအတွက် အင်မတန် အားတက်စရာဖြစ်ရပ်တစ်ခုအနေဖြင့် အမှတ်ရကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မိမိကိုယ်တိုင် သတင်းစာများကို စတင်ဖတ်ရှုတတ်ခဲ့သည့်အရွယ်မှစ၍ ကြေးမုံသတင်းစာကို စတင်ထိတွေ့ခဲ့သည်ဟု အောက်မေ့ယူဆမိပါကြောင်း၊ ထိုအချိန်သည် သတင်းစာအများအပြားထွက်ရှိခဲ့သည့် ခေတ်ကာလဖြစ်ပါကြောင်း၊ ယင်းအချိန်ကာလတွင် ကြေးမုံသည် အထင်ရှားဆုံးသတင်းစာအဖြစ်ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခုပြန်ကြည့်ချိန်တွင်လည်း ဟုတ်မှန်သည်ကိုတွေ့ရပါကြောင်း၊ ကြေးမုံသည် စောင်ရေအများဆုံးဖြစ်ကာ ကျန်သည့်သတင်းစာ တော်တော်များများ ပေါင်းထားခြင်းထက်ပင် ပိုများနေသည်ကို အကြမ်းဖျင်းတွေ့ရပါကြောင်း၊ ထိုစဉ်က မှတ်မိသရွေ့ ကြေးမုံသတင်းစာတွင် ပင်တိုင်ဆောင်းပါးရှင် ဆရာ ဇဝန၏ အရေးအသားများကို မှတ်မိနေပါကြောင်း၊ ဆရာအောင်ရှိန်၏ ကြေးမုံခင်၊ ဆရာကြီး ဦးဖေသိန်းက နိုင်ငံရေးကာတွန်းများရေးသည်ကို မှတ်မိနေပါကြောင်း၊ မိမိနေထိုင်ရာ သံတွဲမြို့သို့ သတင်းစာများကို လေယာဉ်ဖြင့် ပို့ဆောင်ပြီး ကြေးမုံသတင်းစာသည် စောင်ရေအများဆုံးပါရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၁၉၆၂ ခုနှစ်ခန့်တွင် ပုဂ္ဂလိကသတင်းစာများ၏ လွတ်လပ်ခွင့်များ မှေးမှိန်သွားပြီး ယင်းနောက်ပိုင်းတွင် ကြေးမုံသတင်းစာသည် အစိုးရသတင်းစာဖြစ်လာခဲ့ပါကြောင်း၊ ယနေ့ အစိုးရသတင်းစာဆိုခြင်းနှင့်ပတ်သက်ပြီး စဉ်းစားမိသည်မှာ အစိုးရသတင်းစာဟုပြောသည့်နေရာတွင် အဓိပ္ပာယ်အနည်းငယ်ကွဲလွဲမှုရှိပါကြောင်း၊ မိမိအထင်အစိုးရသတင်းစာစစ်စစ်သည် ၁၉၆၃-၆၄ ခုနှစ် လုပ်သားပြည်သူ့နေ့စဉ်၊ Working People Daily တို့သည်သာ အစိုးရသတင်းစာ အာဘော်စစ်စစ်များ ဖြစ်သည်ဟုယူဆပါကြောင်း။

ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့သည် ယနေ့ အစိုးရသတင်းစာဖြစ်နေခြင်းမှာ သမိုင်းကြောင်းအရဆက်လက်ပြောင်းလဲလာပြီး ဖြစ်ပေါ်လာသည်ဟု မြင်ပါကြောင်း၊ ပေါ်ထွန်းလာသည့်ရည်ရွယ်ချက်မတူညီသည်ကို ပြောကြားလိုခြင်းဖြစ်ပါကြောင်း။

သို့သော် နောက်ပိုင်း လုပ်သားပြည်သူ့နေ့စဉ်နှင့် Working People Daily သတင်းစာတို့မရှိသည့်အခါ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့သည် အစိုးရသတင်းစာကဲ့သို့ ဆောင်ရွက်နေပါကြောင်း၊ ယနေ့ခေတ်ရောက်လာချိန်တွင် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့ကို အစိုးရသတင်းစာဟုပြောကာ အစိုးရ၏ နိုင်ငံရေးဆောင်ရွက်ချက်များကို အများပြည်သူသို့အသိပေးသည့် ကြားခံတစ်ခုဖြစ်သည်မှာမှန်သော်လည်း နဂိုမူလက ပေါ်ပေါက်ခဲ့သည့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတို့လို အာဘော်တစ်ရပ်ကိုဖြန့်ချိနေသည့် အနေအထားမဟုတ်ကြောင်းကို ပြောလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရသတင်းစာများ၏ ရပ်တည်ချက်များနှင့် စပ်လျဉ်း၍ ကြေးမုံသတင်းစာသည် ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး ဆောင်ရွက်နေရသည့် သတင်းစာဖြစ်ပါကြောင်း၊ ကြေးမုံသတင်းစာသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရန် အစီရင်ခံသည့် အလုပ်လုပ်ရုံမက တိုင်းပြည်တွင် ဘာတွေဖြစ်ပျက်နေသနည်းဆိုသည်ကို ပြည်သူရော၊ အစိုးရကိုပါ အသိပေးနေသည့် အလုပ်လုပ်နေပါကြောင်း၊ အစိုးရနှင့် ပြည်သူကြား ပေါင်းကူးသည့်အပြင် တိုင်းပြည်တွင် သတင်းအချက်အလက်အကြောင်းအရာများနှင့် ပတ်သက်၍ အများသူငါသိအောင် အသိပေးသည့်လုပ်ငန်းကို ပြန်ကြားရေးဆိုသည့်ဌာနတစ်ခုအနေဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ သို့သော်အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် သာမန်အားဖြင့် အစိုးရသတင်းစာဟုလည်း ပြော၍ရပါကြောင်း၊ သို့သော် ဝါဒတစ်ခုကိုဖြန့်ချိရန်အတွက် ယန္တရားတစ်ခုမဟုတ်သည်ကို ပြောလိုပါကြောင်း။

ယနေ့သတင်းစာလောကကို ကြည့်ပါက အဖွဲ့အစည်းမှ သတင်းဖြန့်ချိရေးအတွက် အများပြည်သူသို့အသိပေးရန် ထုတ်ဝေနေသည့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာတို့ ရှိသကဲ့သို့ ပုဂ္ဂလိကများအနေဖြင့် မိမိအယူအဆ၊ မိမိအမြင်အမျိုးမျိုးဖြင့် ဖြန့်ချိနေသည့်သတင်းစာများရှိပါကြောင်း၊ အွန်လိုင်းဟုဆိုရာတွင်လည်း သတင်းစာဟုပြော၍ရသည့် အလုပ်များကိုလုပ်နေကာ နာမည်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် တစ်ဦးချင်းအလျောက် ထင်ရှားလျှင်ထင်ရှားသလို လူများက များများဖတ်ရှုနေသည့် သတင်းစာများကဲ့သို့ သက်ရောက်နေသည့်အနေအထားမျိုးများရှိပါကြောင်း၊ ဆိုလိုသည်မှာ ယနေ့သည် လွတ်လပ်စွာ ရှင်သန်နေသည့်ကာလဟု ပြောလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကြေးမုံဝိုင်းတော်သူ ဝိုင်းတော်သားများနှင့်အတူ အများပြည်သူအတွက် သတင်းအချက်အလက်အမှန်များ ဖြန့်ချိပေးနိုင်ရေးဆိုသည့်တာဝန်ကို ဆက်လက်ထမ်းဆောင်ရန်ရှိပြီး ယင်းသည် သမိုင်းအရ ဖြစ်ပေါ်လာသည့်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တည်း၌ စာနယ်ဇင်းများ လွတ်လပ်စွာတည်ထောင်နိုင်ခွင့်၊ ထုတ်လုပ်နိုင်ခွင့်များရှိသည့် ကာလဖြစ်ခြင်းကြောင့် တစ်နေ့ ကြေးမုံသတင်းစာကဲ့သို့ အင်မတန်ထင်ရှား ဩဇာကြီးမားသည့် သတင်းစာထူထောင်နိုင်သည့် အခွင့်အလမ်းနည်းတူ မည်သည့်စာနယ်ဇင်းသမားများမဆို အခွင့်အလမ်းရှိနေသည်ဟု မြင်ပါကြောင်း။

ထို့ကြောင့် ကြေးမုံကို သမိုင်းပြောင်းလဲမှုအားလျော်စွာ တာဝန်ယူထားရသည့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကြေးမုံသတင်းစာကို တင့်တောင့်တင့်တယ် သတင်းစာ၊ အများပြည်သူယုံကြည်အားကိုးသည့်သတင်းစာဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်သလို ကြေးမုံသတင်းစာကဲ့သို့သော သတင်းစာမျိုးပေါ်ပေါက် အောင်ဆောင်ရွက်မည့် လူငယ်များ၊ စာနယ်ဇင်းသမားများသည် ပေါက်မြောက် အောင်မြင်အောင် ထမ်းဆောင်နိုင်ကြပါစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကြေးမုံသတင်းစာသမိုင်းကြောင်းကို Video Clip ဖြင့် ပြသပြီး ကြေးမုံသတင်းစာတိုက် တည်ထောင်ရာတွင် ပါဝင်ခဲ့သူ ဆရာကြီး ဦးသော်က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတိုက်တွင် စာတည်းမှူးချုပ် တာဝန်ယူခဲ့သူ ဦးရဲမြင့်ဖေ၊ ကြေးမုံသတင်းစာတိုက်တွင် စာတည်းမှူးချုပ် တာဝန်ယူခဲ့သူ ဦးမြင့်ဆွေနှင့် ဆောင်းပါးရှင် ဦးခင်မောင်ဌေး (ပညာရေး) တို့က မုဒိတာစကားများပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သတင်းစာဆရာကြီးများ၊ စာရေးဆရာများ၊ ဆောင်းပါးရှင်များနှင့် ကြေးမုံသတင်းစာတိုက်မှ ဝိုင်းတော်သူ ဝိုင်းတော်သားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကြေးမုံသတင်းစာကို ၁၉၅၇ ခုနှစ် မေ ၁၆ ရက်တွင် စတင်ထုတ်ဝေခဲ့ပြီး သတင်းစာဆရာကြီးများဖြစ်ကြသည့် ဦးသောင်း(အောင်ဗလ)၊ ဦးသိန်း(ဇဝန)၊ ဦးခင်မောင်ရီ(စိန်ခင်မောင်ရီ)၊ ဟံသာဝတီဦးဝင်းတင်နှင့် ဦးသော်(ကြေးမုံ)တို့က စတင်ထူထောင်ခဲ့ကြသည်။

ကြေးမုံသတင်းစာသည် လန်ဒန်မှ ကမ္ဘာကျော် Daily Mirror သတင်းစာကြီးကို အားကျအတုယူ၍ ထိုစဉ်ကာလ၌ ထွက်ရှိခဲ့သည့် သတင်းစာများနှင့် မတူအောင် ဆန်းသစ်သည့် အပြင်အဆင်၊ တင်ပြပုံများဖြင့် စတင်ထုတ်ဝေနိုင်ခဲ့သောကြောင့် ထိုခေတ်ကအောင်မြင်ကျော်ကြားသည့် သတင်းစာတစ်စောင်ဖြစ်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်ထုတ်ဝေလျက်ရှိသည်။

ကြေးမုံသတင်းစာ စတင်ထွက်ရှိသည့် ၁၉၅၇ ခုနှစ်မှစတင်၍ ဦးသောင်း(အောင်ဗလ)၊ ဦးသိန်း(ဇဝန)၊ ဦးလှကွန်း(သခင်လှကွန်း)၊ ဦးစိုးညွန့် (ထီလာစစ်သူ)၊ ဦးတင်စိုး(သာဂဒိုး)၊ ဦးရဲတင့်၊ ဦးဇော်မင်းသိန်း၊ ဦးရဲမြင့်ဖေ၊ ဦးမြင့်ဆွေတို့က အယ်ဒီတာချုပ်(စာတည်းမှူးချုပ်)များအဖြစ် တာဝန်ယူခဲ့ကြပြီး လက်ရှိတွင် ဦးခင်မောင်ကျော်ဒင်က စာတည်းမှူးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ - ဇော်မင်းလတ်**

## မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေး

**ဆင်ပေါင်ဝဲ မေ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးနှင့် ဦးကျော်လွင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကေသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့် မြို့နယ်အတွင်း ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းများမှ ကော်မတီဝင်များက လုပ်ငန်းများအလိုက် တွေ့ကြုံရသည့် အခက်အခဲ၊ အားနည်းချက်၊ အားသာချက်များကို တင်ပြဆွေးနွေးကြသည်။

အဆိုပါ မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းသုံးသပ်ပွဲသို့ မြစိမ်းရောင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း အင်အား ၆၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အဖွဲ့ ဘူးသီးတောင်အကျဉ်းထောင်သို့ ဒုတိယအကြိမ်သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၈**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အဖွဲ့မှ Mr.Jacque Ducros De Lafarga De Romefort (Delegate in Charge ICRC Maung Daw) နှင့် အဖွဲ့ဝင် ၁၀ ဦးသည် မေ ၂၇ ရက် နံနက် ၈ နာရီတွင် အကျဉ်းဦးစီးဌာန ဘူးသီးတောင်အကျဉ်းထောင်သို့ ဒုတိယအကြိမ် ထပ်မံရောက်ရှိကြသည်။

အဆိုပါအဖွဲ့သည် အကျဉ်းသား၊အချုပ်သားအိပ်ဆောင်(၁၊၃၊၄)နှင့် အမျိုးသမီးအိပ်ဆောင်များသို့ သွားရောက်လေ့လာပြီး အကျဉ်းသား ရှစ်ဦး၊ အကျဉ်းသူ ၁၄ ဦး၊ အချုပ်သား ငါးဦးနှင့် အချုပ်သူ တစ်ဦးတို့အား သီးခြားစီတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် အကျဉ်းသား၊ အချုပ်သားအိပ်ဆောင်များသို့ ထပ်မံလာရောက်ပြီး အကျဉ်းသား ၁၀ ဦး၊ အချုပ်သား ၁၀ ဦးတို့အား သီးခြားစီတွေ့ဆုံသည်။

ထို့နောက် ICRC အဖွဲ့သည် အမျိုးသမီးအိပ်ဆောင်၌ မိသားစုများထံ စာရေးသား ဆက်သွယ်မှုနှင့်ပတ်သက်၍ မေးမြန်းလေ့လာပြီး စားဖိုဆောင်အတွင်းသွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် မေ ၂၈**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ရည်ရွယ်ချက်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ NCA တစ်နှစ်တာသက်တမ်းနှင့် အနာဂတ်မျှော်မှန်းချက်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက မြန်မာနိုင်ငံရှိ ဘုရားပုထိုးစေတီကြီးများတွင် ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ အမုန်းစကားကာကွယ်တားဆီးရေးဥပဒေ(မူကြမ်း) ရေးဆွဲခြင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများ ပြုပြင်မှုအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းခြင်း၊ ပုဂံ၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ မြစေတီ(ရာဇကုမာရ်)ကျောက်စာ၊ ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ထိန်းသိမ်းမွမ်းမံခြင်း၊ မြန်မာ့အနုသုခုမဆိုင်ရာပညာရပ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၏ ဆောင်ရွက်ချက်များ၊ မြန်မာသမိုင်းသုတေသနစာတမ်းများကို ရေးသားပြုစုခြင်း၊ စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ တစ်နှစ်တာဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင့်သွင်က ခရီးသွားမူဝါဒချမှတ်ခြင်း၊ တည်ဆဲဥပဒေများ၏ စိုးမိုးမှုရှိစေခြင်း၊ နိုင်ငံတကာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ခြင်း၊ တာဝန်သိခရီးသွားလုပ်ငန်း မျှော်မှန်းချက်များ၊ ခရီးသွားလုပ်ငန်း၏ ရှေ့လုပ်ငန်းစဉ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လူနေမှုအဆင့်မြှင့်တင်ရေး၊ ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာခြင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အခွင့်အရေးများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ဆောင်ရွက်ခဲ့မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးစီးဌာနရုံးများဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသားစိစစ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်၌ ရွှေပြားကပ်လှူမည့်ကိစ္စ၊ လှူဒါန်းငွေများ စနစ်တကျထိန်းသိမ်းနေမှုနှင့် ဝန်ထမ်းများ လစာကိစ္စ၊ ဆရာတော်ဦးဝီရသူ၏ တိပ်ပိတ်တရားဟောနေသည့်ကိစ္စ၊ မြန်မာ့သမိုင်းအမှန် ဆောင်ရွက်မှုကိစ္စ၊ သာသနိကအဆောက်အအုံများ၌ ဒရုန်းပျံသန်းမှုကိစ္စ၊ ဘာသာအလိုက်ဘုရားဖူးစေလွှတ်မှု ကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဇီကာဗိုင်းရပ်စ်နောက်ဆုံးအခြေအနေ၊ ပြည်သူ့ဆေးရုံများ၌ လူနာများအပေါ် နွေးထွေးစွာဆက်ဆံရေး၊ ဆေးဝါးများပြင်ပမှ ဝယ်ယူနေမှု၊ မူခင်းဆေးစာနောက်ကျနေမှု၊ ဆီးချို၊ သွေးချိုစသည့် မကူးစက်သော ရောဂါများ ကာကွယ်ကုသနေမှုကိစ္စရပ်များကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ Home Stay နေထိုင်လည်ပတ်ခွင့်၊ ပုဂံ-ဘန်ကောက် ခရီးစဉ်ဆောင်ရွက်မည့်အခြေအနေ၊ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်မှုနှင့် ခရီးသွားလုပ်ငန်းလိုင်စင် ထုတ်ပေးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စစ်ဘေးသင့်ဒေသများ အရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များ ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၂၈**

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အဓိကရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ကိစ္စများကို အဓိကဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လမ်းကြောင်းကို အခြေခံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို သွားပါကြောင်း၊ NCA အရ နိုင်ငံရေးဆွေးနွေးသည့်အခါ အဓိကအရေးကြီးသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ပြန်ပြင်မည်ဖြစ်ပါကြောင်း၊ NCA ကိုမူ ပြန်ပြင်၍မရပါကြောင်း။

နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်သည့် အစည်းအဝေးများပြုလုပ်ပါကြောင်း၊ NCA လက်မှတ်မရေးထိုးရသေးသည့် UNFC, DPN အပြင် “ဝ”နှင့် မိုင်းလားအဖွဲ့များကိုပါ ဖိတ်ခေါ်ပြီး ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကို နေပြည်တော်၌ စတင်ကျင်းပခဲ့ပါကြောင်း၊ ညီလာခံဆွေးနွေးပွဲတွင် စာတမ်းများ တင်ပြကြပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့များအပြင် “ဝ”၊ မိုင်းလား၊ UNFC အဖွဲ့များပါ စာတမ်းများတင်ပြခဲ့ကြပါကြောင်း။

မေ ၂၄ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော်တွင် ပြုလုပ်ခဲ့ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်ရှစ်ဦးနှင့် တွေ့ဆုံပြီး မေ ၂၄ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကျင်းပရန် ဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်တွင် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်အောင်



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး

နှစ်ဖက်စလုံးက ကြိုးပမ်းဆောင်ရွက်သွားရန်ဆိုသည့် အပေါ်တွင်လည်း ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါကြောင်း၊ ယနေ့ (မေ ၂၈ ရက်)တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ခေါင်းဆောင်များဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးမှုအပေါ်မူတည်ပြီး UNFC က မေ ၂၄ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်နိုင်မည့်အခြေအနေ ထွက်ပေါ်လာမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ကိစ္စသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတွင် အဓိကအရေးပါသည့်ကိစ္စဖြစ်သည့်အတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံ မောင်တောဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့မည်ဟုဆုံးဖြတ်ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ချချိန်တွင် မြန်မာနိုင်ငံက သဘောမတူ၊ လက်မခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့ကို မြန်မာနိုင်ငံက လက်မခံပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လာမည့် ဆောင်ရွက်ချက်များကိုလည်း လက်ခံမည်မဟုတ်ပါကြောင်း၊ ယင်းအဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်မည်ဆိုပါကလည်း လက်ခံမည်မဟုတ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် အစိုးရအနေဖြင့် ဘက်ပေါင်းစုံဆောင်ရွက်ပေးနေသည့် အချိန်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်သည့် အကြမ်းဖက်တိုက်ခိုက်မှုကိစ္စများ ဖြစ်ပေါ်လာပါကြောင်း၊ မောင်တောတွင် ကြိုတင်လက်ဦးမှုရယူပြီး တိုက်ခိုက်ရန် ဖန်တီးပုံဖော်မှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းအောင် အစိုးရအနေဖြင့် များစွာဆောင်ရွက်နေပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိပါက ခိုင်မာသည့်အထောက်အထားပြရန် လိုပါကြောင်း၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သည့်သတင်းအချက်အလက်များ ထုတ်ပြန်စေကာမူ နိုင်ငံတကာမီဒီယာတွင် အပြုသဘောမဆောင်သည့် အမြင်များစွာ ပေါ်ထွက်နေပါကြောင်း၊ မီဒီယာများ မောင်တောဒေသသွားရောက်နိုင်အောင် စီစဉ်ပေးခဲ့ပါကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်ပြီး မီဒီယာများ သတင်းရယူနိုင်အောင် ထပ်မံစေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာ လူ့အခွင့်အရေးအရ မြန်မာနိုင်ငံအပေါ် တင်ထားသည့်စွဲချက်များ၊ ထိုးနှက်ချက်များကို တစ်ခုချင်း ပြန်ဖြေရှင်းနေရသည့် အနေအထားဖြစ်ပါကြောင်း၊ စွပ်စွဲချက်များကို လက်တွေ့လုပ်ဆောင်ချက်များဖြင့် ခြေဖျက်နေရပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပသတင်းမီဒီယာများက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ မေးမြန်းရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ဖြေကြားသည်။

**ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအကြားတွင်ရှိသည့် ရခိုင်ပြည်နယ်အရေးကိစ္စအား ကြားဝင်ညှိနှိုင်းပေးရန်**

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပထမတစ်နှစ်တာဆောင်ရွက်ချက်များ ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်အစိုးရက ကျန်းမာရေးကဏ္ဍအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၈၈၁ ဘီလီယံ သုံးစွဲခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျပ်ငွေ တစ်ထရီလီယံကျော်သုံးစွဲရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက တီဘီ၊ HIV၊ ငှက်ဖျား အစရှိသည့် ကူးစက်တတ်သည့်ရောဂါနှင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ ကင်ဆာရောဂါ အစရှိသည့် မကူးစက်တတ်သည့် ရောဂါများကို တားဆီးကာကွယ်ကုသပေးရေး၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှု၊ မတော်တဆနှင့် ထိခိုက်ဒဏ်ရာ ကာကွယ်ကုသရေး စသည့်လုပ်ငန်းများနှင့် ဘဝတစ်လျှောက်လုံးအား ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ စသည့်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ ဟန်ချက်ညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်နိုင်ငံလုံးတွင် ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခု ဖွင့်လှစ်ထားရှိပြီး ၇၀ ရာခိုင်နှုန်းဖြစ်သည့် ၁၂၄၅ ခုတွင် Community Health Clinic များ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှုကို သိရှိနိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားအာဟာရနှင့် အစားအစာ စားသုံးမှု စစ်တမ်းကို ကောက်ယူသွားမည်ဖြစ်ပါကြောင်း။

တီဘီရောဂါရှာဖွေရာတွင် သိပ္ပံနည်းကျ တိကျစွာ ဖော်ထုတ်သတ်မှတ်နိုင်ရန် ဇီဝလုံခြုံမှု အဆင့်(၃)(Biosafety III Laboratory) ဓာတ်ခွဲခန်းကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တည်ဆောက်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားသည်။

၂၀၁၆ ခုနှစ်အတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ လူနာစုစုပေါင်း ၁၂၀၀၀၀ အထိ တိုးချဲ့ကုသပေးနိုင်ခဲ့ပါကြောင်း၊ မိခင်မှ ကလေးသို့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကူးစက်မှုကိုလည်း ကာကွယ်ရန် ၇၉၀၀၀၀ အထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ လူနာများကို ဆေးကုသပေးသည့် ART ဆေးကုသဌာနကိုလည်း ယခုနှစ်အတွင်း ဌာန ၆၀ အထိ တိုးချဲ့ဖွင့်လှစ်နိုင်သည့်အတွက် စုစုပေါင်း ART ဆေးကုသဌာန ၃၀၀ အထိ ရှိနေပြီဖြစ်ပါကြောင်း။

အခြေခံကျန်းမာရေးဝန်ထမ်းများသည် ခက်ခဲသည့် ဒေသများသို့ ၉၅၆၉ ကြိမ် ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ကိုယ်ဝန်ဆောင် ၃၆၀၀၊ မွေးပြီး မိခင်နှင့် မွေးကင်းစကလေးများအပါအဝင် အထွေထွေ လူနာပေါင်း ၂၁၉၀၀ အတွက် GAVI က ကျပ်သန်းပေါင်း ၂၁၉၀ ထောက်ပံ့ခဲ့ပါကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးဝန်ဆောင်မှု ပိုမိုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာန ၈၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂၈ ခု တည်ဆောက်ပေးပြီး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်နေပါကြောင်း။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်းတွင် မြန်မာ့ဆေးလောက၏ မှတ်တိုင်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ခြောက်ကြိမ်၊ လူနာ ၁၉ ဦး



အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း

အား နှလုံးနှင့် သွေးကြောဆိုင်ရာ အကြီးစားခွဲစိတ်ကုသမှု ၁၉ ကြိမ်၊ ကလေးကျောက်ကပ်အစားထိုးလဲလှယ်ကုသမှုပေးခြင်း၊ ရိုးတွင်းခြင်ဆီ အစားထိုးကုသမှု ကိုးကြိမ်တို့ကို မြန်မာဆရာဝန်များနှင့် နိုင်ငံတကာမှ ပညာရှင်များနှင့် ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားသည့် Cardiac Cath Lab တွင် ခြောက်လတာကာလအတွင်း နှလုံးရောဂါဝေဒနာရှင် စုစုပေါင်း ၁၃၅၈ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသားသွေးဌာနခွဲအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သွေးတောင်းခံမှု၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းကို စေတနာရှင် သွေးလှူရှင်များက ထောက်ပံ့ပေးနိုင်ခဲ့ပြီး ၂ ဒသမ ၅ ရာခိုင်နှုန်းသာ လူနာရှင်များက ရှာဖွေပေးခဲ့ရပါကြောင်း။

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန်အတွက် သစ်လွင်ဆရာဝန် ၁၇၀၇ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၈၁ ဦး အပါအဝင် အမှုထမ်း၊ အရာထမ်း ၁၃၃၇၆ ဦးကို အသစ်ခန့်ထားနိုင်ခဲ့ပါကြောင်း။

ပြည်သူများ အရည်အသွေး ပြည့်ဝသည့် တိုင်းရင်းဆေးများ သုံးစွဲနိုင်ရန် အတွက် တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့် လိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းများကို စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးသုတေသနဦးစီးဌာနသည် ပုံမှန်ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများအပြင် ဗဟိုအဆင့် ဆေးရုံကြီးများသို့ စတင်ရောက်ရှိချိန်တွင် လူနာများစောင့်ဆိုင်းရသော ကြာချိန်နှင့် စပ်လျဉ်းသည့် သုတေသနစာတမ်း၊ ဗဟိုအဆင့်ဆေးရုံကြီးများ၏ ဝန်ဆောင်မှုများအပေါ် လူနာများ၏ စိတ်ကျေနပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပြကျန်းမာရေးဌာနများကို ဆန်းစစ်သော သုတေသနလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဈေးကွက်အတွင်းမှ ဆေးဝါးများကိုစိစစ်ပြီး ပြစ်မှုကျူးလွန်သည့် ဆေးဆိုင်နှင့် လုပ်ငန်းစုစုပေါင်း ၇၅ ခုကို တရားစွဲဆိုခဲ့ပါကြောင်း၊ ပြည်သူများအတွက် အန္တရာယ်ရှိသည့် တရားမဝင်ဆေးဝါးနှင့် သက်တမ်းလွန်ဆေးဝါးများကို ရှာဖွေဖော်ထုတ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၂၇၁ ကျော်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျပ်သိန်းတစ်သောင်းကျော် တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ဖျက်ဆီးခဲ့ပါကြောင်း၊ တားမြစ်ဓာတုပစ္စည်းပါဝင်သည့် အလှကုန်ပစ္စည်း ၃၇ မျိုးကို ဖော်ထုတ်ဖမ်းဆီးပြီး ဖျက်ဆီးနိုင်ခဲ့ပါကြောင်း။

Township Sports Development Program (TSDP)အရ မြို့နယ် ၁၅၁ မြို့နယ်တွင် အားကစားနည်းမျိုးစုံပါဝင်သည့် အားကစားပြိုင်ပွဲများကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်း ၁၇ မျိုးကို အုပ်ချုပ်သူ၊ နည်းပြ ၇၂ ဦး၊ ကစားသမား ၂၈၈ ဦး၊ GYM ၁၃ ဦး၊ နိုင်ငံခြားနည်းပြ ကိုးဦး၊ ရန်ကုန်မြို့တွင် အားကစားနည်း ၁၃ မျိုးကို အုပ်ချုပ်သူ၊ နည်းပြ ၅၉ ဦး၊ အားကစားသမား ၂၅၂ ဦး စခန်းသွင်း လေ့ကျင့်လျက်ရှိပါကြောင်း အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပသတင်းမီဒီယာများက မေးမြန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

**မှုခင်းဆေးဆရာဝန်များတိုးတက်ရေး မေးခွန်း**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဖြေကြားရာတွင် မှုခင်းဆိုင်ရာ ဆေးစာများ နောက်ကျနေရခြင်းသည် မြန်မာနိုင်ငံ၌ မှုခင်းဆရာဝန်အရေအတွက် နည်းပါးနေသည့်အပြင် မှုခင်းတစ်ခုအပေါ် ဆေးဘက်ဆိုင်ရာအမြင်ပေးရာ၌ စနစ်တကျစစ်ဆေးပြီး မှတ်ချက်ပြုရသည့်အတွက် အချိန်ကြန့်ကြာမှု ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မှုခင်းဆရာဝန်အရေအတွက် တိုးတက်လာရန် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်နေပါကြောင်း၊ ထို့ပြင် အရေးပေါ်ကိစ္စရပ်များအတွက် မှုခင်းဆရာဝန်၏ ဆေးမှတ်ချက် လိုအပ်ပါကလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

**ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူ၏ နောက်ဆုံးအခြေအနေ**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ယခင်က ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦး တွေ့ရှိခဲ့သော်လည်း စနစ်တကျ ကုသပေးသည့်အပြင် လူနာရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ဆေးကုသမှုခံယူခဲ့ပါကြောင်း၊ အဆိုပါ ကူးစက်ခံရသူအပြီးတွင် မြန်မာနိုင်ငံ၌ ဇီကာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့ခြင်း မရှိပါကြောင်း၊ ထို့ပြင် ဇီကာဗိုင်းရပ်စ်ရောဂါ၏ နောက်ဆက်တွဲ ဖြစ်စဉ်များ ယခုအချိန်ထိ ဖြစ်ပွားခြင်းမရှိသည့်အပြင် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**မကူးစက်သောရောဂါများ ကြိုတင်ကာကွယ်နေမှု**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က မကူးစက်သော(ဆီးချို၊ သွေးချို စသည့်) ရောဂါများ ကာကွယ်ကုသရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စီမံချက်များ ရေးဆွဲဆောင်ရွက်နေသည့်အပြင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ရောဂါများသည် မြို့ကြီးများတွင်သာမက ကျေးလက်ဒေသများ၌ပါ ဖြစ်ပွားလာသည့်အတွက် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆီးချို၊ သွေးချို ရောဂါကုသရေးဆေးဝါးများကို ဖြည့်တင်းကုသပေးလျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပထမတစ်နှစ်တာဆောင်ရွက်ချက်များ ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးမင်းအေးကိုက ဝန်ကြီးဌာန၏ ရည်မှန်းချက်များမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးစသည့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါ သတ်မှတ်ချက်များအတိုင်း အပြည့်အဝ ခံစားရရှိစေရေးဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ မူလဝိသေသလက္ခဏာများ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။



ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကို

ဝန်ကြီးဌာန၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းပြုစုရေးဆွဲတင်ပြခြင်းကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးက ၂၃-၈-၂၀၁၆ ရက်တွင် ရန်ပုံငွေ ၁ ဒသမ ၅၉ ဘီလီယံကျပ် ခွဲဝေခွင့်ပြုခဲ့ပါကြောင်း၊ ခွင့်ပြုငွေသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ သုည ဒသမ ၀၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အခွင့်အရေးများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အနေဖြင့် မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသည့် ရုံးသုံးဘာသာစကား၊ တိုင်းရင်းသားဘာသာစကားများနှင့် နိုင်ငံတကာသုံး ဘာသာစကားများကို ကျောင်းပညာ သင်ကြားရာတွင် ပေါင်းကူးဆက်သွယ်မှု ရရှိနိုင်ရန် မူဝါဒဆိုင်ရာဆွေးနွေးပွဲ (National Language Policy Symposium) ကို ပညာရေးဝန်ကြီးဌာန၊ UNICEF တို့နှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

မြန်မာနိုင်ငံက ထောက်ခံပါဝင်ခဲ့သည့် ကုလသမဂ္ဂဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးကြေညာစာတမ်း (UNDRIP)ပါ အကြောင်းအရာများ လေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO)နှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

National Policy Dialogue on the Rights of Indigenous People in Myanmar ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ချင်းလူ့အခွင့်အရေးအဖွဲ့နှင့်ပူးပေါင်း၍ နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

နည်းဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊ တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ နွေရာသီစာပေနှင့် ယဉ်ကျေးမှုသင်တန်းများကို အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနရုံးများကို စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး မွန်ပြည်နယ်ဦးစီးဌာနရုံးကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင်လည်းကောင်း၊ ကရင်ပြည်နယ်ဦးစီးဌာနရုံးကို ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အခြားကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသားများ၏ အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ အခမ်းအနားများ ကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးက သဝဏ်လွှာပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစီးဌာနနှစ်ခု၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ကရင်၊ ကယား၊ ချင်း၊ မွန်ပြည်နယ်တို့နှင့် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရုံးအဆောက်အအုံသစ်များ တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် နည်းဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက်

**စာမျက်နှာ ၁၁ သို့**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များ ရှင်းလင်းဖြေကြား

**နေပြည်တော် ဧပြီ ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီမှစတင်၍ စံချိန်စံညွှန်း ကိုက်ညီသော ရွှေသင်္ကန်းတော်များကိုကပ်လှူနိုင်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေတိဂုံစေတီတော် လုံခြုံရေးအတွက် မောင်းသူမဲ့လေယာဉ် Drone ၁၀ စင်းခန့် ထိန်းသိမ်းထားပါကြောင်း၊ အဆိုပါ Drone အန္တရာယ်ကို ကာကွယ်နိုင်စေရန် Anti Drone များဝယ်ယူဖြည့်ဆည်းခြင်း၊ CCTV Camera များတပ်ဆင်ခြင်းနှင့် ပရိဝုဏ် အောက်ခြေပတ်လည် တစ်လျှောက် အလင်းမီးတိုင်များ အားဖြည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် စိတ်ချမ်းမြေ့စွာတည်းခိုနိုင်ရေးအတွက် တိဿ၊ သီဟ၊ ဆီမီး ၉၀၀၀၊ ပြည့်စုံ (ရင်ပြင်တော်)၊ ပြည့်စုံ (မုဆိုးတောင်)နှင့် သုံးထပ်ဓမ္မာရုံတို့ကို ဘုရားဖူး ၁၂၇၉ ဦး အခမဲ့တည်းခိုနိုင်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ပြီး အခန်းပေါင်း ၃၅၆ ခန်းကိုသက်သာသောနှုန်းထားဖြင့် တည်းခိုနိုင်စေခဲ့ပါကြောင်း၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား တန်ခိုးကြီးဘုရား အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဂေါပကအဖွဲ့စည်းမျဉ်းများ ရေးဆွဲခြင်းနှင့် ဂေါပကအဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများကို ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း။

အမုန်းစကားကာကွယ်တားဆီးရေးဥပဒေ(မူကြမ်း)ကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ၂၀၁၆ ခုနှစ် ဇူလိုင်လ တတိယပတ်တွင် ရေးဆွဲပြီးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ်တွင် ရစ်ချ်တာစကေးအင်အား ၆ ဒသမ ၈ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိုသို့ ထိခိုက်ပျက်စီးမှုများကို အရေးပေါ်စာရင်းကောက်ယူမှုအရ ၃၈၉ ဆူ ထိခိုက်ပျက်စီးမှုရှိပါကြောင်း၊ အသေးစားပျက်စီးမှုအနေဖြင့် ယာယီစာရင်းအရ အဆူ ၃၀၀ ကျော်ဖြစ်ပြီး အကြီးစားထိခိုက်ပျက်စီးမှုမှာ ၃၆ ဆူခန့်နှင့် အလတ်စားထိခိုက်ပျက်စီးမှုမှာ ၅၃ ဆူ ဖြစ်ပါကြောင်း။

နိုင်ငံတကာစံနှုန်းများနှင့်အညီ မှတ်တမ်းရယူခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှ GIS ကျွမ်းကျင်သူများ၊ ငလျင်ဆိုင်ရာ ပညာရှင်များနှင့် UNESCO မှ ပညာရှင်များက လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် မြေပုံရေးဆွဲဆောင်ရွက်နေပါကြောင်း၊ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသော မြစေတီကျောက်စာအား ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အဆိုပြုပုံစံများရေးသား၍ UNESCO သို့ တင်သွင်းခဲ့ရာ အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီမြို့၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိကျင်းပသော ကမ္ဘာ့မှတ်တမ်းများအမွေအနှစ်အစီအစဉ်၊



ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ

အပြည်ပြည်ဆိုင်ရာအကြံပေးကော်မတီ၏ (၁၂)ကြိမ်မြောက်အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်လျှောက်ထားမှုပေါင်း ၈၇ ခုအနက်မှ မြန်မာနိုင်ငံမှ တင်သွင်းသော မြစေတီကျောက်စာကို ကမ္ဘာ့မှတ်တမ်းတင်အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

ပုဂံယဉ်ကျေးမှုနယ်မြေ၊ ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းထားသော မွန်၊ မြန်မာ၊ ပါဠိသုံးဘာသာရေးထိုးထားသော ခေါင်းလောင်းစာအား ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ရောက်ရေး စတင်တင်သွင်းခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် မေ ၁၈ ရက် မှ ၂၀ ရက်အထိ အာရှ-ပစိဖိတ်ဒေသအတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ အစည်းအဝေးတွင် ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာ့မှတ်တမ်း အမွေအနှစ် (Memory of the World) အဖြစ် ၂၀၁၇ ခုနှစ်အတွင်း သတ်မှတ်ခြင်း ခံရနိုင်ပါကြောင်း။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့တွင် ကျောင်းသားကျောင်းသူများအား တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရုပ်သေးပညာရပ်များကို နိုင်ငံတကာမှ သိရှိစေရန် ရုပ်သေးပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတကာရုပ်သေးပညာရပ်နှင့် ရုပ်ရှင်ရိုက်ကူးရေးပညာရပ်များ လေ့လာသိရှိခွင့်ရရှိစေရန် မြန်မာ-အစ္စရေး နှစ်နိုင်ငံပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့် အစ္စရေးနိုင်ငံမှ ဒါရိုက်တာများက ရုပ်ရှင်ရိုက်ကူးရေး သင်ခန်းစာများကို လာရောက်ပို့ချပေးခဲ့ပါကြောင်း။

ဂျပန်နိုင်ငံသံရုံး၏ စီစဉ်ကူညီမှုဖြင့် Restaurant of Many Orders ပြဇာတ်နှင့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့် ပူးပေါင်း၍ Korea Association of Classical Music Exchange ကိုလည်းကောင်း၊ ထိုင်းနိုင်ငံနှင့် ပူးပေါင်း၍ Suranaree University Of Technology ကိုလည်းကောင်း အနုပညာတင်ဆက်မှုများကို ပြုလုပ်နိုင်ခဲ့ပါကြောင်း။

မြန်မာ့သမိုင်း၏ ပကတိဖြစ်ရပ်မှန်များကို သုတေသနပြု ရေးသားပြုစုနိုင်ရန်အတွက် မြန်မာ့သမိုင်းအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ကျွမ်းကျင်ပညာရှင်များက မိမိတို့ပိုင်နိုင်ရာ ခေတ်ကာလအပိုင်းအခြားအလိုက် ရေးသားပြုစုကြရန် စီမံချက်ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖြေကြားကြသည်။

**တိပိဋကတရားဟောခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက ဆရာတော်ဦးဝီရသူသည် တိပိဋကတရားဟောခြင်း (၉) ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သာသနာရေးသည် ထိလွယ်ရှလွယ်သော ကိစ္စဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့နှင့် နိုင်ငံတော်အစိုးရအဖွဲ့ထံသို့ အဆင့်ဆင့် တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဖြေကြားရန် အချိန်စောသည့်အတွက် တုံ့ပြန်အရေးယူမှုများနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာန အင်တာနက်စာမျက်နှာ အပါအဝင် သတင်းများ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**သာသနိက အဆောက်အအုံများတွင် မသင့်လျော်သောပုံများ တင်ထားခြင်းနှင့်** စပ်လျဉ်း၍ ဖြေကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တိုက်ရိုက်ကိုင်တွယ်သင့်သည့် ဘုရားပုထိုးစေတီများ၊ သာသနိက အဆောက်အအုံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဂေါပကအဖွဲ့ထံ မူဝါဒများကို ချမှတ်ပေးပါကြောင်း၊ ကျန်ဒေသများရှိ ဘုရားပုထိုးစေတီများနှင့် သာသနိက အဆောက်အအုံများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ပိုင်ခွင့်အာဏာတွင် ထည့်သွင်းလုပ်ပိုင်ခွင့် ပေးထားပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝိုင်းဝန်းလုပ်ဆောင်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း မူဝါဒဆိုင်ရာအရ ညှိနှိုင်းဆောင်ရွက်ပေးပါကြောင်း၊ အမှန်တကယ် အကောင်အထည်ဖော်ထိန်းသိမ်းကြပ်မတ် အရေးယူဆောင်ရွက်ရမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဂေါပကအဖွဲ့များမှ လွတ်လပ်စွာဆောင်ရွက်ခွင့် ပြုထားပါကြောင်း ဖြေကြားသည်။

**မြန်မာ့သမိုင်း အမှန်ပြုစုရေး**နှင့်စပ်လျဉ်း၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က တကယ့်ဖြစ်ရပ်အမှန်အတိုင်း လွတ်လွတ်လပ်လပ်ရေးရန် တာဝန်ပေးထားပါကြောင်း၊ ခေတ်အလိုက် ရေးသားရာတွင် ဖြစ်ပျက်ခဲ့သည့် သမိုင်းဖြစ်ရပ်မှန်များကို စနစ်တကျရေးရန်၊ ရေးသည့်အပေါ်တွင် ဌာနအနေဖြင့် တာဝန်ခံပေးမည်ဖြစ်ကြောင်း ပြောကြား၍ တာဝန်ပေးထားပါကြောင်း၊ သမိုင်းတွင် ရေးပြီးသားအပိုင်းများကိုလည်း တကယ့်ဖြစ်ရပ်မှန်အတိုင်း ဟုတ်၊ မဟုတ် စနစ်တကျ ပြန်လည်စိစစ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ရန် တာဝန်ပေးထားပါကြောင်း၊ မြန်မာ့သမိုင်းအဖွဲ့ကို လွတ်လွတ်လပ်လပ်ရေးသားရန် တာဝန်ပေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

---

◆ စာမျက်နှာ ၈ မှ

**တရုတ်နိုင်ငံမှ အထူးသံတမန်တစ်ဦးက စီစဉ်နေမှုနှင့်စပ်လျဉ်း၍ အစိုးရ၏ သဘောထားအား သိရှိလိုကြောင်းမေးခွန်းအပေါ်** ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းနေပါကြောင်း၊ အစိုးရ၏ မူဝါဒမှာ ယခုကိစ္စအား ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနှစ်နိုင်ငံချင်း ညှိနှိုင်းဖြေရှင်းသွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနည်းတူ အပြုသဘောဆောင်သည့် ထောက်ပံ့ကူညီမှုများ လုပ်ဆောင်ပေးနိုင်ပါကြောင်း ဖြေကြားသည်။

**ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကိစ္စနှင့် အုပ်ချုပ်ရေးယန္တရား ပိုမိုကောင်းမွန်အောင် မည်သို့စီမံဆောင်ရွက်ထားကြောင်းနှင့် စပ်လျဉ်း၍** NVC ကတ်နှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အဓိကမှာ နိုင်ငံသားအခွင့်အရေးပေးနိုင်ရန် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခံယူရမည့် NVC ကတ် လုပ်ရမည်ဖြစ်ပါကြောင်း၊ ပြီးပါက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (Nationality Verification Process) ကို ဝင်ရမည်ဖြစ်ပါကြောင်း၊ စိစစ်ရာတွင်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် တည်ဆဲဥပဒေဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ဥပဒေကိုကျော်လွန်ပြီး လုပ်ဆောင်ပေး၍မရပါကြောင်း၊ NVC ကတ်များကို ကျေးရွာများအထိ သွားရောက်လုပ်ဆောင်ပေးနိုင်ရန် စီစဉ်နေပါကြောင်း။

ရခိုင်ပြည်နယ်တွင် မီဒီယာများလာရောက်မေးမြန်းရာတွင် ဖြေကြားခဲ့သူများ၊ အုပ်ချုပ်ရေးနှင့်ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိသူများ၊ အောက်ခြေတွင် ဖြစ်ပျက်နေသည့် အမှန်တရားအား ပြောကြားသူများ အသတ်ခံခဲ့ရပါကြောင်း၊ အကြောက်တရားဖြင့် ယင်းလူ့အဖွဲ့အစည်းအတွင်းတွင် ခြိမ်းခြောက်မှုများ လုပ်နေပါကြောင်း၊ အသတ်ခံရသည့်ကိစ္စများအား စုံစမ်းဖော်ထုတ် အရေးယူနေမှုများရှိပါကြောင်း၊ ယခုထက်ပို၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယင်းဒေသတွင် နောက်ထပ်အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ရန် ကြိုးပမ်းမှုများရှိနေပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်မလာအောင် ကြိုတင်ကာကွယ်ဆောင်ရွက်နေမှုများရှိပါကြောင်း၊ ရွာထဲမှ လူငယ်များကိုစည်းရုံး၍ အကြမ်းဖက်သင်တန်းများပေးနေပါကြောင်း၊ ၎င်းတို့၏ ရည်ရွယ်ချက်မှာ တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် လုံခြုံရေးစခန်းများအား တိုက်ခိုက်ရန်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို လက်ဦးမှုရယူပြီး နှိမ်နင်းနိုင်ခဲ့ပါကြောင်း ဖြေကြားသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်သည့်မေးခွန်းကို ဖြေကြားရာတွင်** အစိုးရသစ်လက်ထက်တွင် တိုင်ကြားနိုင်သည့် ဌာနများဖွင့်လှစ်၍ ဆောင်ရွက်ပါကြောင်း၊ တိုင်ကြားမှုထဲတွင် အများဆုံးမှာ မြေယာကိစ္စ၊ ဒုတိယအများဆုံးမှာ တရားစီရင်ရေးနှင့်ပတ်သက်သည့် တိုင်ကြားမှု၊ တတိယအများဆုံးမှာ ဌာနဆိုင်ရာကိစ္စများဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အမြန်ဆုံးနိုင်ငံသည် ၁၀ နှစ်ကြာပါကြောင်း၊ ယင်းစိန်ခေါ်မှုကို အချိန်ယူဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်သည့် ငွေကြေးကိစ္စအား ပြန်လည်ပေးလျော်ရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူရန်ညွှန်ကြားထားပါကြောင်း၊ အစိုးရသစ်၏ မူဝါဒမှာ နောက်ကြောင်းပြန်လှန်ရန် မဟုတ်ပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များရှိပါကြောင်း၊ ယင်းကိစ္စများကို ထားပြီး ယခုအစိုးရသစ်လက်ထက်တွင် အစိုးရသစ်၏မူဝါဒနှင့်အညီ အကောင်းဆုံး ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်လာအောင် ဆောင်ရွက်မည့်အခြေအနေအား သိရှိလိုကြောင်း မေးခွန်းအပေါ်** NCA လက်မှတ်မရေးထိုးသေးသည့် အဖွဲ့များပါဝင်လာအောင် ကြိုးပမ်းသွားရန် ရှိပါကြောင်း၊ NCA လက်မှတ်ထိုးပြီးသားအဖွဲ့များ တက်ရမည်၊ မထိုးရသေးသည့် အဖွဲ့များ မတက်ရဘူးဆိုသည်မှာ မဟုတ်ပါကြောင်း၊ အဆိုပါအဖွဲ့များ ပါဝင်ရန် အားလုံးက လက်ခံထားပါကြောင်း၊ မည်သည့်နည်းလမ်းဖြင့် တက်ရောက်ရမည်၊ မည်သည့်အခန်းကဏ္ဍအထိ ပါဝင်ရမည်ကို လာမည့် မေ ၁၂ ရက်တွင် ကျင်းပမည့် UPDJC အစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် နိုင်ငံရေးကိစ္စများ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးပွဲမလုပ်ဖြစ်ခဲ့ပါကြောင်း၊ စာတမ်းများသာတင်ခဲ့ပါကြောင်း၊ ယခုအကြိမ်တွင် တကယ့်နိုင်ငံရေးဆွေးနွေးပွဲ၊ နိုင်ငံရေးအပေးအယူလုပ်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

---

✪ ကျောဖုံးမှ

နှစ်ဖက်ညှိနှိုင်းမှုများအရ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားဖြစ်ရန် သေချာသလောက်ရှိနေပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် အင်တာမီလန်လူငယ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာယူ-၁၈ အသင်းမှာလည်း အာဆီယံယူ-၁၈ ပြိုင်ပွဲမယှဉ်ပြိုင်မီ တစ်လအလိုတွင် နိုင်ငံတကာခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဇွန်လတွင် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ရန်ကုန်မြို့၌ကျင်းပမည့် KBZ Bank Cup လေးနိုင်ငံဖိတ်ခေါ် ယူ-၂၂ ပြိုင်ပွဲ၊ ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၌ကျင်းပမည့် အာဆီယံယူ-၁၈ ချန်ပီယံရှစ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး ဂတ်ဖရိုင်းဒရစ်၊ မြန်မာ ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ပြင်သစ်လူမျိုးဘန်လာဘီတို့က ကိုင်တွယ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် ယူ-၁၈ အသင်းတို့သည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရန်မျှော်မှန်းထားသည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၂၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြထားသော "ချောင်းဆုံ-မော်လမြိုင် ဆက်သွယ်ထားသည့် . . . . . . ပြည်သူများ ပျော်ရွှင်စွာဖြတ်သန်း" သတင်း၏ တတိယကော်လံ၊ စာကြောင်းရေ (၇) တွင် ဧပြီ ၂၇ ရက်မှ မေ ၅ ရက်အထိဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(စာတည်း)

**❑ စာမျက်နှာ ၉ မှ**

ဆက်လက်ဆောင်ရွက်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန်၊ တိုင်းရင်းသားစာပေများ သင်ကြားနိုင်ရေးနှင့် ထိန်းသိမ်းမြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်တို့ ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက ပြန်လည်ဖြေကြားသည်။

**စစ်ပွဲဒဏ်ခံ ဒေသခံများအတွက် ဆောင်ရွက်နေမှု**နှင့် စပ်လျဉ်း၍ အဆိုပါဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးကူညီထောက်ပံ့မှုနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု စသည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အကူပြုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုင်းရင်းသားရေးရာကိစ္စရပ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနရုံးခွဲများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရုံးခွဲများ ဖွင့်လှစ်ခဲ့သည့်အပြင် မကြာမီကာလအတွင်း ရန်ကုန်မြို့၌ ရုံးခွဲတစ်ခု ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများ**နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် UPDJC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေသည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ဆွေးနွေးပွဲများ၌ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများက ဦးဆောင်ပါဝင် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အထောက်အကူပြုအနေဖြင့် ပါဝင်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအား စားပွဲဝိုင်းဆွေးနွေးပွဲတွင် တက်ရောက်ပါဝင်ဆွေးနွေးရန် တိုက်တွန်းခဲ့သည့်အပြင် ဒေသအတွင်းရှိ ဩဇာရှိသူများအား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ကြရန် လိုက်လံတွေ့ဆုံပြောကြားခဲ့ပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

**❋ မြန်မာနိုင်ငံမှ**

ပိုမိုလက်လှမ်းမီအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် ငွေကြေးဖောင်းပွမှုကို နည်းပါးအောင်လုပ်ပြီး ငွေကြေးကို တည်ငြိမ်အောင် ထိန်းထားနိုင်ရင် အရည်အသွေးမြင့်မားသည့် ရင်နှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်မည်ဖြစ်သည့်အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပေါ် ထွန်းနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ပါဝင်ကူညီခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းသာဂုဏ်ယူမိပါကြောင်း ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး Ulrich Zahau ကပြောကြားခဲ့သည်။ **(ကြေးမုံ)**

World Veterinary Day, 29 April, 2017
ANTIMICROBIAL RESISTANCE-FROM AWARENESS TO ACTION
ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့၊ ဧပြီလ (၂၉) ရက် ၂၀၁၇ ခုနှစ်
ပဋိဇီဝဆေးခုခံယဉ်ပါးမှုတိုက်ဖျက်ရေး အသိပညာပေးကာဆောင်ရွက်ပေး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ငွေကျပ် ၅၀၀ တန်ထီ မေ ၁ ရက် ဖွင့်မည်

**ရန်ကုန် ဧပြီ ၂၈**

(၂)ကြိမ်မြောက် ငွေကျပ် ၅၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မေ ၁ ရက် တနင်္လာနေ့ နံနက် ၈ နာရီမှစတင်ကာ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၀၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀ ၃၂ ဆု၊ ကျပ်သိန်း ၅၀ ၃၈ ဆု၊ ကျပ် ၁၀ သိန်း ၄၂ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်းငါးလုံးတူ (၁၀)ယူနစ်အတွက် ကျပ် သုံးသိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ (၁၀)ယူနစ်အတွက် ကျပ်နှစ်သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ (၂၁)ယူနစ်အတွက် ကျပ်တစ်သိန်း ၂၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ (၇)ယူနစ်အတွက် ကျပ် ငါးသောင်း ၇၀၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၉၂၂၁၅ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များ ရှင်းလင်းဖြေကြား

**နေပြည်တော် ဧပြီ ၂၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြည်တွင်း၊ ပြည်ပခရီးသွားများ ခရီးသွားသည့်အခါ ပျော်ရွှင်ချမ်းမြေ့ရန်နှင့် စိတ်နှလုံးအေးချမ်းရန် လိုပါကြောင်း၊ ဝန်ဆောင်မှုပေးမည့်ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်အားလုံး အရည်အသွေးမြင့်သူများဖြစ်ရန် လိုအပ်ပါကြောင်း၊ ကောင်းမွန်သော စွမ်းဆောင်ရည်ရှိသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ခဲ့ပါကြောင်း။

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစ်မှတ်အများစုသည် ငွေကြေးများများသုံးနိုင်သည့် ဂျပန်၊ ကိုရီးယား၊ ဥရောပ၊ အမေရိကန်နိုင်ငံသားများဖြစ်ပါကြောင်း၊ အဓိကမှာ နိုင်ငံ၏နာမည်ကို သိရန်လိုအပ်ပါကြောင်း၊ မြန်မာဆိုသည်ကို ခရီးသွားများ သိရန်လိုပါကြောင်း၊ တစ်နည်းအားဖြင့် သတင်းဖြန့်ချိခြင်း အရေးကြီးပါကြောင်း၊ Information ကျယ်ကျယ်ပြန့်ပြန့်သိသွားရန် ပြပွဲများတွင် ခင်းကျင်းပြသနိုင်ခြင်းအပြင် နည်းမျိုးစုံနှင့် ဝက်ဘ်ဆိုက်များက တစ်ဆင့် ဖြန့်ချိရေး လုပ်ငန်းစဉ်များကိုပါ တစ်နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

လုပ်ငန်းစဉ်များကို ငွေကြေးမရှိဘဲ လုပ်၍မရပါကြောင်း၊ ဘတ်ဂျက်မှာလည်း အကန့်အသတ်နှင့် ပေးထားခြင်းဖြစ်ပါကြောင်း၊ တစ်နှစ်အတွင်း ပုဂ္ဂလိက၊ အခြားသောဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လာမည့်နှစ်အတွက် ငွေကြေးကဏ္ဍတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရရှိခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးနယ်ပယ်တွင် လက်နက်ကိုင်အဖွဲ့အစည်းများရှိနေသည့် နေရာများတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများ အများအပြား ရှိနေပါကြောင်း၊ အလားတူ ဥပဒေစိုးမိုးမှုအပြည့်အဝမရသေးသည့်နေရာများတွင် ခရီးသွားလုပ်ငန်းနှင့်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ ရှိပါကြောင်း၊ ဥပဒေစိုးမိုးမှုအောက်တွင် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် ခရီးသွားဖွံ့ဖြိုးမှု အထောက်အကူပြုလုပ်ငန်းများ လုပ်နိုင်ခဲ့မည်ဆိုပါက ပိုပြီးကောင်းမွန်သည့်ရလဒ်များ ရလာမည်ဖြစ်သည့်အတွက် ပြီးခဲ့သည့် တစ်နှစ်လုံး အခြေခံအားဖြင့် လုပ်ငန်းစဉ်များအားလုံးအပေါ် အားတက်သရော ဆောင်ရွက်ခဲ့ပါကြောင်း။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအား ဘာသာစကားသင်ပေးနိုင်ခဲ့ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာဗဟုသုတရှိရန် သက်ဆိုင်ရာဒေသအသီးသီးတွင် အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းစဉ်များအပေါ်တွင် ပြည်သူများပါဝင်လာသည်နှင့်အမျှ အထောက်အကူပြု အသိပညာပြန့်ပွား၊ တိုးပွားလာသည့်အတွက် ခရီးသွားလုပ်ငန်းကို ပြည်သူ၏ ထောက်ခံမှုပိုပြီး ရရှိလာမည်ဖြစ်ပါကြောင်း။

ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လူနေမှုမြှင့်တင်ရေးအတွက် ခရီးသွားကဏ္ဍမှ ကြိုးစားဖော်ဆောင်ခဲ့ပါကြောင်း၊ အဓိကလူနေမှုအဆင့်အတန်း နိမ့်ကျနေသေးသည့် ကျေးရွာလူထု၊ ဝင်ငွေနည်းပါးနေသေးသည့် ပြည်သူလူထုကို ဝင်ငွေတိုးပွားလာအောင် ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ တည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် ကျေးရွာကို သွားရောက်လည်ပတ်သည့် နိုင်ငံခြားသားများသည် ကျေးရွာအတွင်းရှိ သီးသန့်စီစဉ်ထားသည့် အိပ်ဆောင်များတွင် နေထိုင်ရင်း ပြည်သူလူထု၏ လူနေမှုဘဝကို လေ့လာနိုင်ပါကြောင်း၊ ကျေးရွာမှ တည်ခင်းဧည့်ခံသည့် မြန်မာ့ရိုးရာစားသောက်စရာများကို စားသောက်ပြီး လူနေမှုဘဝကို လေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသ၏ ရိုးရာပစ္စည်းများ ထုတ်လုပ်မှုနှင့် ချက်ပြုတ်စားသောက်သည့် လူနေမှုပုံစံများကို လေ့လာနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာကြီး၏ ခရီးသွားသည့်ပုံစံသည် အပန်းဖြေဟိုတယ်ကြီးများတွင် တည်းခိုရေးလုပ်ငန်းစဉ်များအပြင် ပြည်သူနှင့် ထိတွေ့ခြင်းဆိုသည့် လုပ်ငန်းစဉ်များ ပိုပြီးခေတ်စားလာသည့်အတွက် ထိုဒေသတွင်ရှိသည့် ပြည်သူလူထုအတွက် ဝင်ငွေရရှိမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးအတွက် နိုင်ငံတကာတွင် ကျင်းပသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပွဲတော်များ၊ ပြခန်းများတွင် လိုက်လံပါဝင်ပြသခဲ့ပါကြောင်း၊ ထိုသို့ပြသခဲ့သည့်အတွက် အခြားနိုင်ငံများမှ ခရီးသွားမြှင့်တင်ရေးအတွက် ဈေးကွက်အား မည်သို့မြှင့်တင်နေသည်ကို ပုဂ္ဂလိကအားလုံး အရင်ကထက် ပိုပြီးသိလာပါကြောင်း၊ ထိုပွဲလမ်းများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးအကြောင်းနှင့် မြန်မာနိုင်ငံတွင် ခရီးသွားရေးအတွက် ဆွဲဆောင်မှုအများအပြားရသည်ဆိုသည်ကို သက်သေပြနိုင်ခဲ့ပါကြောင်း။

စီးပွားရေးလုပ်ငန်းလုပ်နေသည့် လုပ်ငန်းလေးခုဖြစ်သည့် ဟိုတယ်လိုင်စင်၊ ခရီးသွားလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်နှင့် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များပေးပါကြောင်း၊ မိမိတို့အနေဖြင့် ပိုမိုပြီးတိုးတက်မြင့်မားစွာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် လိုင်စင်များ ချမှတ်ပေးနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းများသည် အလားအလာကောင်းသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတစ်နံတစ်လျားရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများမှာ ခရီးသွားလုပ်ငန်း၏အောက်တွင် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများကို လိုင်စင်လျှောက်ကြပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုကို ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြန်လည်ဖြေကြားသည်။

**ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း**ဆိုင်ရာ မေးခွန်းနှင့်စပ်လျဉ်း၍ မြိုင်ဒေသသို့ နိုင်ငံခြားသားများ လာရောက်ရခြင်းသည် ကျေးရွာ၏ ဝန်ဆောင်မှုများအား ခရီးသွားများက အထူးနှစ်ခြိုက်သည့်အတွက် ဖြစ်ပါကြောင်း၊ ကျေးရွာသို့ လာရောက်ကြသည့် နိုင်ငံခြားသားများအနေဖြင့် ရိုးရာယဉ်ကျေးမှုဒေသဓလေ့ထုံးစံများအပြင် ကျေးလက်နေပြည်သူများ၏ နေ့စဉ်လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခွင့်ရသည့်အတွက် ပိုမိုနှစ်ခြိုက်ကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်သည့်အတွက် ဒေသခံပြည်သူများအတွက် ထိုက်သင့်သည့် ငွေကြေးဝန်ဆောင်မှုများရရှိသည့်အပြင် ဒေသထွက် ဒေသန္တရစားသောက်ကုန်များနှင့် လက်မှုပစ္စည်းများကိုလည်း ရောင်းချရပါကြောင်း၊ အဆိုပါ ဒေသသို့ နှစ်စဉ်ခရီးသွားဧည့်သည်များ တိုးတက်လာရောက်လျက်ရှိပါကြောင်း၊



ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းသည် လာရောက်သည့် နိုင်ငံခြားသားဧည့်သည်များ စိတ်ချမ်းမြေ့ပြီး ပြည်သူများအတွက်လည်း ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိသည့် နှစ်လမ်းသွား ကောင်းမွန်သည့် လုပ်ငန်းဖြစ်သည့်အတွက် အနာဂတ်တွင် ယခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မိုးရာသီ ခရီးသွားမြှင့်တင်ရေးလုပ်ငန်း**နှင့်စပ်လျဉ်း၍ မိုးရာသီကာလ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းကို ဖော်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ကဏ္ဍများနှင့်ပူးပေါင်းပြီး ဆွေးနွေးဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ မိုးရာသီကာလဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများသည် ဥရောပ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား အစရှိသည့် နိုင်ငံများ၏ အားလပ်ချိန် နွေဦးကာလဖြစ်သည့်အတွက် ၎င်းအချိန်ကို အဓိကထား စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**ပုဂံ - အန်ကောဝပ် ခရီးစဉ်တစ်ခု**နှင့်စပ်လျဉ်း၍ မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ အကြားရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသနှစ်ခုဖြစ်သော ပုဂံ - အန်ကောဝပ် ဒေသနှစ်ခုအား ခရီးစဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါက ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံ ပုဂံဒေသအား လည်ပတ်ပြီးပါက ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဒေသသို့ ဆက်လက်လှည့်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံ - အန်ကောဝပ် ခရီးစဉ်တစ်ခု အစီအစဉ်အတွက် လိုအပ်သည့် လေကြောင်းတိုက်ရိုက်ပြေးဆွဲနိုင်ရေးအပြင် ပုဂံလေဆိပ်ကို နိုင်ငံတကာ ဝင်/ထွက်ပေါက်အဖြစ် စီစဉ်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကာမရာဂစိတ်ကြွဆေးများနှင့် လိင်ဆက်ဆံရာတွင် အသုံးပြုသည့် ပစ္စည်းရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ



(ဝဲမှယာ)သီဟမောင်မောင်နှင့် ပြည့်ဖြိုးအောင်တို့အား သိမ်းဆည်းရမိ ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၈**
ကာမရာဂစိတ်ကြွဆေးများနှင့် လိင်ဆက်ဆံရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား အင်တာနက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ပြည်သူများအား ဆက်သွယ်ရောင်းချမှုများရှိနေကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းများရယူပြီး ဖမ်းဆီးအရေးယူခဲ့ရာ မေ ၂၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်း အင်းစိန်ဆေးရုံရှေ့၌ ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက်နေ မျိုးဇင်မင်း(ခ)မျိုးဇင်လင်း(ခ) မင်းမင်းအား အမျိုးသမီးများ ကာမစိတ်နိုးကြွစေသည့် အစက်ချဆေး(Sex Drops) လေးဘူးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်း၏ ဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၃ နာရီခွဲခန့်တွင် မှုခင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကျောက်တံတားမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကျောက်တံတားမြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်း (မ/၁၆၀) လေးလွှာနေ ဝီဂျေးကူးမား(ခ)ကျော်သူ(ခ) ကျော်ကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ခွင့်ပြုချက်မရှိဘဲ ပြည်ပမှတင်သွင်းထားသည့် ကျားအင်္ဂါတု ၁၃ ခု၊ မအင်္ဂါတု လေးခု၊ ကျား တန်ဆာသုံးဂေါ်လီကွင်း ၇၀ ခု၊ မစိတ်ဖြေပစ္စည်း ၁၅ ခု၊ အမျိုးသား/အမျိုးသမီး လေ့ကျင့်ရေးစက် ၃၈ ခု၊ ကျားတန်ဆာကြီးထွားကျင့်ပြောင်း ငါးခု၊ အမျိုးသမီးရင်သားလေ့ကျင့်စက် သုံးခု၊ ကာမစိတ်ဖြေကျင့်စက်/စိတ်ဖြေပစ္စည်း ၉၆ ခု၊ လိင်ဆက်ဆံရာတွင် အသုံးပြုသည့် ချောဆီ ၂၇ ဘူး၊ အမျိုးသမီး ကာမစိတ်ကြွဆေး တစ်ဘူး၊ အမျိုးသမီးအင်္ဂါကျဉ်း လိမ်းဆေး ၁၄၄ ဘူး၊ အမျိုးသားကာမ အားတိုးသောက်ဆေး/ဖျန်းဆေး/ကြာဆေး ဘူး ၅၈၀၊ ပစ္စည်းပေးပို့သည့် ဘောက်ချာ ငါးရွက်၊ ငွေကျပ် ၄၇၈၈၅၀ အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက် ကန်တော်ကြီးပတ်လမ်းရှိ လက်ဖက်ရည်ဆိုင်အနီးတွင် ကာမစိတ်ကြွဆေးများ ရောင်းချနေကြောင်း သတင်းအရ ချမ်းမြသာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မဟာအောင်မြေမြို့နယ် မာလကာခြံရပ်နေ သီဟမောင်မောင်နှင့် တစ်ရပ်တည်းနေ ပြည့်ဖြိုးအောင်တို့နှစ်ဦးထံမှ Spanish Tog Ophery စာတန်းပါ အမျိုးသမီးသုံး ကာမစိတ်ကြွဆေးရည်နှစ်ပုလင်း၊ Vimax အမျိုးသားသုံး ဟိုမုန်းဆေးဘူး လေးဘူး၊ ရောင်းရငွေကျပ် ၅၀၀၀၀ တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမျိုးသားဆေးဝါးဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၅ စီး၊ သွင်းကုန် ၄၇၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၂၀၇ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။


တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cyanide ဟု ယူဆရသော အခဲများထည့်ထားသည့်ပုံး။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၈၀ ဒသမ ၇၅၄ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၄ သန်းခန့်) စုစုပေါင်း ခြောက်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၈၃ ဒသမ ၁၅၄ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၇ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cyanide ဟု ယူဆရသော အခဲများ(1×50)Kg လေးပုံး (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၆ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ အများပြည်သူသိရှိရန် သတိပေးနှိုးဆော်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရှင်ခန္တီ | ဆီးချိုသောက်ဆေး | ဆေးမှုန့်/ဆေးဘူး | လက်ပန်ရပ်၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီ တိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကားတိမ်းမှောက်၍ သုံးဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရ

**မြင်းမူ မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မုံရွာ - မြင်းမူ - မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၁/၂ - ၃)ကြားတွင် ယနေ့နံနက် ၁၁နာရီ ၄၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြင်းမူမြို့နယ် ပျော့ရွာကျေးရွာအနီး မုံရွာ-မြင်းမူ-မန္တလေးကားလမ်းအနီး မန္တလေးမှ မုံရွာသို့ အမရပူရမြို့နယ် အိုးဘိုရပ်နေ ထွန်းမင်းလတ် မောင်းနှင်သည့် ယာဉ်အမှတ် MDY-8L/----လိုက်ထရပ်ယာဉ်သည် အခင်းဖြစ်ရာနေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်ကာ ယာဉ်မောင်း ထွန်းမင်းလတ်(ခ) ရှောင်ကပ်နှင့် ဒေါ်လှရီတို့သည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဒေါ်တွတ်သည် ရရှိဒဏ်ရာများဖြင့် မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းစဉ် လမ်း၌ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် သေဆုံးခဲ့ပြီး အမျိုးသားလေးဦးနှင့် အမျိုးသမီး ၁၀ ဦးတို့ (မစိုးရိမ်ရ) ဒဏ်ရာများရရှိကြောင်း သိရသည်။



ထို့ပြင် မြင်းမူမြို့မရဲစခန်းက ယာဉ်မောင်း ထွန်းမင်းလတ်(ခ) ရှောင်ကပ်(သေဆုံး)အား အမှုဖွင့်ထားကြောင်း သိရသည်။ **(၆၂၄)**

# သထုံမြို့နယ်နှင့် သီပေါမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၈**
သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက်က သထုံမြို့နယ် မြေနီကုန်းကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း နီနီဝင်း ထမင်းဆိုင်ရှေ့တွင် ရပ်တန့်ထားသည့် Toyota Probox မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ စစ်မေးချက်အရ အောင်သန်းထွန်းအား သီပေါမြို့ အုတ်ကျင်းရပ်ကွက်နေ မနန်းခင်မြတ်မွန်က စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးရန် အပ်နှံထားပြီး ဘဏ်မှတစ်ဆင့် ငွေလွှဲပို့ပေးရမည်ဟု သိရှိရ၍ မေ ၂၆ ရက်က သီပေါမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်ရှိ CB ဘဏ်ရှေ့တွင် စောင့်ဆိုင်းနေစဉ် မနန်းခင်မြတ်မွန်အား TPYPTA PLUS မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

နေအိမ်ကိုရှာဖွေနေစဉ် ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာသော စိုင်းထီးခမ်း၊ စိုင်းဟန်ဦး၊ စိုင်းသာကျော်ဦးနှင့် စိုင်းလောင်ဆိုင်တို့ လေးဦးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# မန်ချက်စတာဒါဘီတွင် သရေပွဲဖြစ်ခဲ့ခြင်းကြောင့် မန်ယူအသင်း ၂၄ ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်



မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့သည် ဧပြီ ၂၇ ရက် ညပိုင်းက မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟက်ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် မန်ယူအသင်းသည် ၂၄ ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီဖြစ်သည်။

မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းသည် ခံစစ်ဦးစားပေးပုံစံဖြင့် ဂိုးမပေးရရေးကို အဓိကဦးတည်ကစားစေခဲ့ပြီး မန်စီးတီးအသင်း၏ တိုက်စစ်ပိုင်းကို အကောင်းဆုံးဟန့်တားနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ဂိုးသွင်းခွင့်အများအပြားရရှိခဲ့သော်လည်း ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

မန်စီးတီးအသင်းသည် မန်ယူအသင်းနှင့် ဆုံတွေ့ခဲ့သည့် မန်ချက်စတာဒါဘီ ပွဲစဉ်နောက်ဆုံးငါးပွဲတွင် လေးပွဲအထိ ဂိုးမသွင်းနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်လည်း ထွက်ပေါ်လာခဲ့သည်။ မန်ယူအသင်းအနေဖြင့်မူ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီနောက်ပိုင်း ၂၄ ပွဲအထိ ရှုံးပွဲမရှိသည့်စံချိန်ကိုလည်း လိုက်မီနိုင်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် လက်ရှိ ပရီမီယာလိဂ်ပွဲစဉ် (၃၃)အပြီးတွင် မန်စီးတီးအသင်းက ရမှတ်(၆၅)မှတ်ဖြင့် အဆင့်(၄)၊ မန်ယူအသင်းက ရမှတ် (၆၄)မှတ်ဖြင့် အဆင့်(၅)အသီးသီး ရပ်တည်လျက်ရှိပြီး ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ပြင်ဆင်လျက်ရှိသည်။

**(ငွေကြယ်)**



# ချယ်လ်ဆီးအသင်းခေါင်းဆောင်ဂျွန်တယ်ရီ ဘုန်းမောက်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

နောက်တန်းကစားသမား ဂျွန်တယ်ရီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ချယ်လ်ဆီးအသင်းကစားသမားဘဝကို နှုတ်ဆက်ထွက်ခွာတော့မည်ဖြစ်ပြီး ဂျွန်တယ်ရီအား ဘုန်းမောက်ကစားသမားအဖြစ် မြင်တွေ့ရလိမ့်မည်ဖြစ်ကြောင်း ဟယ်ရီအာတာက ယုံကြည်ထားသည်။

ဘုန်းမောက်အသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် တန်းဆင်းဇုန်အထက် ခုနစ်မှတ်ဖြတ်ကာ အဆင့်(၁၃)နေရာတွင် ရပ်တည်လျက်ရှိသော အသင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ဇွန်လကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် (၂၂) နှစ်ကြာ ဖြတ်သန်းခဲ့သည့် ချယ်လ်ဆီးကစားသမားဘဝကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ယခုလအတွင်း ကြေညာထားခဲ့ပြီးဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဂျွန်တယ်ရီသည် ချယ်လ်ဆီးကစားသမားဘဝကို အဆုံးသတ်လိုက်သော်လည်း ဝက်စ်ဟမ်းအသင်း၊ ဆွမ်ဆီးအသင်း၊ ခရစ္စတယ်ပဲလေ့အသင်း ကဲ့သို့သော အသင်းများတွင် ဆက်လက်ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

**(ငွေကြယ်)**

# နေမာအား ပေါင်သန်း ၂၀၀ ဖြင့် ခေါ်ယူရန် မန်ယူပြင်ဆင်

နည်းပြမော်ရင်ဟို၏ မန်ယူအသင်းသည် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတွင် ခြေစွမ်းပြကစားနေသည့် ဘရာဇီးတိုက်စစ်မှူး နေမာအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် တိုက်စစ်မှူး အီဘရာဟီမိုဗစ် ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် အဆိုပါ ကစားသမားနေရာတွင် အစားထိုးကစားသမားအဖြစ်ခေါ်ယူရန် ဘာစီလိုနာတိုက်စစ်မှူး နေမာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းတို့အား ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

တိုက်စစ်မှူးနေမာသည် ချယ်လ်ဆီးအသင်း သို့မဟုတ်ပါက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြမော်ရင်ဟိုသည် လာမည့်ဘောလုံးရာသီတွင် အီဘရာဟီမိုဗစ်နှင့် ရက်ရှ်ဖို့ဒ်တို့ကို တွဲဖက်အသုံးပြုကာ ၄-၂-၃-၁ ကစားကွက် သို့မဟုတ် ၄-၁-၂-၃ ကစားကွက်ကို ပုံဖော်ရန်ရှိနေသော်လည်း အီဘရာဟီမိုဗစ်မှာ ကိုးလကြာ အနားယူရမည်ဖြစ်သောကြောင့် တိုက်စစ်ပိုင်းကို အားဖြည့်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။




မန်ယူအသင်းသည် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကိုလည်း တစ်နှစ်လုပ်ခလစာ ပေါင် ၁၇ သန်းပေးကာ တစ်ပတ်လုပ်ခလစာပေါင် ၃၀၀၀၀၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

# ရီးယဲလ်ကွင်းလယ်ကစားသမား အစ္စကိုအား ခေါ်ယူရန် လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်း အပြိုင်ကြိုးပမ်းနေ

လီဗာပူးအသင်းသည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား အစ္စကိုအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ အပြိုင်ကြိုးပမ်းရဖွယ်ရှိနေကြောင်း သိရသည်။

လီဗာပူးအသင်းသည် အစ္စကိုအား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်တိုက်စစ်အားသန်သည့် ကစားသမားတစ်ဦးကို ခေါ်ယူရန် နည်းပြ ဂျာဂန်ကလော့က စီစဉ်နေခြင်းဖြစ်သည်။



လက်ရှိတွင် လီဗာပူးအသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ကော်တင်ဟိုကိုလည်း ဘာစီလိုနာအသင်းက ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ဘရာဇီးကြယ်ပွင့်ကော်တင်ဟို လီဗာပူးအသင်းမှ ထွက်ခွာသွားပါက ၎င်းနေရာတွင် အစားထိုးရန် အစ္စကိုအား ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အစ္စကိုသည် ရီးယဲလ်မက်ဒရစ်အသင်း၌ ဆက်နေရန် ဆန္ဒရှိနေပြီး ၂၀၂၂ ခုနှစ် အထိ စာချုပ်ချုပ်ဆိုထားကြောင်းလည်း သိရသည်။

**(ငွေကြယ်)**



# စပါးအသင်း ပရီမီယာလိဂ်ဖလားရနိုင်သေးကြောင်း အဲရစ်ဆင်ပြောကြား

ခရစ္စတယ်ပဲလေ့အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စပါးအသင်းမှာ ပရီမီယာလိဂ်ဖလား ရနိုင်သေးကြောင်း ခရစ္စတယ်ပဲလေ့အသင်းနှင့်ပွဲစဉ်တွင် တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူနိုင်ခဲ့သည့် အဲရစ်ဆင်က အခိုင်အမာ ပြောကြားခဲ့သည်။

စပါးအသင်းသည် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိသည့် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်(၃၃)အပြီးတွင် ချယ်လ်ဆီးအသင်းက ၇၈ မှတ်၊ စပါးအသင်းက ၇၄ မှတ်ဖြင့် အမှတ်ပေးဇယားတွင် အသီးသီးရပ်တည်လျက်ရှိသည်။

ထို့ကြောင့် လက်ကျန်လေးပွဲကစားရန် ကျန်ရှိနေချိန်တွင် ဇယားထိပ်က ချယ်လ်ဆီးအသင်းနှင့် လေးမှတ်သာ ကွာဟတော့ခြင်းကြောင့် ပရီမီယာလိဂ်ဖလားရရှိရန် မျှော်လင့်ချက်ရှိနေဆဲပင်ဖြစ်ကြောင်း အဲရစ်ဆင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**




# ကျေးဇူးအထူးတင်ရှိခြင်း

၂၈-၄-၂၀၁၇ ရက် ရန်ကုန်မြို့ Sky Star Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ကြေးမုံသတင်းစာ နှစ်(၆၀)ပြည့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် အမှူးပြုသောဌာနဆိုင်ရာအကြီးအကဲများ၊ ကြေးမုံသတင်းစာတိုက် စတင်တည်ထောင်စဉ်မှ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြသော ဝိုင်းတော်သားများ၊ စာပေအသိုင်းအဝိုင်းမှ စာပေပညာရှင်ကြီးများ၊ သတင်းနှင့်စာနယ်ဇင်းမှ အငြိမ်းစားအရာရှိကြီးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး နှင့် တာဝန်ရှိသူများ၊ ကြေးမုံသတင်းစာတိုက်မှ အငြိမ်းစား စာတည်းမှူးချုပ်များ၊ စာတည်းများ၊ ကြေးမုံသတင်းစာ၏ စာပေ၊ ကဗျာ၊ ဆောင်းပါး ကလောင်ရှင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အထူးသဖြင့် ဤအခမ်းအနား ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးကြပါသော အဓိကကူညီပံ့ပိုးပေးသူ ကမ္ဘောဇဘဏ် ဥက္ကဋ္ဌကြီးနှင့် ဝန်ထမ်းများ၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ Super Coffeemix၊ 4TV နှင့် ကူညီပံ့ပိုးပေးသူများ၊ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေများနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အခမ်းအနားသို့တက်ရောက်အားပေးချီးမြှင့်ကြသော သတင်းထောက်ကြီးများ၊ သတင်းစာ ကိုယ်စားလှယ်ကြီးများ၊ MRTV မှ ညွှန်ကြားရေးမှူးချုပ်နှင့် ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့များ၊ Sky Star Hotel မှ အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးဥပကာရအထူး တင်ရှိပါကြောင်း နှင့် ဖိတ်ကြားရန် ကျန်ရှိသောပုဂ္ဂိုလ်များအားလုံးကို မေတ္တာရပ်ခံ တောင်းပန်အပ်ပါကြောင်း။

ကြေးမုံသတင်းစာ

# အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေ

ခင်မောင်ငွေး(ပညာရေး)

ကျောင်းစာကြည့်တိုက်တွေ၊ ကျေးလက်စာကြည့်တိုက်တွေဆိုတာ ကလေးတွေအတွက် အသိပညာဗဟုသုတ တိုးပွားစေလိုလို့ ဖွင့်လှစ်ပေးထားပါတယ်။ ဒါပေမယ့် ကလေးတွေစာဖတ်နှုန်းက ပြောပလောက်အောင် တိုးတက်လာတာမရှိသေးပါဘူး။ ဒါဟာ စာကြည့်တိုက်တွေကို အသုံးချမှုနည်းနေသေးတာကိုကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။

**စာပေပွဲတော်တွေ**

မကြာခင်ကပဲ မန္တလေး၊ မော်လမြိုင်စတဲ့မြို့ကြီးတွေမှာ ကလေးစာပေပွဲတော်တွေပြုလုပ်လာတာတွေ့ရပါတယ်။ စိတ်ပါဝင်စားတဲ့ မိဘတွေနဲ့ ကလေးတွေ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြ၊ မိမိတို့ကလေးတွေနဲ့ သင့်တော်မယ့် စာအုပ်တွေကို ရွေးချယ်ပြီးဝယ်ယူကြနဲ့ တကယ်ပဲအားကျစရာကောင်းလှပါတယ်။ ရန်ကုန်မှာလည်း စာအုပ်ဈေးတန်းတွေ၊ Book Centre တွေဖွင့်လာကြလို့ စာဖတ်သူတွေအကြိုက်တွေ့စေခဲ့ပါတယ်။ ဒါကြောင့်လည်း ကလေးစာပေပွဲတော်တွေ နိုဘယ်လ် မြန်မာစာအုပ်ပွဲတော်မျိုးတွေ မကြာခဏပြုလုပ်ပေးသင့်တယ်လို့ပဲ တွေးမိပါတယ်။

**ကျောင်းသင်ခန်းစာ**

ကျောင်းဆရာတစ်ဦးအမြင်အနေနဲ့ ပြောရရင် ကလေးတွေသင်ယူနေကြရတဲ့ ကျောင်းသုံးဖတ်စာအုပ်တွေကလည်း ကလေးတွေရဲ့ အသိအမြင်တွေကို အများကြီးပြုပြင်ပေးနိုင်တာရှိပါတယ်။ ဥပမာပြောရင် တက္ကသိုလ်ဝင်တန်းအင်္ဂလိပ်စာမှာ Hellen Keller လိုသင်ခန်းစာမျိုးဟာ ကလေးတွေရဲ့ဘဝတစ်လျှောက်လုံးမှာ လက်မမြှောက် ဒူးမထောက်ဘဲ စွမ်းစွမ်းတမံ ကြိုးစားလိုစိတ်တွေဖြစ်ပေါ်စေနိုင်ပါတယ်။ နဝမတန်းက The Last Leaf လိုသင်ခန်းစာမျိုးဟာလည်း တစ်ပြည်တစ်ရွာစီနေကြပေမယ့် အချင်းချင်းစောင့်မကြည့်ရှုအပ်တဲ့တရားကို ပြသသွားတာပါပဲ။

သင်ခန်းစာကောင်းတွေဟာ အသိအမြင်ကောင်းတွေကို ပေးစွမ်းနိုင်တာတွေ့ရပါတယ်။ စာရေးသူအလုပ်ခွင်ရှိစဉ်က တက္ကသိုလ်ဝင်တန်းမြန်မာစာမှာ ဆရာပီမိုးနင်းရဲ့ "အားလပ်သောအချိန်ကလေးများ" ဆိုတဲ့သင်ခန်းစာကို အလွန်သဘောကျပါတယ်။ ကလေးတွေကို သင်ပြတဲ့နေရာမှာလည်း အတော့်ကို အာပေါင်အာရင်းသန်သန်နဲ့ ပြောနိုင်ခဲ့တယ်။ အဲဒီအထဲမှာ အချိန်နဲ့ပတ်သက်ပြီး အဆိုအမိန့်ကောင်းတွေအများကြီးပါသလို မြန်မာ့သမိုင်းမှာ အချိန်ကိုလေးစားခဲ့တဲ့ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တွေအကြောင်းလည်း အားရပါးရပြောလို့ကောင်းလှပါတယ်။ ဘာပဲပြောပြော ကလေးတွေရဲ့ စိတ်နှလုံးထဲမှာ အချိန်နဲ့ပတ်သက်ပြီး မဖြုန်းတီးဘဲ အကျိုးရှိရှိသုံးတတ်ဖို့ စိတ်ကောင်းဝင်သွားစေနိုင်တာပါပဲ။

ခုတော့ အဲဒီသင်ခန်းစာ ဖြုတ်တဲ့အထဲပါသွားပြီဖြစ်လို့ စိတ်မကောင်းဖြစ်မိပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ကျောင်းနေရွယ်ကလေးတွေကို အသိပညာဗဟုသုတပေးတဲ့နေရာမှာ ကျောင်းသုံးဖတ်စာအုပ်တွေဟာ ထိရောက်မှုရှိလို့ပါပဲ။ ဒ့ါကြောင့် အတန်းအသီးသီးမှာရှိတဲ့ သင်ရိုးညွှန်းတမ်းတွေဟာ ကလေးတွေအတွက်အထူးသီးသန့်ရည်ရွယ်ပြီး သူတို့ရဲ့ "ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ ရသသက်မွေး ဘက်စုံပညာရေး" အတွက်ရည်ရွယ်ပြုစုနိုင်ရင် တန်ဖိုးရှိလှပါတယ်။

**ကျယ်ပြန့်လာတဲ့မီဒီယာ**

ဒီကနေ့ စာဖတ်နည်းလာရတဲ့အကြောင်းရင်းထဲမှာ လူမှုကွန်ရက်၊ တွစ်တာစတဲ့ Online Media တွေဖွံ့ဖြိုးလာလို့ လို့ဆိုကြတာတွေရှိပါတယ်။ ဒါပေမယ့် နိုင်ငံတကာဈေးကွက်အထိ ချဲ့ထွင်ကြည့်လိုက်မယ်ဆိုရင် ပုံနှိပ်မီဒီယာဟာ မရှိမဖြစ်အသုံးကျနေဆဲပါ။ မိမိတို့ရဲ့အိမ်ကစာအုပ်စင်၊ ဗီရိုထဲမှာ အမှတ်တရအဖြစ် စာအုပ်ပေါင်းများစွာ သိမ်းဆည်းထားကြဆဲပါ။

မြန်မာပြည်က Online အသုံးပြုသူအများစုကို ကြည့်လိုက်ရင်တော့ အတော်ကလေးကို စိတ်ဆင်းရဲဖွယ်ရာပါပဲ။ Online ကိုကောင်းကောင်း အသုံးချတတ်သူက နည်းလှပါတယ်။ တကယ်တော့ သုံးတတ်မယ်ဆိုရင် ဖုန်းတစ်လုံးဟာ ကွန်ပျူတာတစ်လုံးလိုပဲ အမျိုးစုံသုံးလို့ရပါတယ်။ Application အမျိုးမျိုးထည့်သုံးလို့ရပါတယ်။ တကယ်တမ်းသုံးနေကြတာက နည်းနည်းပါ။ ဖုန်းထဲမှာပါတဲ့ Application တွေကိုတောင် ကုန်အောင်အသုံးမချတတ်ကြပါဘူး။

> မိမိတို့ရဲ့ အချိန်တွေရော ငွေတွေရော အကျိုးမဲ့ဆုံးရှုံးနေတာတွေကိုတော့ ပြန်လည်ဆင်ခြင် သုံးသပ်သင့်ပါတယ်။ လိုအပ်တာထက် ပိုလွန်နေတာတွေဟာ အကျိုးမဲ့ဖြုန်းတီးနေမှုတွေပါပဲ။ အပြောင်းအလဲဆိုတာ တစ်ဦးချင်းကပဲ စကြရတာပါ။ တစ်ဦးချင်းကနေ တစ်မိသားစု။ တစ်မိသားစုချင်းကနေ မိသားစုပေါင်းများစွာ ပြောင်းလဲနိုင်ကြရင် တစ်နိုင်ငံလုံး ပြောင်းလဲသွားနိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် အပြောင်းအလဲကို လိုလားကြတယ်။ အချည်းအနှီးမဲ့ ဆုံးရှုံးမှုတွေက လွတ်မြောက်နိုင်ကြဖို့ဆိုရင် . . .

လူအများစုသုံးနေတာ လူမှုကွန်ရက် Facebook (Fb) ပါပဲ။ မြန်မာနိုင်ငံမှာ Fb သုံးစွဲသူဟာ စာရင်းအတိအကျမပြောနိုင်သေးပေမယ့် ဖုန်းကိုင်တဲ့လူတိုင်းလုနီးပါး Fb သုံးစွဲကြပါတယ်။ သုံးစွဲသူတွေဟာ အချိန်အကန့်အသတ်မရှိပါဘူး။ နေရာအကန့်အသတ်မရှိပါဘူး။ အားတဲ့အချိန် ရတဲ့နေရာမှာ သုံးကြပါတယ်။ Fb ကိုအသုံးများကြရတဲ့အကြောင်းကတော့ မိမိရေးပြီးတင်ချင်တဲ့ Post ကိုတင်လို့ရတယ်၊ Video ဖိုင်တင်လို့ရတယ်။ ဓာတ်ပုံအမျိုးမျိုးရိုက်ပြီးတင်လို့ရတယ်။ အဲဒီလိုအားသာချက်တွေကြောင့် တစ်ကမ္ဘာလုံးက အသုံးပြုနေကြတာပါ။

လူမှုကွန်ရက်စာမျက်နှာတွေကြောင့် သတင်းအချက်အလက်တွေ ပိုပြီးမြန်မြန်ဆန်ဆန်သိနိုင်ပါတယ်။ ပညာရှင်အသီးသီးရဲ့ အချိန်နဲ့တစ်ပြေးညီထုတ်ပြန်တဲ့သတင်းတွေကိုလည်း သိပါတယ်။ သိမှတ်ဖွယ်ရာအဖြာဖြာလို့ ပြောလို့ရတဲ့ Post တွေ အများကြီးဖတ်ကြရ၊ မှတ်ကြရပါတယ်။ တကယ်တော့ ငွေဆိုတာ ပြန်ရှာလို့ရနိုင်တယ်ဆိုပေမယ့် ကုန်လွန်သွားတဲ့အချိန်တွေကတော့ ဆုငွေပေးပြီးပြန်ရှာလို့လည်းမရနိုင်၊ အစားထိုးမရနိုင်တဲ့ ပျောက်ဆုံးသွားခြင်းပါပဲ။

မကြာသေးမီကပဲ ဖေ့စ်ဘွတ်လူမှုကွန်ရက်ပေါ်မှာ လူသတ်မှုဗီဒီယိုဖိုင်နဲ့ လူသတ်သမားကိုယ်တိုင် တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခု နာရီအတန်ကြာ ဖယ်ရှားနိုင်ခြင်းမရှိဘဲ ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အချိန်မီမဖယ်ရှားနိုင်ခဲ့လို့ ဝေဖန်မှုတွေလည်း အမျိုးမျိုးပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး လူမှုကွန်ရက်တည်ထောင်သူ အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘာ့ဂ်ကိုယ်တိုင် F8 Developers ကွန်ဖရင့်မှာ ထည့်သွင်းဆွေးနွေးသွားတာ တွေ့ရပါတယ်။

ဒီကနေ့ အချိန်ကုန်ငွေကုန်ခံပြီး အကျိုးမဲ့လူမှုကွန်ရက်သုံးစွဲနေသူတွေ ဒုနဲ့ဒေးပါပဲ။ အဲဒီထဲမှာ ကိုယ့်သွေးသားရင်းချာတွေရော အမျိုးတွေရော တစ်ပုံတစ်ပင်ကြီးပါပဲ။ လူ့အခွင့်အရေးဆိုတဲ့ ပေတံနဲ့တိုင်းတတ်မယ်ဆိုရင်တော့ ဘာကိုမှကိုပြောလို့မရပါဘူး။ ဘာ့ကြောင့်လည်းဆိုတော့ သူ့ကိုယ်ပိုင်အချိန်ကို သူ့ကိုယ်ပိုင်ငွေနဲ့ သုံးပစ်လိုက်လို့ပါပဲ။

**အများအကျိုးကြည့်**

ဒါပေမယ့် လူဆိုတာ တစ်ဦးတည်းနေလို့ရတာမှမဟုတ်တာ။ အဖွဲ့အစည်းအသင်းအပင်းနဲ့နေထိုင်ကြရတာ။ ကိုယ့်အကျိုးစီးပွားတစ်ခုတည်းထက် အများအကျိုးစီးပွားကို ထည့်တွက်ရတယ်။ နိုင်ငံနဲ့ချီပြီးပြောရမယ်ဆိုရင် အမျိုးသားအကျိုးစီးပွားအထိ ထည့်တွက်ကြရတာပေါ့။ တစ်နိုင်ငံလုံးအကျိုးစီးပွားဖြစ်ထွန်းမှ တစ်ဦးချင်းစီရဲ့ အကျိုးစီးပွားတွေလည်း တိုးတက်လာမှာပေါ့။ ဒီလိုပဲ တစ်ဦးချင်းဆီက ခြိုးခြံချွေတာမှ ရိုးသားကြိုးစားမှ နိုင်ငံအတွက်လည်း အကျိုးရှိမှာဖြစ်ပါတယ်။

ဒီကနေ့ Fb စာမျက်နှာတွေပေါ်မှာ တွေ့နေရတာတွေကြည့်ပါဦး။ အဆိုးဆုံးက ဖရုသဝါစာ ရန့်ရင်းကြမ်းတမ်းတဲ့စကားတွေဆိုပြီး အမုန်းစကား (Hate Speech) တွေပွားနေကြတာပါ။ တစ်စိတ်ကိုတစ်အိတ်လုပ်ပြီး သတင်းဖွ၊ အတင်းချနေကြတဲ့အုပ်စုတွေလည်း ရှိနေကြလေရဲ့။ တချို့ကတော့ အများသူငှာကြည့်ဖို့မသင့်မြတ်လှတဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုဖိုင်တွေကိုရွေးပြီး တင်နေတာ၊ ပုဂ္ဂိုလ်ရေးထိုးနှက်ချက်အဖြစ် လုပ်ကြံသတင်းတွေထုတ်လွှင့်နေတာတွေဟာ အချိန်ကုန်၊ ငွေကုန်တဲ့ အကျိုးမဲ့ဆုံးရှုံးနေမှုတွေပါပဲ။

**Selfie ဆွဲကြ**

တချို့ကတော့ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ သူနဲ့သူ့ပတ်ဝန်းကျင်ရဲ့ နိစ္စဓူဝတွေကို ပုံတွေရိုက်ပြီးတင်နေတာပါပဲ။ မိုးလင်းကတည်းက တင်လိုက်တာ တစ်နေကုန်ပါပဲ။ မနက်ခင်းမိုးလင်းစ မုန့်ဟင်းခါးစာတာ၊ ကော်ဖီသောက်တာကစလို့၊ မယ်မယ်ရရ ဘာမှမထူးဆန်းတာတွေကို Selfie ဆွဲပြီးတင်နေကြတာပါပဲ။ နေရာအထူးအဆန်းမို့၊ အစားအသောက်ထူးထူးဆန်းဆန်းမို့၊ မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းတွေနဲ့တွေ့ရလို့ စတဲ့ထူးခြားတာဆိုရင်လည်း ဟုတ်ပါသေး။ ခုတော့ ရေသောက်တာနဲ့ အိမ်သာတက်နေတာကလွဲလို့ ရိုက်ပြီးတင်နေကြတော့ စိတ်တောင်အနှောင့်အယှက်ဖြစ်မိပါတယ်။ ခက်တာက မိတ်ဆွေတွေဖြစ်နေတော့ Block ဖို့ကလည်း မကောင်းလှ။

ဒီနေရာမှာ ပြောချင်တာက အချိန်တွေငွေတွေ ဆုံးရှုံးသွားတာပါပဲ။ ပြောခဲ့ပြီးသလိုပါပဲ။ ငွေကပြန်ရှာလို့ရနိုင်ပါတယ်။ အချိန်တွေက အလွန်နှမြောဖို့ကောင်းပါတယ်။ ပိုပြီးနှမြောဖို့ကောင်းတာက မိမိတို့ရဲ့ အတွေးသစ် အမြင်သစ်တွေပါ အချိန်နဲ့အတူဝါးမျိုသွားခြင်းခံလိုက်ရတာပါပဲ။

**ချင့်ချိန်တွေးဆ**

ပြန်သုံးသပ်ကြည့်ရင် ငွေဆိုတာ ပြန်ရှာလို့ရနိုင်ပေမယ့် မိမိရဲ့ ကာယ၊ ဉာဏအားနဲ့ရင်းနှီးခဲ့ရတာပါ။ အလဟဿ ဖြုန်းတီးရာမရောက်သင့်ပါဘူး။ မိသားတစ်စုမှာ မိသားစုလေးငါးဦးရှိတယ်ဆိုရင် တစ်လဖုန်းပြောတာရော၊ Online အသုံးပြုတာရောဆိုရင် တချို့သိန်းဂဏန်းနီးနီး။ မကုန်ဘူးဆိုတဲ့မိသားစုဟာ လေးငါးသောင်းအနည်းဆုံးပါပဲ။

လေးငါးသောင်းဆိုတာ သာမန်နေ့စားဝန်ထမ်းလေးတွေ တစ်လလုံးလုံးရှာကြရတာပါ။ ခက်တာက အစားအသောက်ကိုချွေတာပြီး ဖုန်းဘေလ်ကို မပြတ်တမ်းဝယ်ထည့်နေကြလေရဲ့။ ရသမျှအချိန်တွေကို Online သုံးပြီးကုန်ဆုံးနေကြလေရဲ့။ ဒါဟာ အများစုဖြစ်နေကြတာပါ။

တကယ်တော့ လူ့အဖွဲ့အစည်းဝင်လူသားတိုင်းဟာ မိမိတို့တစ်စုတစ်ဖွဲ့ တစ်မိသားစုပျော်ရွှင်ကျေနပ်မှုရရုံနဲ့ ကျေနပ်မနေသင့်ကြပါဘူး။ ဘဝအတွက် တီထွင်ကြံဆ၊ တွေးမြင်၊ မျှော်ခေါ်မှုမရှိတော့ဘဲ အကြံတုံး ဉာဏ်တုံးမနေသင့်ကြတော့ပါဘူး။ မိမိကိုယ်တိုင်လည်း အစဉ်ထက်မြက်နေဖို့ ကိုယ်ရည်ကိုယ်သွေးမြင့်မားနေဖို့လိုပါတယ်။ Online ဆိုတာ အကျိုးရှိရှိ အသုံးချတတ်သူတွေအတွက်တော့ သုံးလို့မကုန်၊ ယူလို့မခန်းတဲ့ ထာဝရစမ်းရေတွင်းကြီးပမာပါပဲ။ သိသူဖော်စား၊ မသိသူကျော်သွားခေတ်ပါ။

ဒါကြောင့် မိမိတို့ရဲ့ အချိန်တွေရော ငွေတွေရော အကျိုးမဲ့ဆုံးရှုံးနေတာတွေကိုတော့ ပြန်လည်ဆင်ခြင်သုံးသပ်သင့်ပါတယ်။ လိုအပ်တာထက်ပိုလွန်နေတာတွေဟာ အကျိုးမဲ့ဖြုန်းတီးနေမှုတွေပါပဲ။ အပြောင်းအလဲဆိုတာ တစ်ဦးချင်းကပဲ စကြရတာပါ။ တစ်ဦးချင်းကနေ တစ်မိသားစု။ တစ်မိသားစုချင်းကနေ မိသားစုပေါင်းများစွာ ပြောင်းလဲနိုင်ကြရင် တစ်နိုင်ငံလုံးပြောင်းလဲသွားနိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် အပြောင်းအလဲကို လိုလားကြတယ်။

အချည်းအနှီးမဲ့ ဆုံးရှုံးမှုတွေက လွတ်မြောက်နိုင်ကြဖို့ဆိုရင် တစ်ဦးချင်းစီကပဲ စပြီးပြောင်းလိုက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။



# မန်ဖာကျေးရွာတွင် မိရိုးဖလာတောင်းရက်သည့်လုပ်ငန်းမှ မိသားစုဝင်ငွေများရရှိ

**အင်းတော် မေ ၂၈**
ကသာခရိုင် အင်းတော်မြို့နယ် မန်ဖာကျေးရွာတွင် မိရိုးဖလာ တောင်ရက်သည့်လုပ်ငန်းမှ မိသားစုဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရွာက တောင်းရက်တဲ့လုပ်ငန်းကို အဘိုး၊ အဘွားများ လက်ထက် ရှေးယခင်ကတည်းကနေ ယနေ့တိုင် လုပ်ကိုင်လာခဲ့ကြတာပါ။ တောင်းရက်ဖို့ ရွာအနောက်ဘက်က ကျောက်မိုးတောင် ကျွဲကျော်တောင် ဝက်သအင်းတောင် ထိုးကျ တောင်တန်းတွေမှာ တင်းဝါးနဲ့ တိုက်ဝါးတွေကို ခုတ်ယူပါတယ်။ ရလာတဲ့နှီးဝါးတွေထဲက ပတ်နှီးဆိုရင် တင်းဝါးကို နှစ်ဆစ်ကိုတစ်ဖြတ်ဖြတ်ယူပြီး အတိုင်နှီး၊ စိုက်နှီးနဲ့ တောင်းနာပန်းကွတ် နှီးတွေကတော့ ဝါးတစ်ဆစ်စီဖြတ်ပြီး ဖြာယူရပါတယ်။ တောင်းရက်ရာမှာ အဓိကက ပတ်နှီးကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်အောင် တင်းဝါးတွေကို တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလတွေမှာ ခုတ်ယူနှီးဖြာပြီး အခြောက်လှန်းကာ စုဆောင်းထားရပါတယ်။

"ဝါးအနည်းငယ်ရှား လာပြီဖြစ်တဲ့အတွက်ကြောင့် ရွာအနီးတောတောင်တွေမှာ ခုတ်ယူမရတဲ့အတွက် ရွာနဲ့ဝေးတဲ့ တောတောင်တွေမှာ ခုတ်ယူရပါတယ်။ တောင်းတစ်လုံးမှာ တောင်းကိုယ်ထည်ကို ဝါးနှီးတွေနဲ့ ရက်လုပ်ပြီး တောင်းကိုင်းကို ကြိမ်နဲ့ ရက်လုပ်ပါတယ်။ တောင်းခြေထောက်ကို ဆူးရစ်ပင် သို့မဟုတ် နဘူးနွယ်တွေကိုခံပြီး ကြိမ်နဲ့ ကွပ်ယူအသုံးပြုရပါတယ်။ တောင်းရက်တဲ့အလုပ်ကို မနက်အစောကတည်း ရက်မယ်ဆိုရင် တစ်ရက်ကို ရှစ်ထမ်းအထိ ပြီးပါတယ်"ဟု မန်ဖာကျေးရွာမှ တောင်းရက်သည့် လုပ်ငန်းလုပ်ကိုင်နေသူ မဇင်မာအောင်က ပြောသည်။

"ကျွန်မတို့ရွာမှာ အိမ်ခြေ ၂၀၃ အိမ်ရှိပါတယ်။ လူဦးရေက တစ်ထောင်ဝန်းကျင်ခန့်ရှိပြီး တစ်ရွာလုံး တောင်းရက်တဲ့လုပ်ငန်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပါတယ်။ မိုးရာသီ လယ်ယာလုပ်ငန်းချိန်တွင် တောင်းရက်တဲ့လုပ်ငန်း ထက်ဝက်ခန့် ကျဆင်းပါတယ်။ ခုလို ပွင့်လင်းရာသီမှာ ရှစ်ပြည်ဆံ့တောင်းတစ်ထမ်းကို ကျပ်၂၆၀၀ နှုန်းနဲ့ ပြင်ပကလာတဲ့ တောင်းကုန်သည်တွေကို သွင်းရပါတယ်။ မိုးရာသီမှာ တောင်းရက်သူတွေ နည်းတဲ့အတွက် တစ်ထမ်းကို ကျပ် ၃၀၀၀ အထိ ရောင်းရပါတယ်။ တောင်းတွေကို မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းမြို့နယ်နဲ့ အင်းတော်ကြီးဒေသတွေကို မီးရထားနဲ့ အဓိက တင်ပို့ရောင်းချကြပါတယ်။အင်းတော်မြို့နယ်အတွင်းလည်း လှည့်လည်ရောင်းချရင်တော့ တစ်ထမ်းကို တောင်းကောင်းရင် ကျပ် ၃၀၀၀ နဲ့ ရောင်းရပါတယ်။ ကျွန်မတို့ရွာက တောင်းရက်တဲ့လုပ်ငန်းမှ တစ်နှစ်ပတ်လုံး မိသားစုဝင်ငွေရရှိပါတယ်"ဟု မန်ဖာကျေးရွာမှ တောင်းရက်သည့် လုပ်ငန်းလုပ်ကိုင်နေသူ မဇင်မာခိုင်က ပြောသည်။

**မောင်ချစ်လင်း(အင်းတော်)**



# ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်သူများ၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြု

**ထားဝယ် မေ ၂၈**
ပြည်သူပြည်သားများအတွက်အခြေခံလိုအပ်ချက် ကျန်းမာရေးစောင့်ရှောက်မှုများကိုရည်ရွယ်၍တနင်္သာရီတိုင်းဒေသကြီးတွင် (People Health Assembly) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆွေးနွေးပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးဆောင်ရွက်ရာတွင် ကျန်းမာရေးစနစ်တောင့်တင်းခိုင်မာရေးသည်အရေးကြီးပြီး ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းက ပြည်သူများ၏စီးပွားရေးတိုးတက်မှုများကို အထောက်အကူပြုကြောင်း နိုင်ငံတကာစစ်တမ်းများအရတွေ့ရှိရကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့ပြနှင့် ကျေးလက်ဒေသများအားလုံး လူတိုင်းလက်လှမ်းမီရရှိခံစားနိုင်မှသာ အလုပ်အကိုင်စွမ်းအားများ တိုးတက်မြင့်မားလာပြီး နိုင်ငံတော်၏ တိုးတက်မှုကို အထောက်အကူပြုစေနိုင်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်ရေးအတွက် ရည်မှန်းဆောင်ရွက်ရာမှာ ဌာနဆိုင်ရာအင်အားတစ်ရပ်တည်းနှင့် ဆောင်ရွက်လို့မရနိုင်ဘဲ လူမှုရေးအသင်းအဖွဲ့များ၊ပြည်သူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဝိုင်းဝန်းပံ့ပိုးပူးပေါင်းဆောင်ရွက်မှသာလျှင် ပြည်သူလူထုအတွက် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကျော်ဇေယျက (People Health Assembly) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆွေးနွေးပွဲဆောင်ရွက်ရသည့်အခြေအနေနှင့်လုပ်ငန်းစဉ်များအားရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးကုသရေးဦးစီးမှူး ဒေါက်တာမျိုးသန့်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ကုသရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့တိုင်းဒေသကြီးလူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ မြို့နယ်ကျေးလက်ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီးပြန်/ ဆက်**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပဲခူး မေ ၂၈**
ပဲခူးမြို့ ဉသျှာမြို့သစ် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ဉသျှာကျော်ခန်းမ၌ မေ ၂၈ ရက် နံနက်၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ မြန်မာနိုင်ငံလျှပ်စစ်နှင့် အီလက်ထရွန်နစ်လုပ်ငန်းရှင်များအသင်းနှင့် Bago CCI တို့ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အားထုတ်ကြိုးပမ်းပြီး ရည်မှန်းချက်များကိုအချိန်နှင့်အချိုးညီ လက်တွေ့ကျကျရောက်ရှိသွားစေရန်အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် အချိန်ရောက်ရှိနေပြီဖြစ်သောကြောင့် ယနေ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဂတိတရားကင်းရှင်းပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စွမ်းအမြော်အမြင်ရှိသော မိရိုးဖလားလုပ်ငန်းစဉ်များအနက်မှ ပြည်သူများအကျိုး၊ မိမိအကျိုးဟန်ချက်ညီညီထည်ထည်ဝါဝါ တိုးတက်လာစေရန် အုပ်ချုပ်ရေးယန္တရားနှင့် တွဲဖက်ပြီး စီးပွားရေးကဏ္ဍကိုတာဝန်ခံ အာရုံစူးစိုက်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပညာရှင်များ၊ အတွေ့အကြုံရှိသူများ စုစည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေနှင့် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦးတို့က ဆွေးနွေးရာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒချမှတ် အကောင်အထည်ဖော်ရာတွင် ဦးစားပေးကဏ္ဍ၊ ဦးဆောင်ကဏ္ဍနှင့် ကူညီဖေးမရမည့်ကဏ္ဍများခွဲခြမ်းစိတ်ဖြာပြီး သီးခြားစီထိရောက်၊ ထိမိလက်တွေ့ကျသောအချိုးညီချိတ်ဆက်မှုမူဝါဒ (Sub Policy) များ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနကိုယ်စားပြု၊ ဒေသကိုယ်စားပြု၊ လုပ်ငန်းကိုယ်စားပြုပညာရှင်များ ပါဝင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလျှပ်စစ်နှင့် အီလက်ထရွန်နစ်အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်ဇော်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆွေးနွေးကြရန်တက်ရောက်လာသူများအား အစုအဖွဲ့များ ဖွဲ့စည်းပေးကြသည်။

**တင်စိုး (ပဲခူး)**



# မြစ်ကြီးနား၌ အိမ်တွင်းမှုစက်ချုပ်(အဆင့်မြင့် မွမ်းမံ)သင်တန်းဆင်း

**မြစ်ကြီးနား မေ ၂၈**
နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းမှုစက်ချုပ် (အဆင့်မြင့် မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၁၇) ဆင်းပွဲကို မေ ၂၇ရက် မွန်းလွဲ ၂နာရီက မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ၏ စေတနာဖြင့် နေရပ်စွန့်ခွာပြောင်းရွှေ့ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုသင်တန်းသည် နေရပ်စွန့်ခွာပြည်သူများအတွင်းရှိ အမျိုးသမီးများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အစီအစဉ်တစ်ရပ်အနေဖြင့် အခြေခံစက်ချုပ်ဘာသာရပ် တတ်မြောက်ပြီးသူများအား အိမ်တွင်းမှုစက်ချုပ် အဆင့်မြင့်မွမ်းမံသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှတစ်ဆင့် မိမိတို့တတ်မြောက်ထားသည့် ဘာသာရပ်များအား ပြန်လည်ဆင့်ပွားပို့ချခြင်းဖြင့် ဒေသတွင်းနေ ပြည်သူများအလုပ်အကိုင်အခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်းပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ဆုရသင်တန်းသူသုံးဦးအား အပ်ချုပ်စက်များ ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးအောင်စိုးနှင့် အထူးဖိတ်ကြားထားသူများ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်အယ်နီနှင့် နည်းပြများ၊ သင်တန်းသူများ၊ တက်ရောက်ကာ သင်တန်းကို မတ် ၂၇ ရက်မှ မေ ၂၇ရက်အထိ တစ်လကြာ ဖွင့်လှစ်ကာ နည်းပြဆရာမများက အဆင့်မြင့် စက်ချုပ်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ ပြောင်းရွှေ့စခန်းများမှ သင်တန်းသူ ၃၇ ဦး တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ပြည်နယ်စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးနှင့်ပြန်ဆက်ဝန်ထမ်းများတွေ့ဆုံ

**လွိုင်ကော် မေ ၂၈**
ကယားပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများရှိ ဝန်ထမ်းများတွေ့ဆုံပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစန်းနွယ်နှင့် တာဝန်ရှိသူတို့က ဌာန၏လုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လွိုင်ကော်ခရိုင်ပြည်သူ့စာကြည့်တိုက်၊ Community Centre၊ ကလေးစာဖတ်ခန်း၊ တိုင်းရင်းသားစာပေပြခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ ဆက်**



ရန်ကုန်မြို့ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်းနှင့် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်ဇင်တို့ဦးစီး၍ ရဲတပ်ဖွဲ့အင်အား ၃၀ နှင့် မိသားစုရဲမေ ၃၀ စုစုပေါင်းအင်အား ၆၀ တို့က မေ ၂၇ ရက် နံနက်က မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် (၂၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**၆၇၉**



## မြန်မာပြည်နိဒါန်းစွယ်စုံမဟာသကြ်န်အဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ဗဟန်း ဧပြီ ၂၈**

မြန်မာပြည်နိဒါန်း စွယ်စုံမဟာသကြ်န်အဖွဲ့ ဂုဏ်ပြုပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီမင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာပြည်နိဒါန်းအသင်းခေါင်းဆောင် အကယ်ဒမီ ဦးဇေလုဝက အမှာစကားပြောကြားသည်။

"ဒီအခမ်းအနားကျင်းပရတာကတော့ မြန်မာ့ရိုးရာ မဟာသကြ်န်မှာ အစဉ်အလာမပျက် သံချပ်တိုင်တာ၊ အက အလှတွေ မပျောက်ပျက်အောင်၊ မျိုးဆက်သစ်လူငယ်တွေ စိတ်ပါဝင်စားလာအောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှုတွေ မလွှမ်းမိုးအောင် တစ်ဖက်တစ်လမ်းကအကျိုးဖြစ်ထွန်းစေဖို့ဖြစ်ပါတယ်" ဟု အဖွဲ့ဝင်ဦးအောင်မျိုးဝင်း(ခ)ကိုဆံရှည်က သုံးသပ်ပြောကြားသည်။

၁၉၇

## မုန်းချောင်းကမ်း ရေကာ မိုးဦးမကျမီကာလအတွင်း အမြန်တည်ဆောက်

**မကွေး ဧပြီ ၂၈**

မုန်းချောင်းကမ်းပြိုကာကွယ်ရေးအတွက် ရေကာကို တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေ ၃၁၈ ဒသမ ၉၆ သန်းဖြင့် မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဒေသ-၄) မှ လက်ထောက်အင်ဂျင်နီယာ ဦးထက်ဇော်ဦးက တာဝန်ခံတည်ဆောက်လျက်ရှိရာ အမှတ်(၁)ရေကာ၊ သုံးတန်းသွားမျောတိုင်တန်း Geo-Bags ခင်းရေကာ အလျားပေ ၄၀၀ နှင့် ကမ်းထိန်းပေ ၂၀၀၊ အမှတ် (၂) ရေကာ၊ သုံးတန်းသွားမျောတိုင်တန်း Geo-Bags ခင်းရေကာ အလျားပေ ၃၇၀ နှင့် ကမ်းထိန်းပေ ၂၀၀၊ Steel Basket အခြေပြု ကျောက်ဖြည့် မြေထိန်းနံရံ အလျား ၄၆၅ ပေနှင့် အမှတ်(၃)ရေကာ နှစ်တန်းသွား မျောတိုင်တန်း သဲအိတ်ခင်းရေကာ အလျား ၁၃၅ ပေ နှစ်ချောင်းနှင့် ကမ်းထိန်း ပေ ၅၀၀ တို့ကို တည်ဆောက်ပေးနေလျက်ရှိပြီး လုပ်ငန်းပြီးစီးမှု ၇၀ ရာခိုင်နှုန်းအထိ အောင်မြင်လျက်ရှိကြောင်း သိရသည်။

ဇီးတောကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ရွာမှာ အိမ်ထောင်စု ၃၁၁ စု၊ လူဦးရေ ၁၃၄၇ ဦး နေထိုင်ပါတယ်။ အရင်က ရွာတောင်ဘက်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေနဲ့ မဲဇလီရေလွှဲဆည်မှ မြောက်မုန်းမြောင်းမကြီးမှတစ်ဆင့် ပို့လွှတ်သော မြောင်းလက်တံခွဲတွေနဲ့ စိုက်ပျိုးလုပ်ကိုင်ခဲ့တာပါ။ မုန်းချောင်းကမ်းပါးပြိုလို့ စိုက်ခင်းမြေတွေပါသွားတယ်။ အခုအစိုးရလက်ထက်မှာ ၂၀၁၆ ခုနှစ်က ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀ နဲ့ မုန်းချောင်းရေလွှဲတူးမြောင်းအရှည်ပေ ၂၀၀၀ ကျော်၊ အကျယ်ပေ ၄၀ ကို တူးဖော်ပေးပါတယ်။ အခုလက်ရှိ မုန်းချောင်းကမ်းပါးက ရွာနားကပ်လာပြီး အခြေခံပညာမူလတန်းကျောင်းစည်းရိုးအနီးထိ ကမ်းပါးပြိုကျလာတယ်။ အခု ကမ်းပါးပြိုကာကွယ်ရေး ရေကာ အခိုင်အမာတည်ဆောက်ပေးတော့ ဒေသခံပြည်သူတွေက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြပါတယ်" ဟု ပြောသည်။

မုန်းချောင်းကမ်းပါးပြိုကျမှုသည် လက်ပန္နယ်ကျေးရွာမှစတင်၍ ဇီးတောကျေးရွာမှတစ်ဆင့် ညောင်ပင်ရွာကျေးရွာအထိ ကမ်းပါးပြိုကျမှုများ နှစ်စဉ်ကြုံတွေ့နေလျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘဏ္ဍာနှစ်အလိုက် ကမ်းပါးပြိုကျမှုကာကွယ်ရေးရေကာများကို တိုးမြှင့်ဆောင်ရွက်ပေးနေလျက်ရှိကြောင်း သိရသည်။

သူရထွန်း(မွင်ဖြူ)

## ဗန်းမော်မြို့၌ တန်ဖိုးသင့်ထမင်း၊ ဟင်းနှင့် ဟင်းသီးဟင်းရွက်များ လှည့်လည်ရောင်းချ

**ဗန်းမော် ဧပြီ ၂၈**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၉၁၄) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီးကျော်မြင့်အောင်၏ဇနီး ဒေါ်ကြေးမုံညွန့် (တပ်တွင်းမိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ) ဦးစီးအဖွဲ့ဝင်များနှင့် တပ်ရင်းမှ တပ်မတော်သားများသည် ဧပြီ ၂၇ ရက် နံနက် ၈ နာရီက သုံးမိုင်ရွှေပြည်သာရပ်ကွက် ဗန်းမော်-မိုးမောက်ကားလမ်းမဘေး၌ တန်ဖိုးသင့်ထမင်း၊ ဟင်းနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချပေးခဲ့သည်။

ဆက်လက်၍ တန်ဖိုးသင့်ထမင်းနှင့်ဟင်းရောင်းချမှုကို ဗန်းမော်မြို့တွင်းသို့ လှည့်လည်၍ ပြည်သူများ ဈေးနှုန်းသက်သာချောင်ချိရေးအတွက် ထမင်းတစ်ဘူးလျှင် (အသားဟင်း၊ အင်န်ဟင်း၊ သီးစုံဟင်းရည်ပါ) ငွေကျပ် ၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် ခြံထွက်ကြက်ဥများကို သက်သာသောနှုန်းထားများဖြင့် လှည့်လည်ရောင်းချခဲ့ကာ ဒေသခံပြည်သူများက စည်ကားစွာ ဝယ်ယူလျက်ရှိကြောင်းနှင့် ဗန်းမော်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှလည်း တန်ဖိုးသင့်ထမင်းနှင့် ဟင်းရောင်းချမှုအစီအစဉ်ကို နောက်ရက်များတွင် ဆက်လက်လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## PSY ၏ တေးသီချင်းသစ်တွင် လီဗြောင်ဟွန်းနှင့် နာအွန်းတို့ သရုပ်ဆောင်သွားမည်







ကမ္ဘာကျော်တဲ့ တောင်ကိုရီးယား တေးသံရှင်တစ်ဦးဖြစ်တဲ့ PSY ရဲ့ တေးသီချင်းသစ်ကို မကြာမီခံစားရတော့မှာဖြစ်ပြီး ယင်းတေးသီချင်းသစ်ရဲ့ တေးဗီဒီယိုမှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်ကာ ဟောလိဝုဒ်အထိပါ ခြေဆန့်နိုင်ခဲ့တဲ့ မင်းသားလီဗြောင်ဟွန်းနဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Apink"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာအွန်းတို့ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

PSY ရဲ့ တေးဗီဒီယိုသစ်မှာ လီဗြောင်ဟွန်းပါဝင်သရုပ်ဆောင်မှာနဲ့ ပတ်သက်တဲ့သတင်းကို ပြီးခဲ့တဲ့ ဧပြီ ၂၆ ရက်က ဝိုင်ဂျီအန်တာတိန်းမန့်က တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပြီး စန်နာအွန်းပါဝင်သရုပ်ဆောင်သွားမယ့်အကြောင်းကိုလည်း သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ပလန်အေအန်တာတိန်းမန့်က မကြာသေးမီက အတည်ပြုပြောကြားခဲ့ပြီးဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီဗြောင်ဟွန်းအနေနဲ့ PSY ရဲ့ တေးဗီဒီယိုသစ်မှာ ပါဝင်ဖြစ်ခဲ့ပုံနဲ့ ပတ်သက်ပြီးလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။ ဒီလိုဖော်ပြရာမှာတော့ PSYနဲ့ လီဗြောင်ဟွန်းတို့အကြား အလွန်ရင်းနှီးတဲ့ ဆက်ဆံရေးရှိကြောင်း၊ ဒါကြောင့် ယခုလိုပါဝင်ဖြစ်တာ အဆန်းတကြယ်မဟုတ်ကြောင်းပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် လီဗြောင်ဟွန်းဟာ PSY ရဲ့ တေးဗီဒီယိုသစ်မှာ တွဲဖက်သရုပ်ဆောင်ရမယ့် နာအွန်းရဲ့ တေးဗီဒီယိုများစွာမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူဖြစ်ကြောင်းလည်း သိရပါတယ်။

စန်နာအွန်းကိုတော့ PSY က သူ့ရဲ့တေးသီချင်းသစ်မှာ ပါဝင်အားဖြည့်သီဆိုကာသရုပ်ဆောင်ပေးဖို့ တွဲဖက်အဖြစ် ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ PSY ဟာ သူ့ရဲ့တေးဗီဒီယိုတွေမှာ အမျိုးသမီးတေးသံရှင်တွေနဲ့ တွဲဖက်သီဆိုလေ့ရှိပြီး တေးဗီဒီယိုသစ်မှာ နာအွန်းပါဝင်မှာဖြစ်ကြောင်းကို သူ့ရဲ့ အေဂျင်စီဖြစ်တဲ့ ပလန်အေအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ နာအွန်းရဲ့ အေဂျင်စီက " PSY ရဲ့ တေးဗီဒီယိုသစ်မှာ နာအွန်းဟာ ထင်ရှားတဲ့ အခန်းကဏ္ဍကနေ ပါဝင်သွားမှာဖြစ်ပါတယ်။ မကြာသေးမီက တေးဗီဒီယိုသစ်အတွက် ရိုက်ကူးရေးတွေကိုလည်း ပြုလုပ်ခဲ့ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

PSY ရဲ့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ကမ္ဘာကျော်တေးသီချင်းတွေမှာ အမျိုးသမီးတေးသံရှင်တွေ ပါဝင်အားဖြည့်ထားတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းထွက်ရှိခဲ့ပြီး PSY ကို ကမ္ဘာကျော်တစ်ဦးဖြစ်လာစေခဲ့တဲ့ "Gangnam Style" တေးသီချင်းမှာတော့ တေးသံရှင် ဟွန်အက ပါဝင်အားဖြည့်ပေးထားတာဖြစ်ပါတယ်။ အဲဒီနောက် "Gentleman" တေးသီချင်းမှာတော့ ဂါအင်က ပါဝင်သီဆိုသရုပ်ဆောင်ပေးခဲ့ကာ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း "Daddy" မှာတော့ စီအယ်လ်နဲ့ တွဲဖက်ဖန်တီးထားတာ တွေ့ရပါတယ်။

လတ်တလောမှာတော့ PSY ရဲ့ ရှစ်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ်ရဲ့ အသံသွင်းခြင်းလုပ်ငန်းတွေဟာ ပြီးဆုံးသွားခဲ့ပြီဖြစ်ကာ ထုတ်လွှင့်ဖို့အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပေမယ့် ယင်းတေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် မေလလယ်မှာ စတင်ထုတ်လွှင့်သွားရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

## "Goblin" နဲ့ အကောင်းဆုံးဇာတ်ပို့ဆုရရှိခဲ့တဲ့ ယိုအင်နာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ယိုအင်နာဟာ သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Goblin"နဲ့ လတ်တလောမှာ ကျင်းပခဲ့တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "DramaFever Awards" မှာ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကြောင်း ဟာန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယိုအင်နာဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းက တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ "Goblin"မှာ ဇာတ်ပို့တစ်ဦးဖြစ်တဲ့ စန်နီအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ယိုအင်နာဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ "DramaFever Awards" ဆုပေးပွဲကြီးရဲ့ ငါးကြိမ်မြောက်ဆုပေးပွဲမှာတော့ "Goblin"နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

"DramaFever Awards" ဆုပေးပွဲဟာ အာရှရုပ်ရှင်တွေကို ထုတ်လွှင့်ပြသတဲ့ အမေရိကန်နိုင်ငံရဲ့ အကြီးဆုံးသော အွန်လိုင်းဝက်ဘ်ဆိုက်က ကြီးမှူးကျင်းပပေးတဲ့ ဆုပေးပွဲဖြစ်ပြီး ထူးချွန်အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကိုတော့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေက မဲပေးရွေးချယ်ပေးတာဖြစ်ပါတယ်။ အကောင်းဆုံးသော အမျိုးသမီးဇာတ်ပို့ဆုအတွက် ကမ္ဘာတစ်လွှားမှ မဲပေါင်း ၃၂ သိန်းခန့် ပေးပို့ခဲ့ကြပြီး ယင်းမဲတွေအနက် ၄၀ ရာခိုင်နှုန်းကို ယိုအင်နာက ပိုင်ဆိုင်ခဲ့တဲ့အတွက် ရွေးချယ်ခံခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# တွင်းထွက်သယံဇာတ မူဝါဒအခြေခံများ

**ယမန်နေ့မှအဆက်**

## ခဲ ညီညီ(ဘော်တွင်း)

၂။ သတ္တုသိုက်ဟူသည် သတ္တုတစ်မျိုးတည်းမှသည် တစ်မျိုးမက တွဲကပ်ပါဝင်နေသော သတ္တုရိုင်းကျောက်သားထုထည်များဖြစ်ပြီး ယင်းကျောက်သားထုကို သတ္တုမပါသော ကျောက်သားထုများက ဝန်းရံထားသည်။ မြေအောက်နည်းဖြင့် တူးဖော်သောအခါ ကြိုတင်တိုင်းတာ ခန့်မှန်းတွက်ချက်ထားသည်ထက် လျော့နည်းထုတ်ယူရရှိလေ့ရှိသည်။ ယင်းအား မူလခန့်မှန်းပမာဏနှင့် အချိုးချတွက်ချက်ဖော်ပြထားသည့်ကိန်းကို သတ္တုကျောက်ပြန်ရနှုန်းဟုခေါ်သည်။ ၁၀၀ ရာခိုင်နှုန်းအောက်ဖြစ်လေ့ရှိသည်။ (ဘော်တွင်းမိုင်းတွင် ၁၀၀ ရာခိုင်နှုန်း ကျော်သည်။) အလားတူစွာ တူးထုတ်ရယူခဲ့သည့် သတ္တုရိုင်းကျောက်မှ အဆင့်ဆင့် သွဲ့ယူ သန့်စင် ကျိုချက်ပြီး သတ္တုစင် ထုတ်ယူရာတွင်လည်း သတ္တုသားပြန်ရနှုန်းဟူ၍ ရှိသည်။ သမားရိုးကျလုပ်ငန်းစဉ်များတွင် ၈၀ ရာခိုင်နှုန်းကျော်လျှင် အလွန်ကောင်းသည်။ ယခုခေတ်တွင် ၉၅ ရာခိုင်နှုန်းအထက်ရနိုင်သည့် နည်းစဉ်များရှိနေပေပြီ။ ထို့ကြောင့် သတ္တုသယံဇာတ အလေအလွင့် အနည်းဆုံးဖြစ်သည့် လက်တွေ့မိုင်းတူးနည်းနှင့် သန့်စင်ကျိုချက်အရည်ဖျော် ချွတ်ထုတ်စသည့် နည်းစဉ်များကို ရွေးချယ်အသုံးပြုကြရသည်။

၃။ "သယံဇာတကျိန်စာ" ကို ပပျောက်အောင် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ခြင်းသည်လည်း အလွန်အရေးကြီးသော သဘာဝသယံဇာတ အလေအလွင့် ပပျောက်ရေးအလုပ်တစ်ခုဖြစ်သည်။ ယင်းအချက်သည် သဘာဝသယံဇာတ ကြွယ်ဝသော နိုင်ငံများ ဆင်းရဲကျပ်တည်းရခြင်း၏ အကြောင်းရင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် ဂလိုဘယ်ဝစ်နက်(စ်) အစီရင်ခံစာ၌ ၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပင် ဖားကန့်မိုင်းများမှ ကျောက်စိမ်း ထုတ်လုပ်မှုတန်ဖိုး ကန်ဒေါ်လာ ၃၁ ဘီလျံ (မြန်မာ ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းနီးပါး)ရှိသည်ဟု ဆိုသည်။ ယင်းစာရင်းတွင် တရုတ်နိုင်ငံဘက်ထွက်သွားခဲ့သော ကျောက်စိမ်း အများအပြားပါဝင်သည်။ သို့သော် မြန်မာနိုင်ငံသားတို့အတွက် ထိုမျှများပြားသော ဝင်ငွေကို ဘယ်သူတွေ ရကြသနည်း။ ဘယ်သူတွေပိုင်ကြသနည်း။ မည်မျှ အခွန်အခကောက်ခံရရှိပြီး နိုင်ငံအတွက် (ကချင်တိုင်းရင်းသားများအပါအဝင် ဆင်းရဲသားအများပြည်သူအတွက်) မည်မျှအသုံးပြုသည်ကို သိခွင့်ရခဲ့ကြပါသလော။ အများပြည်သူ သိခွင့်ရခဲ့သည်မှာ အစိုးရဘတ်ဂျက် ထုတ်ပြန်ချက်တွင် သတ္တုတွင်းဝန်ကြီးဌာန၏ တစ်နှစ်တာဝင်ငွေမှာ ဘတ်ဂျက်ဝင်ငွေတစ်ရပ်လုံး၏ သုည ဒသမ ၇ ရာခိုင်နှုန်းသာရှိပေ၏။

ဤကွာဟချက်မှာ "အလေအလွင့်" တွေကြောင့်ဖြစ်၏။ မည်သူ့မှာ မည်သို့တာဝန်ရှိပြီးသည် အလေအလွင့်ကို ပိတ်ဆို့ကာကွယ်ဖို့ မည်သူက မည်သို့ ဆောင်ရွက်ခဲ့ကြပါသနည်း။ သည်ယိုပေါက်ကို ပိတ်နိုင်ပါသော် မြန်မာနိုင်ငံ ၅၀ ရာခိုင်နှုန်းမျှ ပိုချမ်းသာလာနိုင်၏။ ယင်းငွေကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလုပ်အကိုင်သစ်များစွာ တိုးပွားများပြားလာနိုင်စရာ အကြောင်းမြင်၏။

မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်ဖြစ်လာသည်နှင့် ယင်း EITI သဘောတူညီချက်ပါ စည်းကမ်းလမ်းညွှန်ချက်များကို လိုက်နာရလိမ့်မည်။ အစိုးရသည် စီးပွားရေးလုပ်ငန်းများ နည်းမှန်လမ်းမှန်ဖြစ်စေကြောင်း ထိန်းကွပ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ များစွာ ပွင့်လင်းမြင်သာမှုရှိလာရလိမ့်မည်။ လုပ်ငန်းရှင်ကုမ္ပဏီများလည်း သမာအာဇီဝ လမ်းကြောင်းပေါ် အများစု ရောက်ရှိလာကြလိမ့်မည်။ ထိုအခါ ဤ "သယံဇာတကျိန်စာ" ကင်ဆာအနာရောဂါမှ ကင်းဝေးသက်သာလာမည်ဟု မျှော်လင့်နိုင်၏။

### အခွန်ဘဏ္ဍာငွေကို တိကျမှန်ကန်စွာ ကောက်ခံခြင်း

ယနေ့အထိ တည်ဆဲ "လုပ်ထုံးလုပ်နည်းများ" မှာ သမာသမတ်ကျသော တရားဥပဒေ၏ မျက်ကွယ်တွင်ရှိနေဆဲဟု ထင်မြင်စရာအကြောင်း များစွာရှိ၏။ ဥပမာ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ပြောဖူးသည်မှာ သူ့ရွှေတူးရန် မြေဧက ၂၀ လေးကွက် လိုင်စင်ယူရန်ရှိသည်။ စာရွက်စာတမ်းအားလုံး လုပ်ပြီးပြီ၊ ယင်းကို လိုင်စင်ရရန် ရွှေ ငါးပိဿာသွင်းရမည်ဟု ဆိုသည်။ ကျွန်တော်ကမေး၍ သူကပြောသည်မှာ (လွန်ခဲ့သည့် နှစ်ထဲက) ငွေကျပ်သိန်း ၂၀ ခန့် ကုန်ပြီးပြီဟုဆိုသည်။ ထိုအခါ ကျွန်တော်က ရွှေကောင်းကောင်း ရှိပုံ့မလားဟု မေးရာ သူ့အကွက်တည်ရာ ချောင်း၏ အောက်တွင် ရွှေတူးနေကြသည်။ ဘူမိဆရာ တစ်ယောက်၏ အပေါ်ယံလေ့လာမှုအရ ရွှေရှိနိုင်သည်ဟု ဆို၏။ ရွှေကဘယ်မှာရှိမှန်းမသိသေး၊ ယခုပင် ရွှေ ၅ ပိဿာ ပေးရမည်ဆိုသည်မှာ လုပ်ငန်းရှင်အနေဖြင့် ဆက်လုပ်မည်ဆိုလျှင် ဆင်ကန်းတောတိုးနိုင်လှသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ များမကြာမီက အငြိမ်းစားယူခဲ့သော ညွှန်မှူးတစ်ဦးနှင့် ဆွေးနွေးဖူးရာ သူက "လုပ်ကွက်ယူပြီး ရွှေမထွက်ပါက သို့မဟုတ် အခွန်မပေးဆောင်ပါက အခွန်အကောက်မရလိုက်မှာစိုး၍ ထိုသို့ တောင်းထားခြင်းဖြစ်သည်" ဟု ဆိုသည်။

ကြိုတင်အခွန်ပေးသွင်းခြင်းမျိုးမဟုတ်၊ ပုံသေယူလိုက်ခြင်းဖြစ်သည်။ လောလောဆယ်ပင် အတန်အရှည်အစားရှိသော လုပ်ငန်းသုံးခု ပြဿနာပေါ်သည်။ ယင်းတို့မှာ ပေးသွင်းရမည့်ရွှေ အလွန်များသဖြင့် ထုတ်လုပ်ရင်း အရစ်ကျပေးသွင်းသွားရန် လုပ်ငန်းပါမစ်စာချုပ်တွင်ပါသည်ဟုဆိုသည်။ သို့သော် ထုတ်လုပ်ရင်း ရွှေကအလုံအလောက်မထွက်၊ လုပ်ငန်းအခက်အခဲများဖြစ်ကြသဖြင့် ပေးသွင်းမှု နောက်ဆုတ်ရွှေ့ဆိုင်းရေး သို့မဟုတ် လျှော့ပေါ့ပေးသွင်းရေးအတွက် နှစ်ကြိမ်ရွှေ့ဆိုင်းခွင့်ရခဲ့သော်လည်း မပြေလည်။ ယခုလည်း သုံးကြိမ်မြောက် ညှိနှိုင်းဆဲဟုဆိုသည်။ အစမကောင်း၍ အနှောင်းမသေချာ၊ တာဝန်ယူ ဖြေရှင်းပေးနိုင်သူလည်း မရှိဖြစ်ရလေသည်။

ယခုလုပ်ပုံလုပ်နည်းများမှာ ယခင်အစိုးရများ လက်ထက်က လုပ်နည်းကိုင်နည်းအတိုင်း ဆက်လုပ်နေခြင်းဖြစ်သည်။ စာချုပ် စာတမ်းခကျသင့်ငွေနှင့် ရွှေအလေးပိဿာချိန်နှင့် ရယူနိုင်ရန်သာ အထိန်းအကွပ်ရှိသည်။ တွင်းထွက်လုပ်ငန်းဆိုင်ရာ သေချာသည့် အထိန်းအကွပ် အခြားစည်းကမ်းနည်းလမ်း ဘာမျှမရှိ။ လုပ်ကွက်တွင် လုပ်ချင်တာ လုပ်ကြလေသည်။

အခွန်ကောက်ခံမှု ကိစ္စသည် သတ္တုတွင်းဝန်ကြီးဌာန သို့မဟုတ် ယင်းတာဝန်ကိုယူသည့် ဝန်ကြီးဌာန၏ တာဝန်မဟုတ်။ သို့သော် သတ္တုခွန်ခေါ် Royalty ကိုမူ ဥပဒေပါအတိုင်း သတ်မှတ်ရန် ယင်းဌာန၏ တာဝန်ဖြစ်သည်။ အလုပ်လုပ်သည့်လူက သူထုတ်လုပ်မည့် ပစ္စည်းကို မထုတ်လုပ်မီက ဝယ်ပေးရခြင်း၊ ထုတ်လုပ်ပြီးလည်း အစိုးရထံပေးသွင်းနေရခြင်းတို့မှာ ဝန်ကြီးဌာန အလုပ်မဟုတ်၊ တကယ့်တရားဝင် ဘာအကြောင်းပြချက် ရှိသည်ကို ကျွန်တော်မသိပေ။ သိသည်မှာ အခွန်ကောက်ခံရေးအလုပ်သည် အခွန်ဦးစီးဌာန သို့မဟုတ် ပြည်နယ်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရများ၏အလုပ်သာ ဖြစ်ရမည်။

သတ္တုခွန်ကို ရှင်းရန်လိုသည်။ မိုင်းမှ တူးထုတ်ဖော်ယူခဲ့သမျှ တန်ဖိုးရှိတွင်းထွက်တိုင်းအပေါ် အစိုးရက သတ္တုခွန်ကောက်ယူရမည် ဖြစ်၏။ ဓာတ်ခွဲမထုတ်နိုင်သဖြင့် အရောင်းအဝယ်မရှိဆိုကာ အခွန်ရှောင်မရ၊ တွင်းထွက်အရိုင်းလိုက် ထွက်ရှိသမျှအပေါ် ကောက်ယူရခြင်းဖြစ်သည်။ မိုင်းပေါက်အထွက် ထွက်လာသမျှ တန်ဖိုးရှိ တွင်းထွက်ပစ္စည်းအားလုံးအတွက် သတ္တုခွန်ဆောင်ကြရမည်ဖြစ်၏။ အရှုပ်ဆုံးဥပမာတစ်ခုကို ဆောင်ရသော် ဘော်တွင်းမိုင်းထွက် ဘော်ကျောက်တွင် ငွေ၊ ခဲ၊ သွပ်၊ ကြေးနီ၊ နစ်ကယ်၊ ကိုဘော့၊ ခနောက်စိမ်း သတ္တုများပါသည်။ နေ့စဉ်နှင့်အမျှ ဘော်ကျောက်တန်ချိန်နှင့်အတူ ယင်းတွင်ပါသည့် ငွေ၊ ခဲ၊ သွပ်နှင့် ကြေးနီ သတ္တုများ၏ အရည်အသွေး (သတ္တုပါဝင်နှုန်း)ကို စာရင်းတင်ရသည်။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြန်တမ်းများကို နမ္မတူ အထွေထွေမန်နေဂျာရုံးမှ အချိန်နှင့် တစ်ပြေးညီ ရန်ကုန်ရုံးသို့ပို့ဆောင်၍ ယင်းမှတစ်ဆင့် သက်ဆိုင်ရာသို့ပို့ရသည်။ နစ်ကယ်၊ ကိုဘော့နှင့် ခနောက်စိမ်းသတ္တုများမှာ ဘော်ကျောက်တွင် အစအနမျှသာပါသဖြင့် ဓာတ်ခွဲတိုင်းတာ၍မရသဖြင့် မိုင်းပေါက်ဝ အထွက်တန်ဖိုး သင့်နိုင်ခြင်းမရှိ။ မီးအပူတိုက် ငွေနှင့်ခဲသတ္တုစင်များ ထုတ်ရာမှ ရသော ဘေးထွက်ပစ္စည်းများသာဖြစ်၍ ထွက်ရှိသည့် အတိုင်းသာ သတ္တုခွန်ဆောင်ရသည်။ ဒါ ၁၉၆၅ ပြည်သူပိုင်မသိမ်းမီက အလုပ်ဖြစ်သည်။ ယင်းနောက်သည်မှာ ဘက်တွင် ထိုအခွန်ကောက်အလုပ် မရှိတော့ချေ။ သို့သော် သတ္တုထွက်ရှိမှု ပမာဏကိုမူ ဆက်လက် အစီရင်ခံမြဲ ခံကြရသည်။

မြေခွန်၊ ရေခွန်၊ ကုန်ကြမ်း၊ စက်ပစ္စည်းစသည့် သွင်းကုန်ခွန်၊ ထွက်ကုန်ရောင်းဝယ်ခွန်၊ ပို့ကုန်ခွန် စသည်တို့ကား သူ့အဆင့်အလိုက် ပုံမှန် သူ့ဌာနဆိုင်ရာသို့ပေးသွင်းရမည်ဖြစ်သည်။ သတ္တုတွင်းဝန်ကြီးဌာနက မည်သည့်အခွန်ကိုမျှ ကြိုတင်ကောက်ခံပိုင်ခွင့် မရှိချေ။ မည်သည့် ဥပဒေကမျှလည်း ခွင့်မပြုအပ်ပါချေ။ သို့သော် သက်ဆိုင်ရာတို့က မိမိတို့ဌာနအလိုက် အဂတိလိုက်စားမှုမရှိ၊ တိတိကျကျ မလွတ်တမ်း ကောက်ခံကြရပေလိမ့်မည်။ သတ္တုတွင်းဝန်ကြီးဌာနကလည်း ဥပဒေနှင့်အညီသာ ပါမစ်ထုတ်ပေးရသည်။ သို့သော် ယင်းဥပဒေသည် ပြည်သူ့အကျိုးကို ဖြည့်ဆည်းသော ဥပဒေမျိုးဖြစ်ရလိမ့်မည်။

အခွန်အခအပြည့်အဝ ကောက်ခံရရှိရေးသည် အလွန်အရေးကြီးသကဲ့သို့ ဥပဒေပြုသူများအနေဖြင့် အကျိုးအမြတ်ရနေသူတို့အား ပြည်သူ့အတွက် အကျိုးမဲ့ဖြစ်သည့် ဖြုန်းတီးမှုများ မပြုစေဘဲ ပြန်လည်ရင်းနှီးမြှုပ်နှံလိုစိတ်ရှိစေသည့် ဥပဒေနှင့် စည်းကမ်းနည်းလမ်းများကို ပြဋ္ဌာန်းချမှတ်ရန် အထူးအရေးကြီးကြောင်း အသိရှိအပ်ပါသည်။ သို့မှသာ မိမိနိုင်ငံအတွင်း လူဦးရေတိုးပွားများပြားလာသည်နှင့်အမျှ အလုပ်သစ်အကိုင်သစ်များ တိုးပွားများပြားလာမည်။ တစ်နည်းအားဖြင့် တိုင်းပြည်တိုးတက်စည်ပင်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

တစ်ဆက်တည်းပြောရလျှင် ပြည်တွင်းအခွန်ဦးစီးဌာနသည် ခေတ်မီသောနည်းများကို စနစ်တကျ ကျင့်သုံးခြင်းနှင့်အတူ အခွန်ဝင်ငွေအရ လျော့နည်းစေသည့် မည်သည့်အဂတိလိုက်စားမှုမျိုးကိုမျှ မပြုမိကြရန် အထူးလိုအပ်ပါသည်။ တံစိုးလက်ဆောင်မဆိုထားနှင့် အစစ်ခံသူထံမှ မည်သည့်ဧည့်ခံမှုမျိုးကိုမျှပင် လက်မခံရန်လည်း လိုအပ်ပါသည်။ မိမိအလုပ်သည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် မည်မျှအရေးပါကြောင်း စိတ်ပါဝင်စားစွာဖြင့် ဂုဏ်အသရေရှိ ဝန်ထမ်းသိက္ခာကို စောင့်ထိန်းကြရပါမည်။ အစိုးရအရာရှိကြီးများကလည်း မိမိလည်း အကျင့်ပျက်၊ သူများတကာကိုလည်း အကျင့်ပျက်စေဟူသောသဘောဖြင့် မျှောမလိုက်ဖို့၊ တံစိုးလက်ဆောင်ယူခြင်းကို လုံးဝပိတ်ပင်ဖို့၊ မီဒီယာနှင့် အွမ်ဘွဒ်စ်မန်းလိုအဖွဲ့အစည်းများက တရားမျှတမှုရှိသော ဥပဒေ စည်းကမ်း၊ မှန်ကန်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ ထိန်းကျောင်းကြပ်မတ်ကြဖို့ လိုပါလိမ့်မည်။

### ထပ်ဆင့်တန်ဖိုးမြှင့် ဆင့်ပွားလုပ်ငန်းများ

မြန်မာနိုင်ငံကို အခြားတိုင်းနိုင်ငံများက "ကမ္ဘာ့နောက်ဆုံး စီးပွားရေးနယ်စပ်ဒေသ" စီးပွားရေးစားကျက်အဖြစ် မျက်စိကျနေကြခြင်းမှာ နိုင်ငံရေးစီးပွားရေး ပွင့်လင်းစပြုသော လူဦးရေ သန်း ၅၀ ကျော်ဖြင့် လူသုံးကုန်ဈေးကွက်ကြီးတစ်ခုဖြစ်၍တစ်ကြောင်း၊ ဘူမိဗေဒမြေပုံပင် တစ်နိုင်ငံလုံးအနှံ့ တိုင်းတာရေးဆွဲပြီး မရှိသေးသည့်နိုင်ငံမှာ သယံဇာတအရင်းအမြစ်များ အသစ်အသစ်ထပ်မံတွေ့ရှိနိုင်ခြေရှိသည်ဟု အထင်ရှိကြ၍ တစ်ကြောင်း၊ ယင်းမှတစ်ဆင့် သတ္တုထုတ်လုပ်သည့် အခြေခံလုပ်ငန်းများ (Primary Industries)ကို ထူထောင်လိုကြသည် တစ်ကြောင်း၊ ထို့အပြင် အလုပ်သမားပေါက်ဈေးပေါပေါဖြင့် အခြားကုန်ထုတ်လုပ်ငန်းများ (Manufacturing Industries) တည်ထောင်လိုကြသည်တစ်ကြောင်းတို့ကြောင့် နိုင်ငံရပ်ခြားမှ လုပ်ငန်းရှင်များ တိုးဝှေ့ဝင်လာနေကြသည်။ အကြီးစား သတ္တုတွင်းလုပ်ငန်းတွင်မူ ဖြစ်ဖြစ်မြောက်မြောက် ဝင်မလာကြသေး။ သတ္တုတွင်းဥပဒေသစ်တွင် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းရှင်းလင်းလင်း ပေါ်မလာကြသေးသဖြင့် စွန့်လွှတ်စွန့်စား အပြေးအလွှားမဝင်ရဲဘဲဖြစ်နေသည်။

ရေးလိုသည့် အကြောင်းမှာ ယနေ့ အလျှံပါယ် ထွက်ရှိနေသော ကြေးနီ၊ ကျောက်မျက်၊ ရွှေနှင့် နစ်ကယ်တို့ အကြောင်းပါ။ ခဲ၊ သွပ်၊ ငွေစသည်တို့ ထွက်သေးလျှင်လည်း အလားတူ ထည့်သွင်းစဉ်းစားရပါမည်။ ယခု ယင်းသတ္တုနှင့် အဖိုးတန်ပစ္စည်းများကို 'အရိုင်းလိုက်' နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ရောင်းချနေကြပါသည်။ သတ္တုစင်ပင် ဖြစ်ငြားလည်း 'အရိုင်းလိုက်' ဟု ဆိုလိုက်ရခြင်းမှာ ယင်းတို့ကို စက်ပစ္စည်းအဖြစ်၊ သို့မဟုတ် တိုက်ရိုက်သုံးစွဲနိုင်သည့် ကုန်ချောပစ္စည်း မဟုတ်ခြင်းကို ဆိုလိုပါသည်။ ဥပမာ - ကြေးနီသတ္တုစင် (၉၉ ရာခိုင်နှုန်း Cu) ကို လိုအပ်သလို ပြုပြင်တပ်ဆင်ပြီး အသင့်သုံးနိုင်သည့် ပစ္စည်းမျိုးဖြစ်အောင် ဖန်တီးရောင်းချလျှင် မြန်မာနိုင်ငံအနေဖြင့် ကုန်ချောပစ္စည်း ဝယ်ယူသုံးစွဲရမှုတွင် သက်သာမည်သာမက မိမိနိုင်ငံတွင် ကုန်ချောလုပ်ငန်း (Manufacturing Industry)ရှိသည်ဖြစ်၍ ဝင်ငွေကောင်းသော အလုပ်အကိုင်များ ပေါ်ထွန်း၊ ထုတ်ကုန်တန်ဖိုးလည်း မြင့်တက်လာမည်ဖြစ်သည်။

ကျောက်မျက်ကိစ္စတွင်လည်း ပေါပေါများများ ထုတ်ရောင်းခြင်းသည် မိုက်မဲခြင်းသာဖြစ်၏။ ရေရှည်သုံးနိုင်အောင်၊ ဝင်ငွေကို အရင်းအနှီးပြန်လုပ်နိုင်အောင်၊ ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးရာလည်း ဖြစ်အောင် ကျောက်မျက်ကုန်ကြမ်း ထုတ်လုပ်မှုကို ထိန်းချုပ်ပြီး အရိုင်းတုံးများကို ပြည်ပသို့ တိုက်ရိုက် တင်ပို့ခွင့်မပြုဘဲ အသင့်သုံးနိုင်သည့် လက်ဝတ်ရတနာများ (Fabricated Jewellery)ကိုသာ ပြည်တွင်းပြည်ပတွင် ရောင်းချခြင်းအားဖြင့် တန်ဖိုးလည်းမြင့်၊ အလုပ်အကိုင်လည်း များစွာ ဖန်တီးပြီး ဖြစ်လေမည်။ အထုတ်နှင့်အသုံး (Supply and Demand)ကို ထိန်းချုပ်ပြီးဖြစ်သဖြင့် လောဘတကြီး အရမ်းတူး အရမ်းပို့ဆောင် ရောင်းဝယ်ခြင်းကို ထိန်းချုပ်ပြီးသား ဖြစ်အံ့ထင်သည်။ ရှားပါးပစ္စည်း ရှားပါးသည့်သဘော မပျောက်လျှင် တန်ဖိုးကြီးမည်ဖြစ်၏။

သတ္တုကိစ္စတွင် အရိုင်းလိုက် မည်သည့်ပစ္စည်းကိုမျှ ပြည်ပတင်ပို့ခွင့်မပြုလျှင်၊ ကုန်ချောမလုပ်နိုင်လျှင် မြေကြီးထဲကပစ္စည်း မြေကြီးထဲမှာပင်ထားပြီး ထိန်းသိမ်းစောင့်ရှောက်ထားသင့်၏။ နောင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပေါက်ဈေးကောင်းလာသောအခါ နောင်လာနောက်သားတို့ အကျိုးများကြမည်ဖြစ်သည်။ လက်ငင်းကာလတွင် ဈေးကောင်းသော်လည်း ကုန်ချောမဟုတ်၍ ပြည်ပမပို့ရသဖြင့်လည်း မြေကြီးထဲမှာပင် ထိန်းသိမ်းပြီးသားဖြစ်လိမ့်မည်။ ယခုလက်ငင်း ထုတ်ယူသုံးစွဲအရောင်းအဝယ်လုပ်လိုကြလျှင် ကုန်ချောထုတ်စက်ရုံများ တည်ထောင်လုပ်ကိုင်ကြပေရော့။ ဥပမာတစ်ခု ကြေးနီဆိုလျှင် ကြေးနီစပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းလူသုံးကုန်များ၊ စက်မှုသုံးကုန်များစသည်ဖြင့် အမျိုးအမည်ပေါင်းများစွာ ထုတ်လုပ်နိုင်၏။ ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ သံ၊ နစ်ကယ်၊ ခနောက်စိမ်းစသည်တို့လည်း အလားတူဖြစ်၏။

သို့ဖြင့် သတ္တုတူးလုပ်ငန်းမှသည် သတ္တုထည် လူသုံးကုန်စက်မှုကုန်ထုတ်လုပ်ရေးသို့ တက်လှမ်းခြင်း၊ ကျောက်မျက်ကို လက်ဝတ်ရတနာနှင့် အနုပညာပစ္စည်းသို့ တိုးမြှင့်ထုတ်လုပ် ကုန်သွယ်ခြင်းသည် အရိုင်းအတိုင်း ထုတ်လုပ်ကုန်သွယ်ခြင်း၊ ပို့ကုန်ပြုခြင်းထက် နိုင်ငံကို အကျိုးများစွာပိုပြုကြောင်း ထင်ရှားပေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း



**Pro1 Myanmar Co.,Ltd.** ၏ **Pro1 Home Center Mandalay Branch 2** အား ၂၉-၄-၂၀၁၇ ရက်နေ့၌ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် **Pro1 Myanmar Co.,Ltd.** အနေဖြင့်လည်း နောင်နှစ်ပေါင်းများစွာတိုင် ဆတက်ထမ်းပိုး အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်း **Peace Myanmar Electric Holding Co.,Ltd.** အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**PME Holding Co., Ltd.**
ISO 9001: 2008


**LUCKY HOME**
ဆေးသုတ်ဝန်ဆောင်မှုလုပ်ငန်း



Unitex = 90, 170, 220
Orient = 150, 250, 300
Premier= 220, 350, 400
ICI = 300, 400, 650

(၁)ပေ ပတ်လည် ပန္နည်းလက်ခ
အပြီးအစီး
ဆေးသုတ်ခြင်း၊ ပေါလစ်တင်ခြင်းတို့ကို စိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါသည်။
Ph: 09-425305837, 09-250161966

**ဦးရဲမင်းပိုင်(သချ်ာ)**
၁၆၅(မထမ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၇၇၃၁၆၁၁၄၀
သချ်ာ၊ အင်္ဂလိပ်စာ (၆ တန်းမှ ၈ တန်းအထိ)
ဗဟန်း၊ တန်ဂ်နေ့တန်းခွဲနှင့် ကြားရက်ကျောင်းချိန်လွှတ်တန်းခွဲ
၉တန်း၊ ၁၀တန်း ကျောင်းချိန်လွှတ်ပိုင်း
၉တန်း-၁၀တန်းဘာသာစုံ(၁၀)ဦးစာသင်၊ စာကျက်ဝိုင်းများ
၂၃၀မှ ၇၀၀ နေ့စဉ်တက်ရမည် လဆန်းဖွင့်ပြီ ကြိုအပ်ပါ။

**ကားရောင်းမည်**
2007 RAV 4 385 သိန်း
RVR / Honda CRV 330-445 သိန်း
2005 Kluger 430 သိန်း
2006 WISH 290 သိန်း
2003 Mark II 270 သိန်း
2013 Axio 230-270 သိန်း
FIT-Shuttle / Insight / Civic 155-255 သိန်း
Fielder Taxi / 235-260 သိန်း
2010 Belta 1000 / 1300 CC 170-190 သိန်း
2011 Swift / Golf / Polo 170-220 သိန်း
2011 AD / Probox 145-155 သိန်း
ကားဝယ်သည်။ အလဲအထပ်ရသည်။
09 5108316 , 09 975108316

**ဌားရန်ရှိသည်(နှစ်ထပ်လုံးချင်းတိုက်)**
Down Town Area ကိုင်းတန်းလမ်းကျယ်၊ လမ်းမတော်မြို့နယ်၊ ပေ(25x50)၊ အိပ်ခန်းသုံးခန်း၊ ရေ၊ မီး(၂၄နာရီ)၊ ဖုန်း၊ 35KVA မီးစက်၊ Aircon (7)လုံးပါ။ အဆင့်မြင့်ပြင်ဆင်ပြီး ကြွေပြား၊ ပါကေးခင်း၊ အခမ်းဖွဲ့၊ နှစ်ထပ်လုံးချင်း တိုက်ငှားရန်ရှိသည်။
**ဆက်သွယ်ရန်-09-8302000, 09-8302888, 09-8303888**


အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးသင့်မြတ်ခင် | ၁၂/အစန(နိုင်)၀၀၃၃၃၉ | ၅၁/၅၃၃၊ နိဗ္ဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် | ၇/B နံ့သာကုန်း | ၁၀/င ၆ | နော်လှရှင် | ၃-ထပ် |
| ၂ | ဒေါ်စမ်းစမ်းမော်+၂ | ၁၂/လသန(နိုင်)၀၀၉၇၁၆ | ၂၈၆၊ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် | ၁၇ | ၅ | ရှာရီဖာဘီဘီ | ၃-ထပ် |
| ၃ | ဦးထွန်းဝင်း(ခ)တီးတီး | ၁၄/ပသန(နိုင်)၁၄၉၄၁၆ | ၉၆၈/င၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန် | ၃၉၄ | ၁/ဓ ၁၃ | M.E. မွလာဟင်ဆန်း | ၃-ထပ် |
| ၄ | ဦးမောင်လှ | ၁၄/ဟသတ(နိုင်)၁၉၂၂၅၇ | ၃၃၃/ခ၊ ဖားအံလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ | သတမ-၅ | ၃၃၃/ခ | ဦးတင်မောင် | ၂၂-ထပ် |
| ၅ | ဦးဇော်မင်းဦး | ၁၂/လသယ(နိုင်)၀၃၀၄၉၉ | ၁၉၃/က+ခ၊ တောင်ငူလမ်း၊ ၁-ရပ်ကွက်၊ လှိုင်သာယာ | ၁၀ | ၁၉၃/က၊ ၁၉၃/ခ | ဦးဘိုကြီးကျော်၊ ဒေါ်ခင်စန်းရီ | ၃-ထပ် |
| ၆ | ဒေါ်လှလှတင် | ၁၂/တမန(နိုင်)၀၇၆၆၂၈ | ၂၉၈/က၊ မင်းရဲကျော်စွာလမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၆ | ၂၉၈/က | ဦးသိန်းကို | ၂-ထပ် |
| ၇ | ဒေါ်သန်းသန်းဝင်း | ၁၂/မရက(နိုင်)၁၀၀၃၂၃ | ၁၁၃/က၊ ၁၁၄၊ အေးမြသာစည်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၄-သမိုင်း | ၃/က | ဒေါ်တင် | ၃-ထပ် |
| ၈ | ဒေါ်သိန်းမြင့်+၁ | ၁၂/မရက(နိုင်)၀၄၄၄၂၈ | ၂၇၀+၂၇၁၊ အောင်သစ္စာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၄-သမိုင်း | ၃/က | ဒေါ်တင် | ၃-ထပ် |
| ၉ | ဦးမြဝင်း | ၁၂/မရက(နိုင်)၀၄၃၅၂၂ | ၆၊ ဦးဘဟန်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၅-သမိုင်း | ၁/က | ဒေါ်ကြင်စိန် | ၃-ထပ် |
| ၁၀ | ဒေါ်ရင်ရင်လှ | ၁၂/မရက(နိုင်)၁၁၇၂၄၄ | ၅+၆၊ အောင်မေတ္တာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၀-သမိုင်း | ၂/ဃ | ဦးဘိုထွန်း၊ ဒေါ်ဈေး | ၃-ထပ် |
| ၁၁ | ဒေါ်လဲ့လဲ့နိုင် | ၁၂/ဥကတ(နိုင်)၁၄၅၃၆၄ | ၂၂၂/ခ၊ မင်းရဲကျော်စွာ(၃)လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၇ | ၂၂၂/ခ | ဒေါ်သန်းစိန် | ၂-ထပ် |
| ၁၂ | ဒေါ်ချိုချိုအောင် | ၁၂/ကမရ(နိုင်)၀၀၁၂၉၄ | ၁၂၀၉/ခ၊ စိန်သံမဏိလမ်း၊ ၁၉-ရပ်ကွက်၊ လှိုင်သာယာ | သတမ-၀၅ | ၁၂၀၉/ခ | ဦးဘရွှေ | ၂-ထပ် |
| ၁၃ | ဦးမောင်မောင်ဝင်း | ၁၂/ကမရ(နိုင်)၀၃၉၄၀၅ | ၂/ခ၊ လက်ခုတ်ပင်(၁)လမ်း၊ ၁-ရပ်ကွက်၊ ကမာရွတ် | ၇၅ | ၆၁/ခ | ဒေါ်ကျင်နု+၁၀ | ၃-ထပ် |
| ၁၄ | ဒေါ်မိုးသီတာ+၁ | ၅/ကသန(နိုင်)၀၂၄၉၂၅ | ၅၀၊ ဓမ္မဇေယျာဒီပလမ်း၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၁ | ၅၀ | ဦးစောဘထွန်း | ၂-ထပ် |
| ၁၅ | ဦးရဲလင်းအောင် | ၉/ရမသ(နိုင်)၁၀၇၇၅၀ | ၂၊ ဧရာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၄-သမိုင်း | ၃/က | ဒေါ်တင် | ၃-ထပ် |
| ၁၆ | ဦးအောင်နိုင်စိုး | ၁၂/မရက(နိုင်)၁၀၂၇၉၈ | ၁၂၉၊ အောင်ချမ်းသာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၄-သမိုင်း | ၃/က | ဒေါ်တင် | ၃-ထပ် |
| ၁၇ | ဦးအောင်မြတ်စိုး | ၁၂/လမန(နိုင်)၁၀၉၂၇၈ | ၂၇၅၊ အောင်မေတ္တာ(၆)လမ်း၊ ၁-ရပ်ကွက်၊ လှိုင် | ၁၃ | ၄၇ | မိုးလောင်ပြင်ပြန်ချ | ၃-ထပ် |
| ၁၈ | ဒေါ်အေးခင် | ၁၁/ကဖန(နိုင်)၀၁၆၅၄၈ | ၁၈၊ ပန်းမယ်ဇလီလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သယ်န်းကျွန်း | ကြီးပွားရေး(လုံးချင်း) | ၂၉ | ဒေါ်ဆွေဆွေမြင့် | ၂-ထပ် |
| ၁၉ | ဦးတင်ထွန်း | ၁၄/ဓဒရ(နိုင်)၁၀၀၀၄၁ | ၁၆၀၅/ခ၊ သလ္လာဝတီ(၃)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတ | ၁၀/တောင် | ၁၆၀၅ | ဦးသန်းဋ္ဌေး | ၃-ထပ် |
| ၂၀ | ဒေါ်မြတ်ဆုမွန် | ၁၂/သကတ(နိုင်)၁၅၁၈၇၈ | ၄၄၅/က၊ မေယုလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတ | ၄/တောင် | ၄၄၅/က | ဦးအောင်တင် | ၂၂-ထပ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123


မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

ကြေးမုံ




# ဂုဏ်ယူဝမ်းမြောက်ခြင်း






၂၀၁၇ ခုနှစ်အတွက် International Star for Leadership in Quality Award လက်ခံရရှိခဲ့သော Jasmin Palace Hotel, Yangon, Myanmar အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

Silver Sky Myanmar Co., Ltd
M.Y ASSOCIATES CO., LTD.
GOLDEN GREEN ENERGY COMPANY LIMITED
BRIGHT TIME
STRONG SOURCE Holding Co., Ltd.

| | |
|---|---|
| U Thaw Oo Lwin (Chairman) | - Royal Golden Power Co., Ltd. |
| U Mg Mg | - Cherryland Co., Ltd. |
| U Ni Aung Khaing Myint (MD) | - Silver Sky Myanmar Co., Ltd. |
| U Htin Aung Kyaw | - Golden Cougar Co., Ltd. |
| U Aung Hla Han (MD) | - Myanmar Sports Management Group Co., Ltd. |
| U Min Lwin (MD) | - Faith Family Co., Ltd. |
| U Shwe Thwin (MD) | - Thetmyatnoe Int'l Co., Ltd. |
| U Aung Thwin Kyaw (MD) | - MSL Trading Co., Ltd. |
| U Maung Maung Aung (MD) | - Viking Maring Products |
| U Soe Hlaing Oo | - ရွှေ - အလဟာရ |
| U Soe Naing (MD) | - Strong Source Holding Co., Ltd. |
| U Kyi Win (MD) | - Zaw Myo Htet Co., Ltd. |
| U Tin Aung (Director) | - Zaw Myo Htet Co., Ltd. |
| U Win Thaw (MD) | - Myanmar Leading Engineering & Construction Co.,Ltd |

| | |
|---|---|
| U Min Aung (Vice Chairman) | - Bright Time Trading Co., Ltd. |
| U Zaw Win Oo (MD) | - Bright Time Trading Co., Ltd. |
| U Khine Oo (CEO) | - Golden Green Energy Co., Ltd. |
| U Hla Htun Oo (MD) | - Shwe Ni Oo Construction & Engineering Co., Ltd. |
| U Kyaw Khin (MD) | - Deco-Land Co., Ltd. |
| U Nyi Nyi Soe (MD) | - Mya Sanndaku Trading Co., Ltd. |
| U Ye Htut (CEO) | - Gold Cement Co., Ltd. |
| | - Y.H.O Co., Ltd. |
| | - M.Y Associates Co., Ltd. |
| U Sai Tun Myint (Director) | - ASPIDN Construction & Trading Co., Ltd. |
| U Soe Ngwe (Director) | - Oceanfront Traders Co., Ltd. |
| U Khin Maung Tint | - Permanent Secretary (Retired). Ministry of Industry |
| သားကြီး(ခ) ကျော်ခင်လတ် (CEO) | - Sein Ma Ma Trading Co., Ltd. |
| B.B.G Golfer Group | |

## ကြော်ငြာ

ပီတိသုခစံ Travel & Tours
၀၉-၄၂၀၀၀၅၂၇၈
၀၉-၇၉၄၉၄၄၅၇၈
၀၉-၇၇၈၉၇၈၄၂၀
၁။ မြဝတီ၊ မဲဆောက်(ထိုင်း) အယုဒ္ဓယ၊ ဘန်ကောက်မြို့တော်၊ ပတ္တရာ
၂။ ထားဝယ်ရှင်ကိုးရှင်(ထိုင်း) ကန်ချနာဘူရီ
၃။ ပေလီ၊ အဲဂရာ၊ နီပေါ၊ ဆံတော်
၄။ တောင်ရွာ၊ သံတောင်၊ ပသီဖျောင်း ဂင်္ဂါ ...
9,26 May-2017
ခရီးစဉ်တွက်လုံးဖြား

ကိုကျော်နိုင် CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

COASTAL BEAUTY
TRAVELS & TOURS CO., LTD.
စက်ဘုအထူး ခရီးစဉ် (၄ရက်/၃ည) - 12 May
ပုဂံ၊ ပုပ္ပါး၊ ပစ္စူဋ္ဌ ခရီးစဉ် (၄ရက်/၃ည) - 06 May, 12 May
ကလော၊ အင်းလေး၊ တောင်ကြီး ခရီးစဉ် (၅ရက်/၄ည) - 06 May, 12 May
ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ခရီးစဉ် (၅ရက်/၄ည) - 06 May, 12 May
အမှတ်(၇၉)၊ မြေညီထပ်၊ နှင်းဆီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
09-442539442, 09-5505201, 09-979809536 ☎: 01-2302031

### အမည်ပြောင်း

အဖ ဦးတင်လင်းဦး[၁၂/ရပသ(နိုင်) ၀၀၇၇၇၆]၏ သားများဖြစ်သော အထက (၁)ကျောင်းတွင် ပညာသင်ကြားနေသော မောင်စည်သူဖြိုးဟိန်း(အား) မောင်စည်သူဖြိုးဟုလည်းကောင်း၊ မောင်စည်သူမျိုးဟိန်း(အား) မောင်စည်သူမျိုးဟု ပြောင်းလဲခေါ်ပါရန်။

၁၀လမ်းဝိုင်း
ရှယ်ပိုင်းတန်းခွဲသစ်
ကျောင်းအပ်လက်ခံပြီ
ကျောင်းခန်းမလိပ်စာ
၉ တန်း၊ ၁၀ တန်း
(အယောက် ၂၀ သီးသန့်)
(၁၀ ယောက် သီးသန့်)
အထူးစာသင်ဝိုင်းများ

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
LCCI (UK) Level I,II & III
FOR DECEMBER 2017 EXAM
Nay Lin Aung Finance & Accountancy Academy
အမှတ် - (၁၈, 3A - 6 B) ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။

## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဦးသိန်းထွန်းလတ်** [အငြိမ်းစားဗိုလ်ကြီး၊ ချင်း(၂) ဗသက၊ ခလရ -၃] နှင့် မေမေ **ဒေါ်အမာရှိန်**(ဟိုတယ်ခရီး-ငြိမ်း)တို့၏ ၂၉-၄-၂၀၁၇ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သားသမီး၊ မြေးမြစ်များနှင့်အတူ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် ဘဝကိုဖြတ်သန်းနိုင်ပါစေ။

**သား -** ဦးကိုကိုလတ် (Factory Manager) (Aaro Company) - ဒေါ်မိုးမိုး (Quality Assurance Manager) (Myanmar Ha Hae)

**မြေး -** သက်ထားဆွေ (M.B.,B.S (Ygn)

**မြေး -** အောင်ကျော်ဖြိုး(Victoria University College)


**သား -** ဦးညီညီလတ်-ဒေါ်သီတာမြစိုး (မြန်မာ U-16 နည်းပြချုပ်)(လက်ထောက်နည်းစနစ်ဒါရိုက်တာ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

**မြေး -** ဗိုလ်လောင်းကျော်ဇောထွန်း (3rd year, DSA)
အေးပွင့်ဖြူ
အိပွင့်ဖြူ

**သမီး -** ရဲမှူးတင့်ဝေ(ရဲမှူးဦးစီး၊ ကယားပြည်နယ်ရဲတပ်ဖွဲ့)-ဒေါ်စိုးစိုးမိုး

**မြေး -** နှင်းအိန္ဒြေ [B.E (PH) , Myanmar Maritime University]
ဒုဗိုလ်ပြည့်စုံကောင်း B.Sc (DSA)
ကေခိုင်သိန်း(2nd year, English)

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING




အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။




MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

ကြော်ငြာ


**တရုတ်** | **ENGLISH** Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန် TAMWE - 540714, 09 5183636 သကြၤန်အထူးအစီအစဉ် 10% Discount

မနက်ဖြန်ရှိမှနေ့လည်ခုနစ်ရှိထိ သင်တန်းအပ်လက်ခံမည်
**အောင်ကောင်းစံ ပညာရေးဝန် ဆောင်မှု အဝေးသင်**
အထူးသီးသန့်–မြန်မာစာ သမိုင်း ပထဝီ၊ဥပဒေ၊အင်္ဂလိပ်
IT ...
Facebook page:အောင်ကောင်းစံ အဝေးသင်ဝန်ဆောင်မှု
09 973013055, 09 799642842; 09 795723515
မြေပြင် ...

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငိုး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/ မြို့ပြင်–ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

# Open your own Gakken Classroom Learning Centre




**We are looking for people who are passionate about education**

*Please contact us if you are:*

- keen to contribute your local community
- looking for a good education for your child
- owning enough space to run your learning centre
- interested in Maths instruction

Gakken Classroom's instructors have flexibility to fit your work around family.

**The largest market share in the Japanese after-school learning industry where children learn primary maths**

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centres.

**Orientation**

| | |
|---|---|
| Date | : 30th (Sun) April and 7th (Sun) May 2017 |
| Time | : 11:00 AM sharp (2hours) |
| Place | : #406, 4th Floor, Hledan Centre |
| Phone | : 01-2307803/ 09-4444 55803/ 09-979682785 |
| Fee | : Free |

Note : Please arrive at the venue 25-30 minutes earlier. The number of participants will be strictly limited and if you would like to join the orientation, please contact us.

Fundamental Academic Abilities & Logical Thinking Skills
Gakken
Maths/Science

Find us on Facebook >> Gakken Classroom Myanmar

Since 1996
**ပုလဲ** (သူငယ်တန်းမှ ၁၀တန်း)
**ဆရာဝန်များဦးစီးသော စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း**
မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိုတ်ပြီး ခြံဝန်းကျယ်
အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။
(၀) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
အမှတ်(၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၀၀၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂




ညီနှိုင်းဈေး
၁။ (၄၀' x ၆၀') ဂရန်မြေ
သုဝဏ္ဏ၊ ဝိုလ်ချုပ်ရွာအနီး
၂။ (၁၂'x၅၄') မြေညီတိုက်ခန်း
(၃၃၀၊ သုဝဏ္ဏဈေးအနီး)
09250171460,095084274









အဆုံးစွန် စွမ်းဆောင်ရည်နဲ့
အလန်းဆုံး Style ပေါင်းစပ်မှု

NEW STYLE + PERFORMANCE WAVE 110i

**အဆင့်မြင့် ဆိုင်ကယ်ကို လမ်းမျိုးစုံအတွက် ဖန်တီးထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။**
Honda Wave 110i အသစ်များသည် အထင်ကရ သေသပ်လှပသော လက်ရာမြောက် ပြိုင်ဘီးဒီဇိုင်းစစ်စစ်များ ဖြစ်ပါသည်။ နောက်ဆုံးပေါ် PGM-FI နည်းပညာ၏ ကျေးဇူးဖြင့် အပိုစွမ်းအင်စွန့်ထုတ်မှု သက်သာစေမည့် အမျိုးအစားဖြစ်ပြီး ခေတ်ရေ့ပြေးဒီဇိုင်းကို လေခွင်းအားကောင်းစွာနှင့် ရင်သပ်ရှုမောဖွယ်အသွင်ဖြင့် မြင်တွေ့ရမှာ ဖြစ်ပါသည်။




သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး အမြင့်မားဆုံး စွမ်းဆောင်ရည် ပေးစွမ်းနိုင်သည့် နောက်ဆုံးပေါ် 110cc. PGM-FI နည်းပညာသုံး အင်ဂျင်

အားလုံးရဲ့အမြင်ကို ဖမ်းစားနိုင်မည့် လေခွင်းအားကောင်း အရှိန်မြင့် ဒီဇိုင်းအသစ်

ချောမွေ့စွာ စီးနင်းနိုင်ပြီး အရှိန်လျှော့ချမှုအတွက်လည်း စိတ်ချရသည့် Mono-Cylinder Disc ဘရိတ်အသစ်

စီးနင်းရာတွင် ပေါ့ပါးပြီး မောင်းနှင်ရာတွင် ငြိမ်ညောင်းခြင်းပေးစွမ်းမည့် တိကျသေချာသော ဝင်ရိုးကိုယ်ထည်

From ၁,၅၆၀,၀၀၀ ကျပ် (Spoke)

**01218521** ဒီနေ့ပဲ နီးစပ်ရာ Honda NCX အရောင်းပြခန်းကို သွားရောက်ကြည့်ရှုပြီး အဆုံးစွန်စွမ်းဆောင်ရည်နဲ့ အလန်းဆုံး Style ကို ဖော်ထုတ်ခံစားလိုက်ပါ။

**NCX MYANMAR CO., LTD.**
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
☎ ၀၉ ၂၅၀ ၁၁၁ ၂၅၅

**NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်**
• မန္တလေး ဖုန်း - ၀၉ ၄၀၂ ၆၀၆၆၄၀၊ ၀၉ ၂၅၉၀၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂ ၆၂၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂ ၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• မြိတ် ဖုန်း - (၀၅၃) ၂၄၁၀၇ • မုဆိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၈၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၀ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇






# မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်



**မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မိမိတို့နိုင်ငံအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို Geostationary ပတ်လမ်း Indian Ocean Region (IOR) 60 Degree East တည်နေရာတွင်ရှိသည့် Intelsat V ဂြိုဟ်တုကို အသုံးပြုပြီး အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးနှင့် TV receiving တို့အတွက် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က စတင်အသုံးပြုခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလမှစပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစနစ်ကိုလည်း Geostationary ပတ်လမ်းတွင်ရှိသည့် AsiaSat-1 ကို အသုံးပြုပြီး ပြည်တွင်းတယ်လီဖုန်းဆက်သွယ်ရေးနှင့် TV ထပ်ဆင့်လွှင့်စနစ်များကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို ၁၉၉၈ ခုနှစ် ဇွန်လတွင် Geostationary ပတ်လမ်းတွင်ရှိသည့် ThaiCom 3 သို့ ပြောင်းလဲပြီး အသုံးပြုခဲ့ပါကြောင်း၊ ဂြိုဟ်တုအသုံးပြုမှုတွင် Transponder သည်လည်း တစ်နေ့တခြား တိုးပွားများပြားလာပါကြောင်း၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

## ၇၂ နာရီအတွင်း မိုးရွာပြီး လေပြင်းများ တိုက်ခတ်နိုင်

**နေပြည်တော် မေ ၂၈** - ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ ရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ယနေ့ညနေမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# အင်တာမီလန်လူငယ်အသင်း ရန်ကုန်မြို့၌ ခြေစမ်းပွဲ လာရောက်ကစားမည်

**ရန်ကုန် မေ ၂၈**

အီတလီကလပ် အင်တာမီလန်လူငယ်အသင်းသည် ရန်ကုန်မြို့သို့ လာရောက်၍ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာလူငယ်အသင်းများနှင့် ခြေစမ်းပွဲများကစားရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အင်တာမီလန်အသင်း တာဝန်ရှိသူများသည် ယင်းခြေစမ်းပွဲများအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာမီသတင်းထုတ်ပြန်နိုင်ဖွယ်ရှိနေသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းနှင့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ အာရှယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၈အသင်းတို့အား ရွေးချယ်ထားပြီး ဩဂုတ်လတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❂



**မြန်မာ ယူ-၂၂ အသင်းတိုက်စစ်မှူး သန်းပိုင်**

# စင်ကာပူချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ တစ်ခု၊ ငွေ တစ်ခု ထပ်မံဆွတ်ခူးရရှိ

**စင်ကာပူ မေ ၂၈**

စင်ကာပူချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ စင်ကာပူနိုင်ငံရှိ အမျိုးသားဘောလုံးကွင်း၌ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေ တစ်ခု၊ ငွေ တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေဆုကို အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ခင်မာဆယ်က ရယူပေးခဲ့ပြီး ငွေဆုကို အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ဆန်းနိုင်တို့က ရယူပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲကို နှစ်ရက် ကျင်းပခဲ့ပြီး မြန်မာပြေးခုန်ပစ်အဖွဲ့သည် ရွှေ သုံးခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် ကစားသမား ငါးဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မျိုးကျော်မှာ အမျိုးသား ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် အဆင့်(၄)နေရာရခဲ့ကာ ကျန်လေးဦးမှာ ဆုတံဆိပ်များ ရယူနိုင်ခဲ့သည်။ မြန်မာ ပြေးခုန်ပစ်ကစားသမားများအနက် ခင်မာဆယ်က ရွှေ နှစ်ခု၊ ဆန်းနိုင်က ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ပြည့်ဖြိုးထွန်းက ငွေ တစ်ခု၊ ဆွေလီမြင့်က ကြေး တစ်ခုတို့ ရယူနိုင်ခဲ့သည်။

**(ဖိုးသော်ဇင်)**







# ကြေးမုံနှစ် (၆၀) ပြည့် အထိမ်းအမှတ် အမှတ်တရပုံရိပ်များ



ကြေးမုံဆိုတာ ပြည်သူပိုင်သတင်းစာထဲမှာ ထိပ်တန်းရောက်ခဲ့တာ။ ကိုယ်ထူထောင်ခဲ့တဲ့ သတင်းစာဟာ ပြည်သူကြိုက်တဲ့ ပြည်သူ့သတင်းစာဖြစ်သွားတာကို ကျွန်တော်တို့က အထူးဝမ်းမြောက်ပါတယ်ဗျာ။ ကိုယ့်အတွက်လည်း ဂုဏ်ယူတယ်။ အများအတွက်လည်း တော်တော်လေးဝမ်းမြောက်ပါတယ်။ ကြေးမုံနဲ့ပတ်သက်တဲ့ဆန္ဒ အမြဲတမ်းရှိတယ်။ ကိုယ့်ကိုယ်ကိုယ်တောင် ငါအသက်ရှည်ဦးမှာပဲ။ ကိုယ့်ကိုယ်ကိုယ် ဖွဲ့တင်းထားတယ်။ ကြေးမုံရှိစဉ်ကာလမှာလည်း ငါမသေဘူး။ သေသည့်တိုင်အောင်လည်း ကြေးမုံရှိနေရင် ငါမသေဘူးဆိုတဲ့စိတ် ကျွန်တော့်မှာ အမြဲတမ်းရှိပါတယ်။

**ကြေးမုံဆရာသော်**




၁၉၅၇ ခုနှစ် ဧပြီ ၁၇ ရက်မှ စတင်ထုတ်ဝေခဲ့သော ကြေးမုံသတင်းစာသည် ၂၀၁၇ ခုနှစ် ဧပြီ ၁၇ ရက်နေ့တွင် နှစ် (၆၀) ပြည့်ခဲ့ပြီဖြစ်သည်။ ကြေးမုံသတင်းစာ နှစ် (၆၀) ပြည့်အခမ်းအနားကို ဧပြီ ၂၈ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star ဟိုတယ်တွင် ကျင်းပခဲ့ရာ ကြေးမုံတည်ထောင်စဉ်ကပါဝင်ခဲ့သူများ၊ ကြေးမုံဝိုင်းတော်သားများနှင့် စာပေနယ်မှပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။



ဆရာက ကြေးမုံ နှစ်ပေါင်း (၆၀) မှာ နှစ်ပေါင်းနှစ်ဆယ် သုံးချိုးတစ်ချိုးလုပ်ခဲ့ဖူးတယ်။ လုပ်တဲ့နေရာမှာ အထွေထွေ နေ့စားဘဝကနေ အယ်ဒီတာချုပ်ဘဝအထိ လုပ်ဖူးတယ်။ အဲဒီမှာ ကောင်းတဲ့တစ်ခုက ကြေးမုံစိတ်ဓာတ်။ ကြေးမုံစိတ်ဓာတ်က ဘာလဲဆိုတော့ ကြေးမုံကောင်းအောင်လုပ်မယ်။ ကြေးမုံမှန်အောင်လုပ်မယ်။ ကြေးမုံမြန်အောင်လုပ်မယ်။ အဲဒါ ကြေးမုံရဲ့ အစဉ်လာကောင်းပဲ။ ဆက်လက်ပြီး လက်ဆင့်ကမ်းသယ်ယူသွားပါ။

**ဦးရဲမြင့်ဖေ (အယ်ဒီတာချုပ်-ငြိမ်း)**

ကြေးမုံသတင်းစာဆိုတာ မြန်မာနိုင်ငံရဲ့ ခေတ်အမီဆုံးအရည်အသွေး အကောင်းဆုံးသတင်းစာဖြစ်တယ်။ အဲဒီသတင်းစာမှာ ဆရာတို့လည်း တစ်ချိန်က တစ်ခန်းတစ်ကဏ္ဍကပါဝင်ခဲ့တဲ့ ဝိုင်းတော်သားတွေဖြစ်ခဲ့တယ်။ ဒီနှစ် (၆၀) ပွဲမှာ ဆုတောင်းပေးချင်ပါတယ်။ အရင်ကြေးမုံရဲ့ အရည်အသွေးတွေကို ဆက်လက်ပြီးသယ်ဆောင်သွားနိုင်ပါစေ။ ပြီးတော့ ဆရာတို့မျှော်မှန်းတဲ့ သတင်းကောင်း၊ ဆောင်းပါးကောင်း၊ ကာတွန်းကောင်း၊ ဓာတ်ပုံကောင်း၊ တည်းဖြတ်မှုကောင်းကောင်း၊ ပုံနှိပ်အရည်အသွေးကောင်းကောင်းများဖြင့် ဆက်လက်တည့်တံ့နိုင်ပါစေ။

**ကာတွန်းဆရာငွေကြည်**






# ကြေးမုံသတင်းစာ
# နှစ် (၆၀) ပြည့်အထိမ်းအမှတ်
# အမှတ်တရဓာတ်ပုံမှတ်တမ်း









# နှစ် (၆၀) ပြည့်ကြေးမုံအတွက် မှတ်တမ်းစကားများ

တွေ့ဆုံမေးမြန်း - ဆုနှင်းလဲ့၊ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

**ဦးဖေမြင့်**
**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

နှစ် (၆၀) အထိအောင်မြင်စွာ ထူထောင်နိုင်ခဲ့တဲ့အတွက် ကြေးမုံစတင်ထူထောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရော ဆက်လက်ပြီးအကောင်အထည်ဖော်တဲ့ ပုဂ္ဂိုလ်တွေကိုပါ။ ချီးကျူးပါတယ်။ ဂုဏ်ယူပါတယ်။ ဆက်လက်ပြီးတော့လည်းကြေးမုံသတင်းစာအဓွန့်ရှည်တည်တံ့ပါစေ။ အများပြည်သူယုံကြည်အားကိုးသောသတင်းစာကြီးအဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးကျော်စိုး**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

ကျွန်တော်တို့ ကြေးမုံရဲ့ တည်ထောင်ဖန်တီးခဲ့ကြတဲ့၊ တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ မှတ်တမ်းစကားမှာလည်း ပြည့်ပြည့်စုံစုံပါပါတယ်။ သူတို့ရဲ့ ပြောဆိုသွားတဲ့၊ သွန်သင်သွားတဲ့၊ ချပြသွားတဲ့ဟာတွေကိုလည်း ကျွန်တော်တို့အနေနဲ့ ဆက်ပြီးတော့ ကြေးမုံသတင်းစာကြီးကို နှစ် (၆၀) မှသည် နှစ်ရာချီတိုင်အောင် တိုးတက်ပေါ်လွင်ဖို့အတွက် ကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် ပြည်သူ့အတွက်ကို ရှေးရှုပြီးဆောင်ရွက်သွားမယ်ဆိုတာ ပြောချင်ပါတယ်။

**ဦးခင်မောင်ကျော်ဒင်**
**အယ်ဒီတာချုပ်၊ ကြေးမုံသတင်းစာ**

နှစ် (၆၀) ပြည့်သွားတဲ့အခါမှာအရင်နှစ်ပေါင်း (၆၀)မှာ ဒီလိုခမ်းခမ်းနားနား မလုပ်ခဲ့ဖူးဘူး။ မီဒီယာတွေမှာ သက်တမ်းရှည်တာတွေမှာ ရွှေရတုတို့၊ ငွေရတုတို့ လုပ်ခဲ့ကြတယ်။ အရင်ကတော့ ရွှေရတုတုန်းက တစ်နိုင်တစ်ပိုင်လေး လုပ်ခဲ့တာရှိတယ်။ အခုကတော့ နှစ် (၆၀) ဆိုတော့ ဆရာတို့လည်း သက်တမ်းတစ်ခုရောက်ပြီဆိုတော့ ဖြစ်အောင်လုပ်လိုက်တာပေါ့။ ကြေးမုံသတင်းစာကတော့ အဓိကကတော့ လူငယ်၊ စီးပွားရေး၊ အသိပညာပေးရေး၊ အဓိကကတော့ နိုင်ငံတော်နဲ့ ပြည်သူအဓိကချပြပေးတာပေါ့။ နှစ် (၆၀) ပြည့်ပြီးတဲ့အခါမှာ အခုလောလောဆယ်မှာလည်း အကောင်းဆုံးတင်ဆက်နေပါတယ်။ အားနည်းချက်တွေရှိခဲ့တယ်။ အားနည်းချက်တွေကို ဖြည့်ဆည်းပြီး တင်ပြပုံနဲ့ အပြင်အဆင်ကို ပြောင်းဖို့ စီစဉ်ထားပါတယ်။ နှစ် (၆၀) မှာ သတင်းစာဆရာကြီးတွေရဲ့ ကျေးဇူးပါပဲ။ ဆရာအောင်ဗလ၊ ဆရာဇဝန၊ ဆရာစိန်ခင်မောင်ရီ၊ ဆရာဦးဝင်းတင်တို့ကစပြီး ဆရာ့ဆရာတွေရဲ့ကျေးဇူးကြောင့် ဒီ သတင်းစာကြီးကရှိတာပါ။ ဒီဘက်မျိုးဆက်သစ်တွေကနေလက်ဆင့်ကမ်းပြီး နှစ် (၁၀၀) တိုင်အောင် တည်တံ့ခိုင်မြဲအောင် ကြိုးစားသွားမှာပါ။

**ဟံသာဝတီဦးအုန်းကြိုင်**

အသက် (၈၉) နှစ်ရှိပါပြီ။ သတင်းစာလောကမှာလွတ်လပ်ရေးမရခင် ၁၉၄၅ ခုနှစ်ကတည်းက စတင်ခဲ့ပါတယ်။ ဒီနေ့ထက်အထိ Myanmar Press Council မှာ ပါဝင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ သတင်းစာလောကလုပ်လို့ကိုင်လို့ ကောင်းတဲ့အချိန်ပေါ့။ သတင်းတွေလည်း အင်မတန်တက်ကြွတဲ့အချိန်ကာလ။ နိုင်ငံရေးသတင်းတွေလည်း အင်မတန်တက်ကြွ၊ အပြောင်းအလဲတွေလည်း အင်မတန်ဖြစ်တဲ့ကာလမှာ ကြေးမုံစတာ။ ကြေးမုံသည် ကျွန်တော်တို့နောက်မှ ပေါ်ခဲ့ပေမယ့် သူက ကျွန်တော်တို့ထက် ရှေ့ဦးဦးသွားပါတယ်။ ကြေးမုံရဲ့ ဖွဲ့စည်းထားတဲ့ အယ်ဒီတာအဖွဲ့ထဲမှာ ပြန်ကြည့်မယ်ဆိုရင် ဒီနေ့ မျက်စိထဲ ပြန်မြင်နေတာ ဓာတ်ပုံသတင်းထောက် ရွှေမောင်ကြီး၊ အင်မတန်နာမည်ကြီးပါတယ်။ လက်ရာအင်မတန်ကောင်းအောင်၊ ပြောင်မြောက်အောင် ရိုက်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ (၆၃) ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲလာကြတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ ဆွေးနွေးပြီးတော့ တပ်လန်သွားတဲ့အချိန်၊ တပ်ခေါက်သွားပြီး ပြန်ကြတဲ့အချိန်မှာ ရွှေမောင်ကြီးရိုက်တဲ့ဓာတ်ပုံမှာ သူတို့တစ်တွေပြန်ကြလေပြီဆိုပြီး ခေါင်းစဉ်လေးနဲ့ ရဲဘော်ငွေးတို့အုပ်စုလုံချည်လေးတွေမပြီး ချောင်းကိုဖြတ်ကူးတဲ့ ဓာတ်ပုံ အင်မတန်အသက်ဝင်လှပါတယ်။ သမိုင်းမှာ မှတ်တမ်းတင်လောက်တဲ့ ဓာတ်ပုံမျိုး ဖြစ်တယ်။ အဲလိုဓာတ်ပုံတော်တော်များများကို သတင်းထောက်ရွှေမောင်ကြီး ရိုက်ခဲ့တယ်။ အလားတူ ကြေးမုံမှာလုပ်ခဲ့တဲ့ သတင်းထောက် မောင်သွင်အေး။ သူ့လက်ရာလေးတွေ ကောင်းတယ်။ ကြေးမုံဟာ စထွက်လာကတည်းက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ သတင်းတွေအသားပေးပြီး ပြည်သူကိုတင်ပြနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ကြေးမုံဟာ ကြေးမုံမှုံခဲ့ရတဲ့ ကာလရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီနေ့ ဒီမိုကရေစီခေတ်နဲ့အတူ ပြန်ပြီးရှင်သန်လာတာ တွေ့ရတယ်။

**ဟန်ဂေရီဦးကိုကြီး**
**စာတည်း (ငြိမ်း)၊ ကြေးမုံသတင်းစာ**

ကြေးမုံသတင်းစာက နှစ် (၆၀) ပြည့်မှာ ပုံသဏ္ဍာန်အမျိုးမျိုး၊ အပြောင်းအလဲအမျိုးမျိုးကို ကြုံကြုံခဲ့ပြီးတော့ ပုံသဏ္ဍာန်ပြောင်းပေမယ်လို့ ကြေးမုံရဲ့နာမည်က ပြည်သူလူထုကြားထဲမှာ ကြေးမုံတစ်စောင်တည်းပဲရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။ ကြေးမုံဟာ သတင်းပေါ်မှာ အခြေခံပြီးသတင်းပေါ်မှာ အားဖြည့်ပြီးတော့ ထုတ်ဝေပြီး ပြည်သူ့အကျိုးပြုထုတ်ဝေနေတဲ့ သတင်းစာတစ်စောင် ဖြစ်ပါတယ်။ အဲဒီသတင်းစာရေရှည်တည်တံ့ဖို့အတွက် အားလုံးဝိုင်းဝန်းပြီးတော့ ပျိုးထောင်သွားမှ ရေရှည်ခံမှာ။ ပြည်သူလက်ခံတဲ့ သတင်းစာတစ်စောင်ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ပြည်သူက ဘာကိုလိုတယ်။ ပြည်သူ့ရဲ့အကျိုးကို ဘယ်လိုဖော်ပြမလဲ၊ ဘယ်လိုထင်ဟပ်မလဲ၊ အဲလိုထင်ဟပ်တဲ့အပေါ် သတင်းစာရဲ့ဥပဓိရုပ်က ပေါ်လာတာပါပဲ။ ကြေးမုံသတင်းစာ ဒီထက်မက နှစ် (၁၀၀) တိုင်မက နှစ် (၁၀၀၀) အထိ တည်တံ့ပါစေ ဆုတောင်းပါတယ်။

**တက္ကသိုလ်မြတ်သူ**
**စာတည်းမှူးချုပ်ဟောင်း**

ကြေးမုံဟာ ၁၉၅၇ နှစ်ဆန်းတစ်ရက်နေ့မှာ ကြေးမုံရယ်၊ အထောက်တော်ရယ်၊ ပြည်တော်စိုးရယ် သုံးစောင်ပြိုင်ထွက်တယ်။ အဲဒီ ပြည်တော်စိုးမှာ အဘက သတင်းထောက်နဲ့ စလုပ်တာ။ အဘသတင်းစာသက်က ဒီနှစ်က (၆၀) ပြည့်တဲ့နှစ်ပဲ။ ကြေးမုံကတော့ ပုဂ္ဂလိက ကြေးမုံဦးသောင်း(အောင်ဗလ) စထုတ်တာ။ ကြေးမုံနဲ့ကတော့ နောက်ဆုံး ၁၉၆၁ ခုနှစ်လောက်ကနေ အနားယူတဲ့အထိ ကြေးမုံမှာပဲ တာဝန်ယူခဲ့တာပေါ့။ ကြေးမုံက လန်ဒန်ကထုတ်ခဲ့တဲ့ Daily Mirror လို ပေါ်ပြူလာသတင်းစာပေါ့။ လူကြိုက်များအောင် ခပ်သွက်သွက်ထုတ်တဲ့ သတင်းစာဖြစ်ခဲ့ပါတယ်။ သတင်းစာမှာ ရှေ့ဖုံး၊ နောက်ဖုံး နှစ်ဖုံးစနစ်ကို ကြေးမုံကစထွင်လိုက်တာ။ အော့ဖ်ဆက်ဆိုတဲ့ ခေတ်မီပုံနှိပ်စက်ကလည်း မြန်မာမှာတင်မဟုတ်ဘူး။ အာရှမှာတင် အကောင်းဆုံးစခဲ့တာ။ ဓာတ်ပုံတွေလည်း အသားပေးခဲ့တဲ့အတွက် လူကြိုက်များတယ်။ စောင်ရေလိုက်လာတယ်။ ကြော်ငြာတွေလိုက်လာတယ်။ နိုင်ငံပိုင်သတင်းစာခေတ်ကျတော့လည်း နိုင်ငံရဲ့တာဝန်ကို တော်တော်ကျေကျေပွန်ပွန် ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့ပါတယ်။

**ဦးမြင့်ဆွေ**
**စာတည်းမှူးချုပ်ဟောင်း**

ကြေးမုံ နှစ် (၆၀) ပြည့်မှာ အန်ကယ်က နှစ် ၂၀ နဲ့ သုံးလကြာခဲ့တယ်။ ကြေးမုံရဲ့ သက်တမ်းမှာ သုံးပုံတစ်ပုံပါဝင်ခဲ့တာပေါ့။ အရင်တုန်းကကြေးမုံက ပုဂ္ဂလိကပေါ့။ ဆရာအောင်ဗလ၊ ဆရာဇဝန၊ ဆရာစိန်ခင်မောင်ရီတို့လက်ထက်က ကြေးမုံက သွက်လက်ပြီးတော့ အဲဒီအချိန်က အစိုးရကထုတ်တဲ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာက စောင်ရေ တစ်သောင်းလောက်ထုတ်တဲ့အချိန်မှာ ကြေးမုံက စောင်ရေငါးသောင်းလောက်အထိ ထုတ်ရတယ်။ ၁၉၆၄ ခုနှစ်မှာ ပြည်သူပိုင် သိမ်းလိုက်တယ်။ ၁၉၈၈ ခုနှစ်အထိပေါ့။ နောက်ပိုင်း လေးနှစ်ကြာပြီး ၁၉၉၂ ခုနှစ်မှာ ပြန်ထွက်တယ်။ ပုဂ္ဂလိကပုံစံမျိုးလေး ပြန်ရတယ်။ ဒါပေမယ့် နှစ်နှစ်လောက်ပဲကြာတယ်။ မူလပုံစံမျိုးပဲ ပြန်ဖြစ်သွားတယ်။ ပုံစံကဘာလဲဆိုတော့ လူကြီးသတင်းတွေ ရှေ့မှာတင်တယ်။ အဲဒါက ပုံသေဖြစ်နေတယ်။ လူကြီးသတင်းဆိုရင် ရှေ့မှာကော်လံပြည့်ပုံကြီးနဲ့ လူတွေက ရိုးလာတယ်။ အခုက ၂၀၁၅ ခုနှစ်မှာ အစိုးရသစ်ပြောင်းသွားတယ်။ ဒီမိုကရေစီလမ်းစပေါ်ရောက်လာတယ်။ အဲဒီအခါမှာ သတင်းစာတွေဟာ အသွင်သဏ္ဍာန်ပြောင်းလဲသွားတယ်။ ပြည်သူကိုဗဟိုပြုတဲ့၊ ရှေးရှုတဲ့ အပြင်အဆင်နဲ့ ဒီအခြေအနေကနေပြီးတော့ တစ်ဆင့်တက်ပြီးတော့ ပြည်သူဖတ်ချင်တဲ့ ဆောင်းပါးတွေ၊ သတင်းတွေ၊ အခုလည်း စုံပါတယ်။ အဲဒီဟာကို အခြေပြုပြီး ဒီထက်တိုးပြီး သတင်းကောင်းလေးတွေ တင်ဆက်သွားမယ်ဆိုရင် တာဝန်ကျေတဲ့ သတင်းစာတစ်စောင်ဖြစ်မှာပါ။

**ဆရာကြည်မင်း**

နှစ် (၆၀) မှာ အမှတ်တရကတော့ ဆရာဦးသော်(ကြေးမုံဦးသော်)နဲ့ ပြန်ဆုံရတာအမှတ်တရပါပဲ။ ဆရာဦးသော်နဲ့က သောင်းပြောင်းထွေလာမဂ္ဂဇင်းထုတ်တုန်းက အထောက်တော်လှအောင်ရယ်၊ ဆရာဇဝနရယ်၊ ဆရာဦးညိုမြရယ်၊ မောင်သော်ကကြီးရယ်၊ ဦးကိုယုရယ် ညနေဆိုအမြဲတမ်းဆုံဖြစ်တယ်။ ဦးသော်က အသက် (၉၄) နှစ်ဆိုတော့ အတော်အိုသွားတယ်။ သတင်းသမားထဲမှာ ဦးအုန်းကြိုင် (၈၉) နှစ်ကို ကြီးလှပြီထင်နေတာ။ ဦးသော်က ကြေးမုံတည်ထောင်သူထဲမှာပါတယ်။ ဒီလိုဆရာတွေနဲ့ ပြန်ဆုံရတာဝမ်းသာပါတယ်။ အခုဆို ဆရာဇဝနလည်းမရှိဘူး။ ဆရာဦးညိုမြ၊ ဦးကိုယု၊ မောင်သော်ကမရှိတော့ဘူး။ အဲဒီဝိုင်းမှာဆိုရင် ဆရာနဲ့ဆရာဦးသော်ပဲရှိတော့တယ်။

**ဦးမော်လင်း**

ကြေးမုံက နှစ် (၆၀) ပြည့်သွားပြီ။ ကြေးမုံသတင်းစာဟာ မြန်မာပြည်သူလူထုအပေါ်မှာ အလွန်ဩဇာကြီးတဲ့ သတင်းစာတစ်စောင်ဖြစ်တယ်။ အထူးသဖြင့်တော့ သတင်းစာတွေမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ သိပ်အရေးကြီးတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာရှိခဲ့တဲ့အချိန် အကုန်လုံးမှာ ကြေးမုံသတင်းစာဟာ ပြည်သူလူထုက အားပေးတာ၊ ထောက်ခံတာ၊ နှစ်ခြိုက်တာဆိုတဲ့ဟာကို ရခဲ့တယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိတာဟာလည်း သတင်းစာအတွက် အရေးကြီးတယ်လို့ ပြောချင်တာပါ။ အဲဒီကာလတစ်လျှောက်လုံးမှာ ပြည်သူလူထုက ချစ်ခင်မြတ်နိုးတာကို ရရှိခဲ့တယ်ဆိုတော့ ရှေ့ခရီးမှာလည်း နှစ် (၆၀) ပြည့်ခဲ့ပြီ။ ဩဇာကြီးခဲ့တဲ့ သတင်းစာအဖြစ် ပြန်ရောက်ဖို့ အားယူတာစူတယ်လို့ မြင်တယ်။ ပြည်သူလူထုကလည်း အခုဆို အားပေးတယ်လို့မြင်တယ်။ ရှေ့ခရီးအတွက်ကတော့ ကြေးမုံဟာ အစိုးရသတင်းစာလို့ ဘယ်လိုပဲပြောပြောလွတ်လပ်တဲ့ ကိုယ်ပိုင်အယူအဆရှိတဲ့ သတင်းစာရဲ့ ကိုယ်ပိုင်မူနဲ့ ကိုယ်ပိုင်အာဘော်နဲ့ ကိုယ်ပိုင်လွတ်လပ်တဲ့ တင်ပြမှုပုံစံရှိမယ်ဆိုရင် ကြေးမုံက ဆက်အောင်မြင်မယ်လို့ မြင်ပါတယ်။ အဲလိုဖြစ်ပါစေလို့လည်း ဆုတောင်းပါတယ်။ ။

**နိုင်ငံပိုင်သတင်းစာခေတ်ကျတော့လည်း နိုင်ငံရဲ့တာဝန်ကို တော်တော်ကျေကျေပွန်ပွန် ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့ပါတယ်။**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်


ဦးကျော်စိုး (ဦးဆောင်ညွှန်ကြားရေးမှူး)


ဟံသာဝတီဦးအုန်းကြိုင်


တက္ကသိုလ်မြတ်သူ


ဦးမော်လင်း


ဆရာကြည်မင်း


ဟန်ဂေရီဦးကိုကြီး

# ပြည်သူချစ်သော ကြေးမုံအတွက် ပြည်သူကပြောသောစကားများ

တွေ့ဆုံမေးမြန်း – ခင်ဇာလီ၊ ဓာတ်ပုံ – ခင်မောင်ဝင်း(ကြေးမုံ)

သတင်းစာများသည် သမိုင်းကိုပြောနေကြပါ၏။ နိုင်ငံအသီးသီး၏ ခေတ်စနစ်အသီးသီးများအကြား ဖြတ်သန်းခဲ့သည့်ပုံရိပ်များကို သတင်းစာများတွင် မြင်တွေ့နိုင်ကြပေသည်။ ကြေးမုံသတင်းစာသည် မြန်မာ ပြည်သူများအကြား နှစ် (၆၀) တိုင် ပျံ့နှံ့ခဲ့ကာ မြို့ကြီးပြကြီးများမှသည် ကျေးလက်တောရွာများအထိ ဖတ်ရှုသူများနှစ်ခြိုက်စွဲမက်ခဲ့သည့် ပုံနှိပ်မီဒီယာတစ်ခုအဖြစ် ရပ်တည်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ဆက်လက်ပြီးလည်း တိကျမြန်ဆန် သတင်းမှန်များဖြင့် ပြည်သူလူထု၏အကျိုးကိုသယ်ပိုးလျက် ရှေ့ခရီးသို့ အားမာန်အပြည့်နှင့် ချီတက်နေဦးမည်။

သို့ရာတွင် ကြေးမုံသတင်းစာ၏အောင်မြင်မှုအတွက် ကဏ္ဍအသီးသီးမှ လိုအပ်ချက်များကို ပြည်သူများ၏ စကားသံများဖြင့် ဖြည့်တင်းနိုင်ရန်မှာ အဓိကကျလှသည်ဖြစ်ရာ ပြည်သူများ၏စကားသံများကိုဖော်ပြရင်း ပြည်သူချစ်သော ကြေးမုံသည် နှစ်ကာလများရှည်ကြာစွာ မြန်မာပြည်သူများနှင့်အတူ အခွန့်ရှည်တည်တံ့နေဦးမည်သာ ဖြစ်ပေသည်။

**ဦးလှမြင့်**
**(အငြိမ်းစား မီးရထားဝန်ထမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း)**

သတင်းစာမှာ အကြိုက်ဆုံးက YBS နဲ့ ပတ်သက်တဲ့သတင်းတွေ၊ ဆောင်းပါးတွေကို သဘောကျတယ်။

ပြီးတော့ စာအုပ်ပွဲတော်၊ ဟောပြောပွဲနဲ့ ပတ်သက်တဲ့သတင်းတွေကို ဖော်ပြတော့ လူငယ်တွေအတွက် ကောင်းတယ်ဗျာ။ ဒါပေမယ့် ဖြစ်နိုင်ရင် အားကစားသတင်းတွေ၊ လက်ဝှေ့သတင်းပွဲတွေကို ထည့်ပေးစေချင်တယ်။ မကြည့်လိုက်ရတဲ့အခါမျိုးမှာ မနက်ဆို သတင်းစာမှာပါမလားဆိုပြီး အပြေးဝယ်ဖတ်တာပဲ။ ပြီးတော့ ဒီနေ့ပါတဲ့ ဆယ်ကျော်သက်အဝေးမှုန်ဆို တော်တော်ကောင်းတာ။ နာရေးကတော့ မဖတ်မဖြစ်ဖတ်တယ်။ ကျွန်တော်တို့ကျတော့ စာဖတ်တာဆိုတော့ ကြော်ငြာများတာမကြိုက်ဘူးဗျာ။ ကြေးမုံဖတ်လာခဲ့တဲ့ သက်တမ်းကလည်းကြာပြီဆိုတော့ နှစ် (၆၀) ပြည့်ကနေ ဆက်လက်အားပေးနေမှာပါ။

**မသီတာ**
**(သတင်းစာကိုယ်စားလှယ်၊ ရွှေဂုံတိုင်)**

ကြေးမုံက မနက်ဆို ဆိုင်မှာမရှိတော့ဘူး။ အစ်မက ဖောက်သည်အဓိကပေးတော့ ဆိုင်ရောင်းဖို့ ၂၀ လောက်ပဲချန်ထားတော့ ၇ နာရီလောက်ဆို အားလုံးကုန်သွားပြီ။ အစ်မက တိုက်ကနေ တစ်နေ့ကို စောင်ရေ ၁၈၀၀ ကျော်လောက်ယူတယ်။ လျော့တယ်တော့မရှိဘူး။ တဖြည်းဖြည်း တိုးယူလာရတာပဲရှိတယ်။

ကြေးမုံကဈေးသက်သာပြီး ဖတ်တဲ့သူတွေက ကြော်ငြာများတော့ ယူကြတယ်လေ။ အရင်တုန်းကဆိုစက်ကပျက်လိုက်နဲ့ နောက်ကျတယ်။ အခုဆို အစောကြီးရတော့ အဆင်ပြေတာပေ့ါ။ သတင်းစာတွေအားလုံးကတော့ သူ့ပရိသတ်နဲ့သူပေ့ါ။

**မျိုးမင်းသိန်း**
**(သတင်းစာဖြန့်ချိသူ )**

ကျွန်တော် သတင်းစာ ဖြန့်တာ နာဂစ်စဖြစ်ကတည်းက ပို့တာဆိုတော့ ၁၀ နှစ်လောက်ရှိပြီ။

ကြေးမုံက ယူတဲ့သူ တဖြည်းဖြည်း စောင်ရေ လျော့တော့ မလျော့ဘူး။ တက်လာတယ်။ အခုဆို တစ်နေ့ကို စောင်ရေ ၁၅၀ နီးပါးပို့နေရတယ်။ ကြေးမုံက အများဆုံးပို့ရတာပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ ကြေးမုံက ကြော်ငြာအားကောင်းတယ်လေ။ နောက်ပြီးတော့ အရင်လိုနောက်မကျတာ တစ်နှစ်ခွဲနီးပါးလောက်ရှိပြီဆိုတော့ အစောကြီး သတင်းစာကရတယ်။ မစောင့်ရတော့ စောစောစီးစီး သတင်းစာပို့နိုင်တယ်။ ဒါကြောင့် ကြေးမုံ နှစ် (၆၀) ပြည့်ကနေ ဆက်လက်တည်ရှိနေပါစေ။

**ဦးအောင်ထွန်းလင်း**
**(ဆိုက်ကားဆရာ)**

ကြေးမုံကို ဟိုးမဆလခေတ်ကတည်းက ဖတ်လာခဲ့တာ။ အခုကျတော့ အရင်ထက်စာရင် သတင်းတွေက ပွင့်လင်းလာတယ်။ ပေါ်ပေါ်ထင်ထင်လည်း ရေးလာတော့ ဖတ် လို့ ပိုကောင်းတယ်။ ခေတ်နဲ့စနစ်နဲ့ ညီလာတယ်လို့မြင်တယ်။ တချို့ကဏ္ဍလေးတွေဆို လူငယ်တွေအတွက် ဗဟုသုတလည်းပေးတယ်။

သတင်းတွေကတော့ နယ်စုံကနေပါတာ တွေ့ရပေမယ့် မှုခင်းသတင်းတွေတော့ ပါလာတာ နည်းသေးတယ်လို့မြင်တယ်။ အကျယ်တဝင့်လေးပါစေချင်တယ်။ ပရီးမီးယားလိဂ်ဘောလုံးအားကစားသတင်းတွေလည်း ပိုပြီးဖတ်ချင်တယ်။ ကြေးမုံက ဖြတ်သန်းလာတဲ့ ခေတ်ကလည်း စုံလင်တယ်လေ။ နှစ် (၆၀) လည်း ပြည့်ခဲ့ပြီဆိုတော့ ဆက်လက်ပြီး အောင်မြင်တဲ့သတင်းစာကြီးအဖြစ် မြင်ချင်ပါတယ်။ ။


ဦးလှမြင့်။


မသီတာ


မျိုးမင်းသိန်း


ဦးအောင်ထွန်းလင်း

## နှစ် (၆၀) မှသည် . . .

❖ ပြည်သူ့အသံအမှန်စကားသာ
အားခဲလို့ပုံရိပ်ဖော်
ရှုမျှော်ကာ အနာဂတ်စခန်းကို
ကမ်းလင့်လို့တွဲလက်ကူ
တို့ပြည်သူနှင့်အတူ
ညီတူစွာလက်တွဲ မြန်းကြအောင်ပွဲ။

❖ ခေတ်စနစ်ကို
ပုံရိပ်စစ်နဲ့ပြန်ကြား
မနားမနေခဲ့ပါဘူး
အများသွေ့ဖို့ရာရည်စူး
ကြည်နူးမှုရသစုံလင်တယ်
ခံ့မင်ဖွယ် ကဗျာ၊ ကာတွန်း၊ သုတတွေနဲ့
သုခမသဘင်ပမာဆင်ယင်လို့
အစဉ်ကြိုးစားကာခရီးနှင်ခဲ့။

❖ မျိုးဆက်သစ်မှာ ကြည့်စမ်းပါလော့
စာပေအညွန့်ဖူးလေးများကို
မြေတူးပေါင်းသင်
အစဉ်အမြဲ စေတနာဖွဲ့ဖြင့်
လက်တွဲစင်တင် စာပေ့ဝန်။

❖ သြော် . . .
နှစ် (၆၀) စာပေခရီးမှာ
မငြီးခဲ့ရှာဘူး
နေ့စဉ်မပျက်အောင်ပ
ဟင်းတစ်ခွက်နှင့်
တင်ဆက်လာသူ့ခရီး
ရှုရမငြီး။

**မြတ်မင်း(ခြံကြီး)**
(နှစ် (၆၀) ပြည့် ကြေးမုံသတင်းစာသို့ ဝှက်ပြုသည်)




## ကြေးမုံသတင်းစာ

● အနှစ်(၆၀)ဆိုတာ
မှန်လို့ခိုင်တာ
ခိုင်လို့မကြွေမပျက်တာ
မပျက်လို့ ယနေ့အထိတည်ရှိနေတာ။

● နိုင်ငံရေး လူမှုရေး
ဘာသာရေး စီးပွားရေး
သမိုင်းဟောင်းမှ သမိုင်းသစ်
ထမ်းရွက်ခဲ့တဲ့လမ်းတစ်လျှောက်
မမိုတ်မသုန်အားခဲခဲ့လို့
ယနေ့ အနှစ် (၆၀) မှာ
တိကျမှန်ကန်တဲ့ သတင်းစာ
အနှစ်ရှည်ကြာတဲ့ သတင်းစာ
ပြည်သူ့ဘက်သား သတင်းစာ
ပြည်သူချစ်သော သတင်းစာ
ရေပန်းစားသော သတင်းစာဖြစ်ခဲ့။

● နေ့စဉ်ထုတ်သတင်းမို့
နေ့စဉ်တိုင်း ရင်ခုန်စရာ
သတင်းရှင် ဆောင်းပါးရှင်
ဝတ္ထုရှင် ကာတွန်းရှင်
ကဗျာရှင် အားကစားရှင်
ကြော်ငြာရှင်
ကလောင်ရင့် ကလောင်သစ်တွေနဲ့
ဝေဝေဆာဆာပျော်စရာ
တစ်ဖန်
ရင်ခုန်ကြည်နူးစရာ မျိုးဆက်သစ်ရင်ပြင်က
နွေးထွေးစွာဖိတ်ခေါ်
ကလောင်သစ်တွေရဲ့ တေးသွား
အသက်ရင့်ရင့် (၆၀) ကြီးက
ကြင်နာဖေးမ မြေတောင်မြှောက်နားဆင်ရင်း
ပြည်သူချစ်တဲ့ ကြေးမုံသတင်းစာ
အနှစ် (၆၀) မှ နောင်အနှစ်များစွာတိုင်
ခိုင်ခံ့တည်တံ့ အကျိုးဝေပါစေသား။

**ဟိဏ်းဦးဆည်(တန့်ဆည်မြေ)**

## 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၂၉ - ၄ - ၂၀၁၇ မှ ၅ - ၅ - ၂၀၁၇ အထိ)

Vol.2 No-16

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်
01-230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်
01-230 6166

# နှစ်သစ်ဆုတောင်း

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး
ကျန်းမာရွှင်လန်း၍ တိုးတက်ကြီးပွားအောင်မြင်ပါစေကြောင်း
**Forever Group** မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

FOREVER GROUP

MRTV-4 Channel7

Forever Blossom MMDC FOREVER BEC-TERO MOL MYANMAR ONLINE CO., LTD.

MEDIA KABAR Index Creative Village Taurus V fg Talent Center MEP Jack Sound System JSS TV GUIDE Mandalay FM pyone play

4TV နှင့် TV 5 NETWORK
ပြောင်းလဲမှုအသစ်
New

စက်ဈေးနှုန်း အသစ်
~~45,000~~ 39,900 KS

HD RECEIVER CO3000HD KAON

Package ဈေးနှုန်း အသစ်

| Basic Package | Sports Package | HD Package |
|---|---|---|
| ၄၅၀၀ ++ ကျပ် | ၅၄၀၀ ++ ကျပ် | ၇၅၀၀ ++ ကျပ် |

4TV ၏ ကိုယ်ပိုင် ရုပ်သံလိုင်းများ
5 NETWORK ရုပ်သံလိုင်းများ
HD ရုပ်သံလိုင်းများ
နိုင်ငံတကာ ရုပ်သံလိုင်းများ

4TV Hotline 01-2306166 www.4tv.com.mm /4tvmyanmar

4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

